စိတ်ကူးချိုချိုအနုပညာ



# သိပ္ပံမောင်ဝ

## ခေတ်စမ်းစာပေအထွေထွေ

တတိယအကြိမ်

ခေတ်စမ်းစာပေ

အတွေတွေ

သိပ္ပံမောင်ဝ

TPMW0002

3,700.00 KS

mgyoe.com

ခေတ်စမ်းစာပေအတွေ့တွေ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၀၈၃၀၁၁၀ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၁၂၁၀၂၁၀ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်း ဓ.ဒ.ဝ ပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ရန်ကင်း၊ ရန်ကုန်တို့က တတိယအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၀ ပြည့်နှစ်၊ မေလတွင် တန်ဖိုး ၃၇၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် ကိုမြင့်

ဂ၀ဂ•ဂဂ

မောင်ဝ၊ သိပ္ပံ

ခေတ်စမ်းစာပေအတွေ့တွေ / သိပ္ပံမောင်ဝ ။ - ရန်ကုန်။ စိတ်ကူးချိုချိုစာပေ၊ ၃ ကြိမ်၊ ၂၀၁၀။

စာမျက်နှာ ၃၃၈ မျက်နှာ၊ ၁၃•၂ စင်တီ× ၂၀•၅ စင်တီ

(၁) ခေတ်စမ်းစာပေအတွေ့တွေ

mgyoe.com

mgyoe.com

# မာတိကာ


– ပထမအကြိမ်ထုတ်ဝေခြင်းမှတ်ချက် ၅
– သိပ္ပံမောင်ဝ အမည်ခံ ဦးစိန်တင် အတ္ထုပ္ပတ္တိ ၉
– သိပ္ပံမောင်ဝ ခေတ်စမ်းသမား မဖြစ်မီက စာတမ်း ၂၃
၁။ ယူနီဗာစတီ ဘွိုင်းကောက် ၃၂
၂။ အမျိုးသားနေ့ ၄၀
၃။ ခေတ်စမ်းကဗျာ (နံပါတ် ၁) ၄၃
၄။ ခေတ်စမ်းကဗျာ (နံပါတ် ၂) ၄၈
၅။ ခေတ်စမ်းကဗျာ (နံပါတ် ၃) ၅၃
၆။ ခေတ်စမ်းကဗျာ (နံပါတ် ၄) ၅၈
၇။ ခေတ်စမ်းကဗျာ (နံပါတ် ၄ က) ၆၃
၈။ ခေတ်စမ်းကဗျာ (နံပါတ် ၄ ခ) ၆၈
၉။ ခေတ်စမ်းပုံပြင်များ (သမိုင်း) ၇၃
၁၀။ ခေတ်စမ်းပုံပြင်များ (ဝါကျတိုရှည်ကိစ္စ) ၇၇
၁၁။ ကပြားစာပေ ၈၁
၁၂။ ခေတ်စမ်းစာပေ ၈၆
၁၃။ စကားပလဗ္ဗာ (ဦးစိန္တာ) ၉၂
၁၄။ စကားပလဗ္ဗာ ဦးစိန္တာ (မူကွဲ) ၉၄
၁၅။ ခေတ်စမ်းစာပေ (အယ်ဒီတာ့ထံပေးစာ) ၉၆
၁၆။ ခေတ်စမ်းစာပေ (ဦးစိန္တာသို့) ၉၈
၁၇။ ခေတ်စမ်းစာပေ (ဆုံးဖြတ်ချက်) ၉၉
၁၈။ ခေတ်စမ်းစာပေ (ရန်ကုန်တက္ကသိုလ်ကို ချိုးလိုသူများသို့) ၁၀၅
၁၉။ ခေတ်စမ်းစာပေ (ဆုံးဖြတ်ချက်) ၁၀၉


mgyoe.com

mgyoe.com




၂၀။ ခေတ်စမ်းစာပေ (ကိုစည်သူ သို့) ၁၁၁

၂၁။ ခေတ်စမ်းစာပေ (ပေးစာ ၁) ၁၁၇

၂၂။ ခေတ်စမ်းစာပေ (ပေးစာ ၂) ၁၁၉

၂၃။ ခေတ်စမ်းစာပေ (ပေးစာ ၂ မှုကွဲ) ၁၂၁

၂၄။ ကာလပေါ် ဝတ္ထုများ (သမိုင်း) ၁၂၃

၂၅။ ဝတ္ထုများ ၁၂၈

၂၆။ ကောလိပ်ကျောင်းသားဝတ္ထု (ဝေဖန်စာ) ၁၃၃

၂၇။ သူရဲကောင်းသုံးယောက် (ဝေဖန်စာ) ၁၃၆

၂၈။ သူရဲကောင်းသုံးယောက် (ဝေဖန်စာ မှုကွဲ) ၁၃၈

၂၉။ ရာမဝတ္ထု (ဝေဖန်စာ) ၁၄၀

၃၀။ ယိုးဒယားနှင့် ဆင်ဖြူရယ်ဝှက် (ဝေဖန်စာ) ၁၄၄

၃၁။ မြန်မာဝတ္ထု အဆင့်အတန်း ၁၄၈

၃၂။ မဟာဆန်ချင်သူ (ဝေဖန်စာ) ၁၅၃

၃၃။ မြန်မာပြဇာတ်များ (သမိုင်း) ၁၅၇

၃၄။ ကာလပေါ် မဂ္ဂဇင်းများ ၁၆၃

၃၅။ မဂ္ဂဇင်းများ ၁၆၈

(က) သူရိယမဂ္ဂဇင်း (ဝေဖန်စာ) ၁၆၉

(ခ) ဂန္ဓလောက (ဝေဖန်စာ) ၁၇၃

(ဂ) တက္ကသိုလ်မဂ္ဂဇင်း (ဝေဖန်စာ) ၁၇၆

၃၆။ အရက်သမား ဦးဖိုးကျား (အယ်ဒီတာ့ထံပေးစာ) ၁၈၂

၃၇။ ရန်ကုန်တွင် ရှေးဦးစွာထုတ်ဝေသော လောကီသုတပညာ သတင်းစာ ၁၈၅

၃၈။ သူရိယသတင်းစာ ၁၉၀

၃၉။ မြန်မာ့ဂီတ ၁၉၇

၄၀။ မြန်မာ့ပန်းချီပညာ (သမိုင်း) ၂၀၁

၄၁။ မြန်မာ့ပန်းချီပညာ (မှုကွဲ) ၂၀၆

၄၂။ ဆရာဇော်နှင့် ဆရာညဏ် ၂၁၁

၄၃။ ဣတ္ထိယ (ဝေဖန်စာ) ၂၁၅

၄၄။ စိန်ရောင်ခြည် (ဝေဖန်စာ) ၂၁၉

၄၅။ အီတလီသွား မှတ်တမ်း ၂၂၃


mgyoe.com

mgyoe.com



၄၆။ ဦးပုညနှင့် အင်္ဂရိတ် မေတ္တာစာ (စုံစမ်းချက်) ၂၃၀
၄၇။ မှတ်တမ်းပြိုင်ပွဲနှင့် ပြိုင်ပွဲ အစီရင်ခံစာ ၂၃၆
၄၈။ အစမ်းစာပြိုင်ပွဲ အစီရင်ခံစာ ၂၃၉
၄၉။ ဝေဖန်စာပြိုင်ပွဲ အစီရင်ခံစာ ၂၄၁
၅၀။ ကျောင်းသုံးစာအုပ် ၂၄၃
၅၁။ စာအုပ်အသင်း ၂၄၆
၅၂။ မြန်မာစာစီစာကုံး (နံပါတ် ၁) ၂၅၀
၅၃။ မြန်မာစာစီစာကုံး (နံပါတ် ၂) ၂၅၄
၅၄။ ပုဂံဝန်ထောက်မင်း (အတ္ထုပ္ပတ္တိ) ၂၅၈
၅၅။ ဦးကျော်ဒွန်း (အတ္ထုပ္ပတ္တိ) ၂၆၃
၅၆။ တက္ကသိုလ်ဆရာကြီးဦးပွား (အတ္ထုပ္ပတ္တိ) ၂၆၇
၅၇။ ပါမောက္ခဦးဖေမောင်တင် (အတ္ထုပ္ပတ္တိ) ၂၇၁
၅၈။ ဇဝန (အတ္ထုပ္ပတ္တိ) ၂၇၅
၅၉။ စန္ဒရားကိုကျော် (အတ္ထုပ္ပတ္တိ) ၂၇၈
၆၀။ ခေတ်စမ်းဆရာ ၁ (ဆရာဦးသာမောင်) ၂၈၁
၆၁။ ခေတ်စမ်းဆရာ ၂ (မြို့အုပ်မင်း) ၂၈၄
၆၂။ ခေတ်စမ်းဆရာ ၃ (ပုလိပ်မင်း) ၂၈၉
၆၃။ ခေတ်စမ်းဆရာ ၄ (တိုင်းပြည်ခေါင်းဆောင်) ၂၉၄
၆၄။ ရှေးခေတ်ပညာတော်သင် ၂၉၉
၆၅။ ခြင်းကစားခြင်း (ဖိုးခတ်ချင်သို့) ၃၀၁
၆၆။ ခြင်းလုံး ၃၁၁
၆၇။ ကျေးလက်ပြုပြင်ရေး (သိပ္ပံမောင်ဝသို့) ၃၁၅
၆၈။ မိဘများသို့ မေတ္တာလက်ဆောင် ၃၂၂
၆၉။ ဘုရားပွဲနှင့် ပတ်သက်သော စိမံချက်များ ၃၂၇
၇၀။ ပြန်၍ကြည့်သော် ၃၃၀
၇၁။ ခေါင်းကြီးပိုင်း ၃၃၃
၇၂။ စာစွဲခြင်း ၃၃၆

■

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ပထမအကြိမ်ထုတ်ဝေခြင်း
# မှတ်ချက်

> မောင်မြသွင် ................. က စာပေဝေဖန်သူ သက်သက်ဖြစ်လေသည်။ Critic ဆိုပါတော့။ မောင်ဝကလည်း Novelist ဝတ္ထုဆရာ။ တင်မောင်မြင့်ကတော့ လမ်းညွှန်ဆရာ Essayist။ သူ့နေရာနှင့် သူ့နေရာကိုး။

ဟူ၍ ဦးစိန်တင်သည် ၁၊ ၈၊ ၃၃ နေ့စွဲပါ သူ့စာတစ်စောင်တွင် ရေးလိုက်ကြောင်းကို မြန်မာ့စွယ်စုံစမ်းကျမ်း 'ဦးစိန်တင်' အခန်း၌ ဖတ်ရပါသည်။ ဦးစိန်တင်သည် ဤကလောင်အမည် ၃ မျိုးကိုမျှမက ခံယူခဲ့သည်။ ဤအကြောင်းရပ် ၃ မျိုးကိုမျှမက ရေးခဲ့သည်ကို ကျွန်ုပ်တို့ ကြားဖူးပါသည်။ ယခုအခါတွင်ကား သူခံယူခဲ့သော ကလောင်အမည် အများကို ကျွန်ုပ်တို့ တွေ့ရပြီ။ သူ ရေးခဲ့သော အကြောင်းရပ် အများကို ကျွန်ုပ်တို့ တွေ့ရပြီ။ မည်သို့ တွေ့ရပါသနည်း။

၁၉၃၃ ခု၊ ၃၄ ခု၊ ၃၅ ခုနှစ်တို့တွင် ရေးခဲ့သော စာများ၏ (ဖူးစကက်စက္ကူနှင့်) လက်ခံစာမူများကို ဦးစိန်တင်သည် စုပေါင်းချုပ်လုပ်ကာ အနှောင့်၌ 'အထွေထွေ၊ ဒုတိယတွဲ၊ ဦးစိန်တင်၊ အိုင်စီအက်' ဟူ၍ ရွှေစာလုံး ထိုးထားသော စာအုပ်ကြီးတစ်အုပ်ကို ဒေါ်ခင်သန်းမြင့် (ဦးစိန်တင်၏ဇနီး) ထံတွင် ကျွန်ုပ်တို့ တွေ့ရပါသည်။ ယင်းစာအုပ်ကို ကျွန်ုပ်တို့ လေ့လာကြည့်သည်။ ဤသို့ လေ့လာကြည့်ခြင်းအားဖြင့် ဦးစိန်တင်၏ အခြား ကလောင်အမည်များနှင့် အခြား အကြောင်းရပ် အရေးအသားများကို တွေ့ရခြင်း ဖြစ်ပါသည်။

ဤအထွေထွေ စာအုပ်ပါ လက်ခံစာမူများတွင် ဦးစိန်တင်သည် ကြိုးကြား ကြိုးကြား ကလောင်အမည် ရေးထိုးခဲ့ပါသည်။ ယင်းတို့ကို ကောက်ယူလိုက်သောအခါ အချုပ်အားဖြင့် (၁) မောင်မြသွင်၊ (၂) မောင်လှမောင်၊ (၃) မောင်မောင်၊ (၄) ဦးဇာသလ၊ (၅) မောင်ခကျေး၊ (၆) သတင်းစာဖတ်သူတစ်ဦး၊ (၇) မောင်ကကြီး၊

mgyoe.com

mgyoe.com



(၈) မောင်ယပလက်၊ (၉) ဦးသက္က၊ (၁၀) မောင်သိန်းဖေ၊ (၁၁) မဏိ၊ (၁၂) ဝတ္ထုဆရာတစ်ဦး၊ (၁၃) အမှန်ကြိုက်သူ၊ (၁၄) ဦးသာမောင်၊ (၁၅) ဘိလပ်ပြန်၊ (၁၆) ခေတ်စမ်းမောင်၊ (၁၇) ခြင်းသမားသခင်၊ (၁၈) မောင်လူအေး၊ (၁၉) ခင်ခင်ထွေး ဟူ၍ ၁၉ မျိုး တွေ့ရပါသည်။ ဤ ၁၉ မျိုးတွင် 'မောင်မြသွင်' နှင့် 'မောင်လူအေး' တို့ကို လူသိများပါသည်။ 'မောင်ကကြီး'၊ မောင်ခကွေး၊ 'မောင်ယပလက်၊ 'မဏိ' တို့ကို ဦးစိန်တင်၏ ရင်းနှီးသော မိတ်ဆွေများ သိကြပါသည်။ ကျန်အမည်တို့ကိုကား မည်သူမျှ သိပုံမပေါ်ပါ။ ဦးစိန်တင် ကိုယ်တိုင်ပင်လည်း မှတ်မှ မှတ်မိပေမည်။ 'သိပ္ပံမောင်ဝ' အမည် မပါသည်မှာ အထက်တွင် ကျွန်ုပ်တို့ တင်ပြခဲ့သည့်အတိုင်း မောင်ဝမှာ ဝတ္ထုဆရာ ဖြစ်သောကြောင့် ဖြစ်ပုံရပါသည်။ သို့သော်လည်း ဤ 'ခေတ်စမ်းစာပေ အထွေထွေ' တွင် ခေတ်စမ်းပုံပြင်ခေါ် ဝတ္ထုမျိုး မပါဟူ၍ကား မဆိုနိုင်ပါ။ 'ခေတ်စမ်းဆရာ' ခေါ်သည့် စာ ၄ ပုဒ်သည် ဝတ္ထုများပင် ဖြစ်နိုင်ပါသည်။ ယင်းတို့ကို 'သိပ္ပံမောင်ဝ' ဟူ၍ အဘယ်ကြောင့် လက်မှတ်မထိုး ခဲ့သည်ကို မသိရပါ။

အကြောင်းအရပ်များကို ကြည့်ပြန်သော (၁) ယူနီဗာစီတီ ဘွိုင်ကောက်နှင့် အမျိုးသားနေ့၊ (၂) ခေတ်စမ်းစာပေ၊ (၃) ဝတ္ထု၊ (၄) ပြဇာတ်၊ (၅) မဂ္ဂဇင်း၊ (၆) သတင်းစာ၊ (၇) ဂီတ၊ (၈) ပန်းချီ၊ (၉) ရုပ်ရှင်၊ (၁၀) မှတ်တမ်း၊ (၁၁) ရှေးစာပေ၊ (၁၂) စာပေပြိုင်ပွဲ၊ (၁၃) ကျောင်းသုံးစာအုပ်၊ (၁၄) စာအုပ်အသင်း၊ (၁၅) စာစီစာကုံး၊ (၁၆) အတ္ထုပ္ပတ္တိ၊ (၁၇) ခေတ်စမ်းဆရာ၊ (၁၈) ပညာတော်သင်၊ (၁၉) ခြင်းလုံး၊ (၂၀) ကျေးလက်ပြုပြင်ရေး၊ (၂၁) ကလေးသူငယ်၊ (၂၂) ဘုရားပွဲ ဟူ၍ မြန်မာ့ မျက်မှောက်ဘဝနှင့် များစွာ အကျိုးဝင်သော အကြောင်းရပ်များကို တွေ့ရပါသည်။ တစ်ဖန် ဤစာတို့ကို ဖတ်ရှုလေ့လာကြည့်သောအခါ ဦးစိန်တင်သည် 'ဝေဖန်ခြင်း'၊ 'ချီးမွမ်းခြင်း'၊ 'အားပေးခြင်း' တို့ဖြင့် တန်ဆာဆင်ကာ ရေးထားသည်ကို တွေ့ရ ပါသည်။

အထက်ပါတို့ကို ပြန်၍ ချုပ်ကြည့်သော် ဥပမာတစ်ခုကို မြင်ယောင်လာ ပါသည်။ ဤ 'ခေတ်စမ်းစာပေ အထွေထွေ' တို့သည် ဥပမာအားဖြင့် လှည်းဘီး စကြာနှင့် တူပါသည်။ 'အမျိုးသားရေး' သည် 'လှည်းပုံတောင်း' နှင့် တူပါသည်။ 'အကြောင်းရပ်' တို့သည် 'ဘီးထောက်' နှင့် တူပါသည်။ 'ဝေဖန်ခြင်း'၊ 'ချီးမွမ်းခြင်း'၊ 'အားပေးခြင်း' တို့သည် 'တကူ' များနှင့် တူပါသည်။ တကူတို့ဖြင့် ချုပ်ကိုင် ထိန်းသိမ်းထားသော ဘီးထောက်တို့သည် လှည်းပုံတောင်းကို ဦးတိုက်၍ နေသကဲ့သို့ ဝေဖန်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းတို့ဖြင့် ချုပ်ကိုင်ထိန်းသိမ်းထား

mgyoe.com

mgyoe.com



သော အကြောင်းရပ်တို့သည် အမျိုးသားရေးကို ဦးတိုက်နေကြသည်ကို မြင်ယောင်လာပါသည်။ ထို့ကြောင့် ဦးစိန်တင် တွေးသမျှ ရေးသမျှသည် ထိုခေတ် ထိုအခါက ထင်ရှားသော 'အမျိုးသားရေး ကြိုးပမ်းကြပါ' ဆိုသည့် စာနှင့်အညီ ဖြစ်နေသည်ကို သတိပြုမိပါသည်။ သို့သော် ဤစာတို့၏ တန်ဖိုးကို ဖြတ်ဖို့ရန် ကျွန်ုပ်တို့အားမထုတ်လိုပါ။ စာဖတ်ပရိသတ်နှင့် သမိုင်းဆရာတို့၏ ဆန္ဒအရ ဖြတ်နိုင်ကြပါသည်။ တိမ်မြုပ်နေသော စာပေကဏ္ဍတစ်ရပ်ကို မိဖွေးတိုင်း ဖမွေးတိုင်း ပြန်လည်ဖော်ထုတ်နိုင်ခွင့်ရသဖြင့် ကျွန်ုပ်တို့ နှစ်ထောင်းအားရ ဖြစ်မိသည်မှာ ကျွန်ုပ်တို့ ခံစားရသော အကျိုးကျေးဇူး ဖြစ်ပါသည်။

ဤခေတ်စမ်းစာများမှ အချို့ကို စာနယ်ဇင်း အဟောင်းတို့တွင် ကျွန်ုပ်တို့ တွေ့ဖူးပါသည်။ အချို့ကား ယခုမှသာ တွေ့ရပါသည်။ လက်ခံစာမူများနှင့် ပုံနှိပ်စာများ ထပ်တူထပ်မျှ မတူဘဲ အချို့အချို့ နေရာတို့တွင် ကွဲပြားချက် ရှိလိမ့်မည်ဟု ထင်နိုင်စရာ အကြောင်းများ ရှိပါသည်။ ဤအချက်တို့ကို စာပေသမိုင်း သုတေသီတို့ ဆက်လက် ဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် ဦးစိန်တင်သည် အစမ်းသဘောဖြင့် အကြမ်းဖျင်းရေးခဲ့သော စာတိုစာစများကိုလည်း 'မူကွဲ' များအဖြစ် ဤတွင် ထည့်သွင်းပုံနှိပ်လိုက်ပါသည်။ အကြောင်းမှာ စာပေသမိုင်း သုတေသီတို့သည် ဦးစိန်တင်၏ လုပ်ပုံလုပ်နည်းကို အကဲခတ်နိုင်ရအောင် ဖြစ်ပါသည်။ ဤစာမူတို့ကို စုပေါင်းချုပ်လုပ်စဉ်က ဦးစိန်တင်သည် ကာလအားဖြင့် လည်းကောင်း၊ အကြောင်းရပ်အားဖြင့် လည်းကောင်း ရှေ့နောက်ခွဲခြား စီစဉ်လိုက်ပုံ မရပါ။ မပျောက်မပျက်ရအောင်သာလျှင် စုစည်းလိုက်ခြင်း ဖြစ်ပုံရပါသည်။ ထို့ကြောင့် ဤစာတို့ကို ပုံနှိပ်မည် ပြုသောအခါ ကျွန်ုပ်တို့သည် သာမန် စာဖတ်သူတို့အတွက် သင့်နိုးအံ့ထင်သည့်အတိုင်း ပြန်လည် စီစဉ်လိုက်ပါသည်။ ဤအစီအစဉ်ကို နေရာကျပြီ၊ မှန်ပြီ ဟူ၍ သုတေသီတို့ မယူကြစေလိုပါ။

နိဂုံးချုပ်အနေနှင့်ကား ဤစာတို့ကို ပုံနှိပ်ခွင့်ပြုသော မူပိုင်ရှင် ဒေါ်ခင်သန်းမြင့်ကို များစွာ ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်လိုပါသည်။ ဤစာမူတို့နှင့်စပ်၍ ဝင်ရောက် ကူညီသော စာပေဗိမာန် ဒေါ်တင်ထွေးကိုလည်း ကျေးဇူးတင်ပါသည်။ အကြံဉာဏ်ပေးကြသော ဆရာဇော်ဂျီနှင့် ဆရာမင်းသုဝဏ်တို့ကိုလည်း ကျေးဇူးတင်ပါသည်။ ဦးစိန်တင်၏ အတ္ထုပ္ပတ္တိကို သုံးခွင့်ပြုသော ဘာသာပြန်စာပေအသင်းကြီးကိုလည်း များစွာ ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းပြုပါသည်။

(စဝယ်ဦးစာပေ)

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# သိပ္ပံမောင်ဝ အမည်ခံ
# ဦးစိန်တင်၏ အတ္ထုပ္ပတ္တိ

ဦးစိန်တင် (၁၂၆၁–၁၃၀၄) ကို သိပ္ပံမောင်ဝ ဟူသော ကလောင်အမည်ဖြင့် လူအများ သိသည်။ ဦးစိန်တင်သည် မော်လမြိုင်မြို့ဇာတိဖြစ်၍ မုပွန် နတ်ကျွန်းရပ်၌ ဦးအုန်းရွှေ ဒေါ်ဒေါ်သစ်တို့မှ ၁၂၆၁ ခုနှစ်တွင် မွေးဖွားသော စတုတ္ထကလေး ဖြစ်သည်။ ငယ်စဉ်ကပင် မိခင်ဆုံး၍အဘွားနှင့် ကြီးတော်တို့ လက်ထဲတွင် ကြီးရသည်။

အရွယ်သို့ ရောက်သောအခါ မုပွန်ရပ် ဆရာဦးချစ်လှကျောင်းတွင် ကျောင်း စ၍နေသည်။ ထို့နောက်မောင်ငံရပ် သာသနာပြုကျောင်းသို့ ပြောင်း၍ သတ္တမတန်း အောင်သည်အထိ အင်္ဂလိပ် မြန်မာ နှစ်ဘာသာဖြင့် ပညာသင်ယူသည်။ ရှစ်တန်းသို့ ရောက်သောအခါ ရှင်မဟာဗုဒ္ဓဃောသ ကျောင်းသို့ ပြောင်းရွှေ့ ပညာဆည်းပူးပြန်ရာ ၁၊ ၈၂ (၁၉၂၀) ခုနှစ်တွင် ဆယ်တန်းစာမေးပွဲကို မြန်မာဘာသာနှင့် ပါဠိဘာသာ တို့၌ အထူးအမှတ်ရကာ အောင်သည်။

ဦးစိန်တင်သည် ကျောင်းတွင် ပညာဆည်းပူးရသည်နှင့် မကျေနပ်မူ၍ အဘိုးဖြစ်သူ စာတတ်ကြီး ဦးလူကလေးထံတွင် ဝတ္ထု၊ ပုံပြင်၊ ရာဇဝင် စသည်တို့ကို ကြားနာမှတ်သားသည်။ အဘွားဖြစ်သူ ဘွားဒွေးထံတွင် မြန်မာ့ရိုးရာ ထုံးစံအစဉ် အလာတို့ကို ကြားနာမှတ်သားသည်။ ဘကြီးဖြစ်သူ တောင်ဝိုင်းကြီး ရွှေကျင်တိုက် ဘုန်းတော်ကြီး ဦးပညာဇောတထံတွင် ပါဠိမြန်မာ နှစ်ဘာသာဆိုင်ရာ ပညာ ဗဟု သုတတို့ကို ကြားနာမှတ်သားသည်။ ဦးစိန်တင်သည် ထိုစဉ်ကပင် စကားပြေကို အထူး နှစ်သက်စွဲလမ်းသည်။ ထို့ကြောင့်လည်း သူသည် မဟာဇနက ဝတ္ထုတော် ကြီးမှ ကောင်းနိုးရာရာ စာပိုဒ်များကို နှုတ်တက်ဆောင်ကာ ရွတ်ဆိုပြလေ့ရှိကြောင်း၊ သန်းသန်း ဝတ္ထု၊ ခင်မြင့်ကြီး ဝတ္ထု၊ ဘိအေ မောင်ဘလွင် ဝတ္ထု စသည်တို့ကို မြိန်ရေရှက်ရေ ပြောပြလေ့ရှိကြောင်းကကို သူ၏ ကျောင်းနေဖက်များထံမှ သိရ

mgyoe.com

mgyoe.com



သည်။ ထိုသို့ ကြားနာမှတ်သား လေ့လာရင်း 'ဝဇီရာတင့်' ဟူသော ကလောင်အမည်ဖြင့် သ့တင်းစာများတွင် မကြာခဏ ဆောင်းပါးများကို ရေးသည်။

ဆယ်တန်းအောင်ပြီးနောက် ရန်ကုန်မြို့ ကောလိပ်သိပ္ပံကျောင်းတွင် ပညာဆက်လက် သင်ယူပြန်ရာ ပထမ ကျောင်းသားသပိတ် အရေးတော်ပုံကြီး ပေါ်သဖြင့် ဗဟန်း ကြားတောရ၌ လည်းကောင်း၊ သရက်တော ကျောင်းတိုက်၌ လည်းကောင်း ဗဟို နေရှင်နယ်ကျောင်းကြီးကို တည်ထောင်ကြသောအခါ ဦးစိန်တင်သည် ၁၂၈၅ (၁၉၂၃) ခုနှစ် သပိတ်လှန်သည်အထိ ကျောင်းဆရာ အဖြစ်ဖြင့် တိုင်းပြည်တာဝန်ကို ထမ်းဆောင်သည်။

သပိတ်လှန်ပြီးသောအခါ ဦးစိန်တင်သည် ကောလိပ်ကျောင်းသို့ ပြန်သွား၍ ပညာဆက်လက် ဆည်းပူးပြန်သည်။ ၁၂၈၆ (၁၉၂၄) ခုနှစ်တွင် ဥပစာစာမေးပွဲကို မြန်မာဘာသာအတွက် 'သာဒိုးအောင်' ဆုနှင့် ပါဠိဘာသာအတွက် အဖိုးတန်ဆုများ ရယူကာ အောင်မြင်သည်။ ဝိဇ္ဇာတန်းသို့ ရောက်လျှင် မြန်မာစာဂုဏ်ထူးကို ယူသည်။ ၁၂၈၉ (၁၉၂၇) ခုနှစ်တွင် ပထမတန်း အောင်မြင်၏။ ပါမောက္ခ ဦးဖေမောင်တင်၏ ကြိုးပမ်းချက်ဖြင့် မြန်မာစာဂုဏ်ထူးတန်းကို ထိုနှစ်တွင် စတင်ဖွင့်လှစ်၍ ဦးစိန်တင်သည် ထိုအတန်းတွင် တစ်ဦးတည်းသော စာသင်သား ဖြစ်ပြီးလျှင် ပထမတန်းကို ပထမရသူ ဖြစ်သည်။

ဦးစိန်တင်သည် ကောလိပ်သိပ္ပံကျောင်း၌ စာသင်စဉ် ပါမောက္ခ ဦးဖေမောင်တင်၊ ပုဂံဝန်ထောက် ဦးတင်၊ ဂုဏ်ထူးဆောင်ဆရာကြီး ဦးပွား၊ အဂ္ဂမဟာပဏ္ဍိတ ဦးလင်းတို့ထံ၌ ပုဂံကျောက်စာမှ စ၍ ပျို့၊ လင်္ကာ၊ ရာဇဝင်သမိုင်းတို့ အပါအဝင် ကာလပေါ်ဝတ္ထုအထိဖြစ်သော စာပေအမျိုးမျိုးတို့ဆိုင်ရာ နည်းနာနယတို့ကို ကျိုးနွံခယစွာ ခံယူသင်ကြားသည်။ ဘားနဒ် ပိဋကတ်တိုက်သို့ မပြတ်မလပ် သွားရောက်၍ မြန်မာမှုဆိုင်ရာ ပေစာ၊ ပုရပိုက်စာ၊ ပုံနှိပ်စာ အမျိုးမျိုးတို့ကို ကြိုးကြိုးစားစား ဖတ်ရှုမှတ်သားသည်။ မြန်မာစာပေ ဂုဏ်ထူးစာမေးပွဲအတွက် မြန်မာ ပြဇာတ်အကြောင်း စာတန်းကို ရေးသည်ဖြစ်၍ ရှေးဟောင်းနှောင်းဖြစ် မြန်မာ ပြဇာတ် အမျိုးမျိုးတို့ကို အထူး လေ့လာသည်။ (နောင်သောအခါ ထိုစာတန်းကို ပြုပြင်ချဲ့ထွင်၍ သူရိယနေ့စဉ် သတင်းစာတွင် မြန်မာမှု ဆောင်းပါးကြီးတစ်ခန်းအနေဖြင့် သိပ္ပံကျောင်းသား မောင်မြသွင် အမည်ခံယူကာ ထည့်သွင်းသည်။) ဤသို့ ပညာဆည်းပူးခိုက် ကောလိပ်က ထုတ်ဝေသော လက်ရေးစာစောင်၊ ပုံနှိပ်စာစောင်တို့တွင် ဆောင်းပါးများကို ရေးသည်။ တကောင်းကျောင်းဆောင်တွင်နေသော်လည်း မိမိ၏ စာရေးသူအဖြစ်ကို ကွယ်ဝှက်လိုသောကြောင့် 'နေရပ် ချောင်က၊ လူမည် မောင်ဝ' ဟူ

mgyoe.com

mgyoe.com



ကလောင်အမည် ခံလိုက်ရာ ဤအမည်သည် ဦးစိန်တင်ကို တစ်သက်ပတ်လုံး စွဲကပ်သွားလေတော့သည်။

ဝိဇ္ဇာဘွဲ့ရပြီးနောက် ကောလိပ်သိပ္ပံကျောင်းတွင် နည်းပြဆရာလုပ်နေသော အတောအတွင်း ငါးလခန့်ကြာသောအခါ ဦးစိန်တင်သည် နိုင်ငံတော်ဝန်ထမ်း ပညာတော်သင်အဖြစ် အရွေးခံရ၍ အင်္ဂလန်ပြည် အောက်စဖို့ဒ် တက္ကသိုလ် ခရိုက်ချပ်ချ် ကောလိပ်သို့သွားကာ နှစ်နှစ်ပညာသင်ယူသည်။ (ထိုကောလိပ်တွင် တွေ့ကြုံရသော ကိစ္စအမျိုးမျိုးတို့ကို နောင်သောအခါ စုပေါင်းရေးသား၍ အောက်စဖို့ဒ်၊ တက္ကသိုလ် ဆိုသော နေ့စဉ်မှတ်တမ်း စာအုပ်ကို ထုတ်ဝေသည်။) ဦးစိန်တင်သည် ဗြိတိသျှ အစိုးရ၏ အရာထမ်း ဖြစ်သဖြင့် မိမိရေးလိုသော အကြောင်းအရာတို့ကို လွတ်လပ်စွာ ရေးပိုင်ခွင့် မရှိလှချေ။ ထို့ကြောင့် 'သိပ္ပံကျောင်းသား မောင်မြသွင်' ဆိုသော ကလောင်အမည် တစ်မျိုးကို ထပ်မံ ခံယူကာ အောက်စဖို့ဒ် တက္ကသိုလ်မှနေ၍ 'မြန်မာစာပေအကြောင်း' ခေါ် ဆောင်းပါးရှည်ကြီးကို သူရိယ နေ့စဉ်သတင်းစာတွင် ရေးရာ ၁၉၂၈ ခုနှစ်မှ ၁၉၃၀ ပြည့်နှစ်အထိ ကြာသည်။ ဆောင်းပါးပေါင်း နောက်ဆက်တွဲများပါ ခုနစ်ဆယ်ကျော်ကျော် ရှိသည်။ ထိုဆောင်းပါးရှည်ကြီးတွင် (၁) ကာလပေါ် မြန်မာစာပေ၏ အခြေအနေ၊ (၂) ယင်းစာပေ တိုးတက်ပုံ၊ ဆုတ်ယုတ်ပုံ၊ ရပ်တည်ပုံ၊ (၃) ယင်းစာပေ တိုးတက်ရေးနှင့် စာဟောင်း စာကောင်း များကို ပြန်လည် ထုတ်ဖော်ရေးတို့မှာ အဓိက အချက်ကြီးသုံးရပ် ဖြစ်သည်။

၁၉၂၉ ခုနှစ်တွင် အင်္ဂလန်မှ ပြန်လာ၍ နိုင်ငံတော်ဝန်ထမ်းအဖွဲ့တွင် ဝင်ရောက် လုပ်ကိုင်သည်။ ထိုသို့ လုပ်ကိုင်ရာတွင် စစ်ကိုင်း၊ မိတ္ထီလာ၊ မင်းဘူး၊ ဟင်္သာတ၊ ဇလွန်၊ မြောင်းမြ၊ ညောင်တုံး၊ ရန်ကုန်၊ အင်းစိန်၊ စလင်း၊ ကျောက်ဆည်၊ ရွှေဘို၊ ပေါင်း ၁၂ ဌာနသို့ အလှည့်အလည် ပြောင်းရွှေ့ကာ ရာထူးအမျိုးမျိုးနှင့် အမှုထမ်း သည်။

၁၉၃၀ ပြည့်နှစ်ထဲတွင် 'မြန်မာစာပေအကြောင်း' ဆောင်းပါးရှည်ကြီး ပြီးဆုံးသွားသောအခါ သိပ္ပံကျောင်းသား မောင်မြသွင်သည် 'မြန်မာမှု' ဆိုသော ဒုတိယ ဆောင်းပါးရှည်ကြီးကို (က) မြန်မာရာဇဝင်၊ (ခ) မြန်မာစာဂုဏ်ထူး၊ (ဂ) ဦးပုည၊ (ဃ) မြန်မာ ပြဇာတ်၊ (င) ကျောက်စာ၊ (စ) မြန်မာပန်းချီ၊ (ဆ) မြန်မာစာပေ သင်ကြားရေး စသည်ဖြင့် အခန်းကြီးများခွဲကာ ရေးသားပြန်ရာ ၁၉၃၂ ခုနှစ်အတွက် အထိသာ တွေ့ရ၍ မည်မျှ ဆက်လက်ကြာပြီးလျှင် မည်သည့် အခန်းတွင် နိဂုံးချုပ်သည်ကို ခြေရာကောက်၍ မရသေးချေ။

ဦးစိန်တင်သည် မောင်မြသွင် အမည်နှင့် ထိုဆောင်းပါးရှည်ကြီးများကို

mgyoe.com

mgyoe.com



ရေးခိုက် သိပ္ပံမောင်ဝ၊ တင်မောင်မြင့်၊ မောင်သံချောင်း၊ တင်တင့်၊ ကောလိပ်ခင်ခင် စသော အမည် အမျိုးအမျိုးဖြင့်လည်း စာနယ်ဇင်း အမျိုးမျိုးတွင် စာအမျိုးမျိုးကို အမြဲတစေ ရေးခဲ့လေရာ မည်မျှရှိသည်ကို ရှာဖွေ ရေတွက်ရန် လွယ်ကူမည် မဟုတ်ပေ။ ဂန္ထလောက၊ ဒဂုန်၊ သူရိယမဂ္ဂဇင်း၊ သူရိယနေ့စဉ်၊ ကြီးပွားရေးမဂ္ဂဇင်း၊ မြန်မာ့နေ့စဉ်၊ ကောလိပ်မဂ္ဂဇင်းတို့မှာ ဦးစိန်တင် အထူးကျက်စားရာ စာနယ်ဇင်းတို့ ဖြစ်ကြသည်။ ခြင်းလုံး ဆောင်းပါး၊ ပုဂံ ဆောင်းပါး၊ စည်တုတ္တရာ ဆောင်းပါး၊ ရဲရမန်း ဆောင်းပါး စသော ဆောင်းပါးရှည်ကြီးတို့ကိုလည်း ရေးခဲ့သည်။ လုအုန်းမယ် ဝတ္ထုကိုလည်း ရေးခဲ့သည်။ ခေတ်စမ်းပုံပြင် ဒုတိယတွဲကိုလည်း ထုတ်ဝေခဲ့သည်။ မြန်မာနိုင်ငံ သုတေသန အသင်းအတွက် ရတနာကြေးမုံခေါ် ရှေးဟောင်း ဝတ္ထုကြီးကိုလည်း တည်းဖြတ်ခဲ့သည်။

ဤသို့ဖြင့် နိုင်ငံအုပ်ချုပ်ရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရင်း စာပေ တိုးတက်မှုကို မနားမနေ ဆောင်ရွက်နေခိုက်တွင် ဦးစိန်တင်သည် ၁၉၄၂ ခုနှစ်က ကာလပျက်၍ သားမယားတို့နှင့်အတူ အထက်နိုင်ငံသို့ ရောက်သွားရာ ယင်းနှစ် ဇွန်လ ၆ ရက်နေ့ နံနက်လင်းအားကြီးအချိန်တွင် ရွှေဘိုခရိုင် ကန့်ပလူမြို့အနီး ဂါးဒါးဆည်ကြီးရွာ၌ ဓားပြလူဆိုးတို့၏ အထင်မှား လက်လွန်မှုကြောင့် ပျော်ဘိမ်တွင် နစ်ရှာလေသည်။ ဇနီးသည် ဒေါ်ခင်ခင်မြင့်၊ သား တင်မောင်မြင့်၊ သမီး တင်မေမြင့်နှင့် တင်ရွှေမြင့်တို့ ကျန်ရှိရစ်လေသည်။

ဦးစိန်တင်၏ အကြီးဆုံးသော ဆန္ဒတစ်ရပ်မှာ မြန်မာစာပေတိုးတက်အောင် ဆောင်ရွက်လိုခြင်း ဖြစ်သည်။ မိမိကိုယ်တိုင်လည်း ဤကိစ္စကို မမေ့မလျော့ ဆောင်ရွက် သည်။ သူတစ်ပါးကိုလည်း ဆောင်ရွက်အောင် တိုက်တွန်းသည်။ ဤကိစ္စနှင့် စပ်လာလျှင် ငွေကုန် လူပင်ပန်းခံဖို့ရန် ဦးစိန်တင်အတွက် ဝန်မလေးပေ။ တစ်ခါသော် ဤသို့ တိုက်တွန်းသည်ကို သူ့စာတစ်စောင်တွင် တွေ့ရသည်။

> မြန်မာစာပေ တိုးတက်ရေးသည် ကျွန်ုပ်တို့၏တာဝန် ဖြစ်သည်။ ကျွန်ုပ်တို့ ပြုမှ နမည့် မြန်မာစာ ဖြစ်သည်။ ကြိုးစားကြစို့။
>
> [၂၂၊ ၉၊ ၃၁]

သို့သော်လည်း ထိုစဉ်အခါက မြန်မာ၏ အခြေအနေမှာ မှေးမှိန်လျက် ရှိသည်။ မင်းပိုင်း စိုးပိုင်း သူဌေး သူကြွယ်ပိုင်းက မြန်မာစာပေကို အသုံးမဝင်သည့် အနေဖြင့် လျစ်လျူရှုသည်။ မြန်မာ ပညာရှိပိုင်းက မြန်မာစာပေပညာကို သူတို့သာ

mgyoe.com

mgyoe.com



တတ်သည်။ အခြားသူတို့ မတတ်။ အထူးသဖြင့် ကျောင်းဆရာနှင့် ကျောင်းသားများ မတတ်ဟု အယူရှိသည်။ ဤအယူနှစ်ခုကို ချိုးဖျက်နိုင်မှ မြန်မာစာပေ တိုးတက်လေမည်ဟု ဦးစိန်တင် ယုံကြည်သည်။ ထို့ကြောင့် အထက်လွှာတွင်လည်း ပါ၍ ကျောင်းသားလည်း ဖြစ်သူတို့က မြန်မာစာပေ တိုးတက်ရာ တိုးတက်ကြောင်းကို ဆောင်ရွက်နေပါသည်ဟု သက်သေထူလိုသောကြောင့် သူ၏ ကလောင်အမည်တို့တွင် 'သိပ္ပံ' ဆိုသော စကားလုံးကို တပ်လေသည်။ (ယခုအခါ ရန်ကုန်တက္ကသိုလ် ခေါ်သော ပညာဌာနမှာ ရှေးအခါက 'ကောလိပ် သိပ္ပံကျောင်း' ဟု တွင်ခဲ့သည်။) သူ့စာတစ်စောင်တွင်

> မောင်မြသွင်တို့၊ မောင်ဝတို့မှာ သူတို့အမည်တွင် သိပ္ပံဆိုသော စကားကို မြင်ကြရပေသည်။ အမှုမဲ့ အမှတ်မဲ့ တပ်ထားသည် မဟုတ်။ သိပ္ပံကျောင်းသားများ ရေးနိုင်သည်၊ ရေးတတ်သည်၊ အစွမ်းရှိသည်ကို ပြလိုသောကြောင့် မဟုတ်လော။
>
> [၂၂၊ ၇၊ ၃၃]

ဤကဲ့သို့ စာပေပြုစုရာတွင် ဦးစိန်တင်သည် အဓိက အကြောင်းသုံးရပ်ကို လိုက်၍ တစ်ကိုယ်ကို သုံးကိုယ်ခွဲလျက် ရေးလေ့ရှိသည်။ ထိုသုံးရပ်မှ အပ ဖြစ်သော အကြောင်းတို့ကို ရေးလိုသောအခါ အခြားသင့်လျော်ရာ အမည်တို့ကို ကောက်ယူသုံးစွဲသည်။ သူ့စာတစ်စောင်တွင်

> မောင်မြသွင်အား ဗုဒ္ဓဘာသာ အသင်းအကြောင်း ရေးပါဟု တိုက်တွန်းလိုက်ပါ၏။ သို့သော် များစွာ ရေးချင်ပုံမပေါ်။ သူက စာပေဝေဖန်သူသက်သက် ဖြစ်လေသည်။ Critic ဆိုပါတော့။ မောင်ဝကလည်း Novelist ဝတ္ထုဆရာ။ တင်မောင်မြင့် ကတော့ လမ်းညွှန်ဆရာ Essayist ။ သူ့နေရာနှင့် သူ့နေရာကိုး။
>
> [၁၊ ၈၊ ၃၃]

မြန်မာစာပေ တိုးတက်ရာ တိုးတက်ကြောင်းအတွက် မြန်မာစာကိုသာ ဖတ်နေရုံနှင့် မပြီး။ အခြား စာကြီးပေကြီးတို့ကိုလည်း ဖတ်ရမည်။ ထို့ပြင် စာပေဝေဖန်မှုကိုလည်း လေ့လာရမည်၊ အားပေးရမည်ဟု ဦးစိန်တင် ယုံကြည်သည်။ သူ့စာတစ်စောင်တွင်

mgyoe.com

mgyoe.com



မြန်မာစာ ဂုဏ်ထူးယူသည်ဟု အင်္ဂလိပ်စာအုပ်များကို မဖတ်ဘဲ မနေပါနှင့်။ မြန်မာစာပေ၌ ဝေဖန်ချက်စာမျိုး များစွာ မထွန်းကားခဲ့။ သို့ဖြစ်သောကြောင့် အင်္ဂလိပ် ဝေဖန်စာများကို ဖတ်ရန် လိုလေသည်။ အတို ဝေဖန်ချက် စာမျိုးကို လိုမူ Hazlitt's Essays တို့ကို ဖတ်ရာ၏။ အရှည်ဝေဖန်ဖျက်မျိုးကို လိုမူ Macaulay's Essays များကို ဖတ်ရာသည်။

ဝေဖန်ချက် ရေးသားနည်းကိုလည်း ဤသို့ ဆက်လက် ညွှန်ပြပြန်သည်။

ဝေဖန်ချက် ရေးသားသည် ဆိုရာ၌ မိမိစိတ်တွင် ပေါ်လာသော အချက်ကို ရေးသားခြင်းပင် ဖြစ်၏။ ကောင်းလျှင် ကောင်း၏။ မကောင်းလျှင် မကောင်း ဟူ၍ ရေးသားခြင်းပင် ဖြစ်၏။ ဤသို့ ရေးသားရာ၌ တိုက်ရိုက် မရေးမူ၍ အသိုင်းအဝိုင်းများစွာနှင့် ဖတ်၍ကောင်း၊ နားထောင်၍ ကောင်းအောင် ရေးသားခြင်းပင် ဖြစ်လေသည်။ ဥပမာ သာဓကတို့ကို သုံးခြင်းအားဖြင့်လည်း ဖတ်ရသူတို့၏ စိတ်ကို ထိငြိစေနိုင်၏။ ထိုမှ တစ်ပါးလည်း ဗဟုသုတ လိုလေသည်။ ဗဟုသုတမှာလည်း အမျိုးမျိုး အစားစား ရှိ၏။ ဗဟုသုတ များလေလေ ဝေဖန်ချက် ကောင်းလေလေ။

[၁၁၊ ၁၁၊ ၃၁]

ဝေဖန်ချက်ရေးရာတွင် မည်သို့သော် စိတ်မျိုးကို ထားရမည် ဟူသော မေးခွန်းကို ဖြေလိုသော သဘောဖြင့် စာတစ်စောင်တွင် ဤသို့ ရေးရပြန်သေး၏။

ဝေဖန်ချက် ရေးသူတို့မှာ မိတ်ဆွေ မျက်နှာကို မထောက်ရ။ စာပေ တိုးတက်ရေး၊ စာပေ ကြီးပွားရေး မျက်နှာကို ထောက်ရပေမည်။ ပုဂ္ဂိုလ်ခင်သောသောကြောင့် တရားမင်ခြင်းသည် သူတကာကို လမ်းမှား ညွှန်ပြသည်နှင့်တူ၏။

[၂၂၊ ၆၊ ၃၃]

ဦးစိန်တင်သည် ဆောင်းပါးအများကို နေ့စဉ်နှင့်အမျှ ရေးလေ့ ရှိသည်။ အကြမ်းရေးပြီးလျှင် အချောကူးသည်။ ထို့နောက်မှ ဆိုင်ရာသို့ ပို့သည်။ အစိုးရအလုပ်ကိစ္စများ အများအပြားရှိသည့်ကြားမှ စာပေ ရေးရရှာသဖြင့် သူ၏စာတို့တွင်

mgyoe.com

mgyoe.com



စာလုံးပေါင်း စံ မကိုက်မှု၊ သဒ္ဒါချွတ်ယွင်းမှု၊ ဝေါဟာရ အသုံး မတိကျမှုတို့ကို မကြာခဏ တွေ့ရ သည်။ ထိုသို့ တွေ့ရသည်တို့ကို ကောက်ယူညွှန်ပြလျှင် သူ ဝမ်းသာသည်။ ကျေးဇူးတင်သည်။ သူ့စာတစ်စောင်တွင်

မောင်မြသွင်၏ ဆောင်းပါးတွင် အမှားပြင်လိုက်သည့် အတွက် သာ၍ ဝမ်းမြောက်ပါ၏။ ကျွန်ုပ်တို့ကား သူတကာ ကဲ့သို့ အမှားပြင်ခြင်းကို မကြိုက်သူ မဟုတ်။ ကြိုက်သူ ဖြစ် လေသည်။

[၂၇၊ ၆၊ ၃၃]

နောက်တစ်စောင်တွင်လည်း

အမှားကို ဖော်ပြလိုက်တဲ့အတွက် ကျေးဇူးတင်သဗျာ။ မောင်ဝဆိုတဲ့ မောင်ဝကတော့ သတ်ပုံကျရင် ဖြစ်ကတတ် ဆန်းပဲ။ ရေးချင်သလို ရေးတော့တာပဲ။ ဒီနေရာမှာ ဦးဖော်ဂျီတို့ မင်းသုဝဏ်တို့က သာသဗျ။ ..... ဒါကြောင့်မို့ အခုတော့ဖြင့် ကဝိမျက်မှန် သတ်ပုံစာအုပ်ကြီးကို အမြဲ လက်ကိုင်ထားတယ်။ ဒါတောင်မှ တစ်ခါတစ်ခါ အမှားတွေ ဖောက်ဖောက် လာ တယ်။ မောင်ဝဆိုတဲ့ မောင်ဝဟာ ဘယ်လိုပဲ ထွင်တတ်တယ် ဆိုဆို၊ ဘယ်လိုပဲ အရေးကောင်းတယ် ဆိုဆို၊ ဘယ်လိုပဲ စိတ်ကူးစိတ်သန်း ကောင်းတယ် ဆိုဆို မသေချာတဲ့နေရာ မှာတော့ ပထမတန်းပဲဗျို့။ သူ့ချွတ်ယွင်းချက်ကိုလည်း သူ အသိသားပဲ။ နို့ပေမဲ့ မွေးကတည်းက ပါလာတဲ့ အကျင့်မို့လို့ လား မသိဘူး။ ဘယ်တော့မှ ပြင်လို့ မရဘူး။ သေသည့် တိုင်အောင် ဖြစ်ကတတ်ဆန်းသမား ဖြစ်သွားမယ့် မောင်ဝ ပါပဲဗျာ။

[၁၁၊ ၁၀၊ ၃၇]

ဦးစိန်တင်သည် စကားပြေအရာတွင် အလွန် ကျွမ်းကျင်သောပုဂ္ဂိုလ် ဖြစ်သည်။ သို့သော်လည်း လင်္ကာ အရာတွင်ကား သူကဗျာတို့ကို ကောင်းစွာ မတွေ့ရ ဘူးသဖြင့် မပြောတတ်။ သူကိုယ်တိုင်ကမူ ကဗျာနှင့် စပ်လာလျှင် သူ့ကိုယ်ကိုသူ ရှုတ်ချပြောလေ့ ရှိသည်။ သူ့စာတစ်စောင်တွင်

mgyoe.com

mgyoe.com



> ကျွန်ုပ်တို့ကား ကဗျာ ရေးသားဖူးသော်လည်း ကဗျာဘက်၌ မထူးချွန်။ ယခု အင်းစိန်တွင် ရာဘက်တရားသူကြီး ဦးသိန်း၊ ထို့နောက် မြို့မကျောင်းဆရာ မောင်သိန်းဟန်တို့မှာ ကဗျာ အရေးအသား ကောင်းသူများ ဖြစ်ကြလေသည်။ မောင်သိန်းထက် မောင်သိန်းဟန်က စိတ်ကူးဉာဏ် ကောင်း၏။
>
> [၂၂၊ ၉၊ ၃၀]

နောက်တစ်စောင်တွင်လည်း

> မောင်ဝ၌ ရှင်ပျသောဉာဏ် ရှိစေကာမူ လင်္ကာဉာဏ်ကား ထင်သလောက် မရှိသည်ကို မောင်ဝန်လည်း ရိပ်မိပေလိမ့်မည်။ မောင်ဝကား လင်္ကာဆရာ မဟုတ်၊ လူပျက်မျှသာတည်း။
>
> [၅၊ ၉၊ ၃၃]

ဦးစိန်တင်ကား သွားလေရာတွင် မျက်စိကို ဖွင့်လျက် နားကို စွင့်လျက် ဆောင်းပါးရေးရန် အကြောင်းရပ်တို့ကို အမြဲရှာသည်။ ကုန်သည်သည် အမြတ်ရလျှင် ပျော်သကဲ့သို့ ဦးစိန်တင်သည် အကြောင်းရလျှင် ပျော်သည်။ မည်မျှ ကိစ္စများသော်လည်း ဆောင်းပါး ရေးရမည်ဆိုလျှင် အပင်ပန်းခံလေ့ ရှိသည်။ သူ့စာတစ်စောင်တွင်

> ရှေးကတော့ ရွှေဘိုဟာ သူပုန်နယ်ဆိုပြီး ဝါရင့်တဲ့ အင်္ဂလိပ် အရေးပိုင်များကိုသာ အုပ်ချုပ်စေတယ်။ ယခုတော့ ဝါနုတဲ့ မြန်မာ အရေးပိုင်ကလေးကို ပို့လိုက်တော့ ဘယ်လို အုပ်ချုပ်မယ် ဆိုတာကို စောင့်စားပြီး ကြည့်နေကြတယ်။ ဒီတော့ ကြိုးစားပြီး လုပ်ရတာပလေ။ သန်းခေါင်ကျော်မှ အိပ်ရတဲ့ ညတွေ များတာပါပဲ။ အလုပ်တွေ ဘယ်လိုများများ ကိုယ်ဝါသနာပါတဲ့ ဆောင်းပါးတွေကိုတော့ ရေးဖြစ်အောင် ရေးတာပါပဲ။ ...
>
> အထက်မြန်မာပြည်ဆိုတော့ ရောက်လေရာ သွားလေရာမှာ ရေးချင်စရာတွေကို တွေ့တာပဲ။ ရေးချင်တာကို တွေ့မှဖြင့်လည်း ကောက်ပြီး ရေးရတော့တာပဲ။ ဒီတော့ လူပင်ပန်းတာပဗျာ။ သကြ်န်အတွင်းက ရွှေဘိုမှာ ပူလွန်း အိုက်လွန်း

mgyoe.com

mgyoe.com



တာနဲ့ ကျောက်မြောင်းမှာ သွားနေတယ်။ ကျောက်မြောင်း အကြောင်း ဆောင်းပါးတစ်စောင်ကို ရလိုက်လေရဲ့။ ၂၄၊ ၄၊ ၃၈ နေ့က ရွှေကျင်ဂိုဏ်းကြီးကို စတင် တည်ထောင်တဲ့ ရွှေကျင် ဆရာတော်ဘုရားကြီးရဲ့ မွေးဖွားရာ ရွှေကျင်ရွာကလေးသို့ ရောက်သွားတယ်။ ရွှေကျင်အကြောင်း ဆောင်းပါးကလေး တစ်စောင်ကို ရလိုက်ပါရဲ့။ ရွှေဘိုနယ်မှာ ရေးချင်စရာတွေ ကတော့ ပေါပါပေ့ဗျာ။ မြေဒူးတို့၊ တပရင်းတို့၊ ဟလင်းတို့၊ ချီပါတို့ပေါ့လေ။ သူရိယ မဂ္ဂဇင်းမှာသာ မျှော်ပါတော့။

[၁၅၊ ၅၊ ၃၈]

နောက်စာတစ်စောင်တွင် ရှုပါဦး။

ဤ 'ပဋ္ဌာစာရီ' ဆိုသော ဆောင်းပါးနှင့် 'နောင်' တို့ကို ဂန္ထလောက စက်တင်ဘာလထုတ်တွင် ဖတ်ရမည် ထင်၏။ 'သူပုန်အငွေ့' ကိုကား ဒဂုန်တွင် တွေ့ရလိမ့်မည် ထင်သည်။ စက်တင်ဘာလ အတွက်တော့ ပြီးသွားပြီ။ အောက်တိုဘာလ အတွက် လိုသေး၏။ အားလပ်ခွင့်ရ၍ စိတ်ကူးများ ကောင်းနေ မှဖြင့် တစ်နာရီအတွင်း ဆောင်းပါးနှစ်စောင်ခန့် ရ၏။ အလုပ် တွေများ၍ စိတ်ရှုပ်ထွေးနေမှဖြင့်လည်း ဘာမျှ ရေး၍မရ။ အားတဲ့အခါ စိတ်ကူးပေါက်တဲ့အခါများ ရသလောက် ရေး ထားရပေသည်။ ... မောင်မြသွင်တို့ ရေးတုန်းအခါကတော့ တနင်္ဂနွေတစ်ပတ်လျှင် နှစ်စောင်ကျ ရေးခဲ့ပေတယ်။ မောင်ဝ တို့ကတော့ တစ်လမှ နှစ်စောင်လောက်ရယ်။ မောင်မြသွင်နှင့် မကွာလား။

[၁၊ ၈၊ ၃၃]

ဦးစိန်တင်သည် မိမိကိုယ်တိုင်လည်း အမြဲ ရေးသည်။ သူတစ်ပါး ရေးသည် တို့ကိုလည်း အမြဲ ဖတ်သည်။ ချို့တဲ့ ချွတ်ယွင်းချက်တို့ကို တွေ့လျှင် ဝေဖန်သည်။ ကောင်းသည့် အချက်တို့ကို တွေ့လျှင် ချီးကျူးသည်။ ထိုစဉ်အခါက ဆယ်တန်း သားများ မြန်မာစာတွင် ညံ့ဖျင်းနေသည်ကို သိရသောအခါ ဦးစိန်တင်သည် စိတ် မကောင်း ဖြစ်သည်။ ထို့ကြောင့် အကြောင်းရှာ၍ ဆေးပေးရန် ကြိုးစားသည်။ သူ့စာတစ်စောင်တွင် ဤသို့ ဝေဖန် သုံးသပ်ခဲ့သည်။

mgyoe.com

mgyoe.com



ဆယ်တန်းသားတွေ စာပေ အရေးအသား ဖျင်းတာကတော့ မပြောပါနဲ့တော့။ ဆရာတွေကိုကမှ နေရာမကျဘဲ ဟာကလား။ ဆယ်တန်းမှာ သင်ကြား ပြသနေကြတဲ့ မြန်မာ ဆရာတွေ အထဲက ကျောင်းသုံးစာအုပ်အပြင် အခြား အလွတ် စာအုပ်ကို ဖတ်ဖူးကြတဲ့လူ ဘယ်နှစ်ယောက်လောက် ရှိသလဲလို့ စစ်ဆေးကြည့်ပါဦး။ ကျောင်းသုံးစာအုပ်ကိုပင် ဟုတ်တိပတ်တိ မတတ်ပါဘဲ ..... ရေးသားထုတ်ဝေထားတဲ့ ဋီကာတွေ၊ အဖွင့်တွေကိုသာ လက်ကိုင်ထားပြီး သင်ကြား ပြသနေကြသည်သာ များလေသည်။ အချို့ မြန်မာဆရာတို့ကား ကျောင်းသားများလောက်မျှ မြန်မာစာ မတတ်ကြ။ ........

... ပညာအုပ်၊ ပညာဝန်ထောက်၊ ပညာဝန်တို့က မြန်မာစာပေကို တတ်၍ မြန်မာစာပေကို အရေးယူမှ ကျောင်းဆရာများ မြန်မာစာပေကို အရေးယူ လေ့လာကြပေလိမ့်မည်။ ကျောင်းဆရာများက မြန်မာစာပေကို အရေးယူ လေ့လာကြပါမှ ကျောင်းသားများ မြန်မာစာကို ကောင်းစွာ တတ်မြောက်ကြပေလိမ့်မည်။

[၂၈၊ ၆၊ ၃၆]

ဦးစိန်တင်၏ ချစ်ဖွယ်ကောင်းသော ဝါသနာတစ်ခုမှာကား ပညာသည်ကို ချစ်တတ်ခြင်းပင် ဖြစ်သည်။ ပညာသည်ကို ချီးကျူးရမည်လည်း ဦးစိန်တင် ဝန်မလေးပေ။ စာနယ်ဇင်းတို့ကို အမြဲ လေ့လာ၍ အစွမ်းအစ ရှိသူကို တွေ့လျှင် သတင်းမေးပြီးလျှင် စာလှမ်းရေးကာ မိတ်ဆက်လေ့ ရှိသည်။ အားပေးလေ့ ရှိသည်။ နည်းနာနယတို့ကို တောင်းလျှင် မမောမပန်း ညွှန်ပြလေ့ ရှိသည်။ ပညာသည် တို့ကို ချီးကျူးခြင်းနှင့် စပ်၍ သူ့စာတစ်စောင်တွင် ဤသို့ တွေ့ရသည်။

သာဒိုးအောင်ဆု ရသူများ အကြောင်းလည်း ရေးရဦးမည်။ ဝေလမင်းသားဆု ရသူတွေ အကြောင်းကိုလည်း ရေးဦးမည် စိတ်ကူးထားသေး၏။ ဤသို့ ရေးခြင်းအားဖြင့် ရပြီးသား သူတို့အားလည်း ချီးမြှောက်ရာ ရောက်၏။ မရသေးသော သူတို့ကိုလည်း အားပေးရာကျလေသည်။

[၂၈၊ ၇၊ ၃၃]

mgyoe.com

mgyoe.com



နောက်တစ်စောင်တွင်ကား ဤသို့

> စန္ဒယား မောင်ကျော်နှင့် မိတ်ဆွေ ဟူ၍ ကြားရသောကြောင့် ဝမ်းမြောက်ပါ၏။ ဤသို့ တစ်ဖက်ဖက်တွင် ထူးချွန်သူအား များစွာ ချီးမြှင့်ချင်သော စိတ်ကား မောင်ဝတို့ မောင်မြသွင်တို့တွင် ကိန်းအောင်းနေပေ၏။ သိချင်၏။ ကျွမ်းချင်၏။ ချီးမွမ်းချင်၏။ သူလည်း ပညာသည်တစ်ဦးပင်။
>
> [၅၊ ၉၊ ၃၃]

သူ၏ နှလုံးထား အချုပ်မှာကား သဘောထားကြီးမှုပင် ဖြစ်သည်။ ဦးစိန်တင်သည် လောကဓံတရား အမျိုးမျိုးကို တွေ့ကြုံ သုံးသပ်ဖူး၍ သဘောထားကြီးမှုသည်သာ အားကိုးရာ ဖြစ်သည်ကို သိပုံရသည်။ ထို့ကြောင့် သူ့စာတစ်စောင်တွင် ဤသို့ ရေးလိုက်သည်။

> စာတတ်တိုင်းလည်း လူ မချီးမွမ်း၊ လူချစ် မများ၊ လူမစခြင်း မရှိ။ ထင်ပေါ်ခြင်း မရှိ။ ဤကို သတိများများ ထားရာသည်။ စာတတ်ပြီး သဘောထားကြီးမှသာလျှင် လူခင်များ၏။ လူချီးမွမ်းများ၏။ မစချင်သူ များ၏။ ထင်ပေါ်၏။
>
> [၂၇၊ ၆၊ ၃၃ ]

ဦးစိန်တင်သည် ဤကဲ့သို့ အမျိုးမျိုး အဖုံဖုံ အကြံပေး ရေးသားခဲ့သည့်အတိုင်း မိမိကိုယ်တိုင်လည်း လေ့လာကျင့်ဆောင်ခဲ့ပေသည်။

အထက်ပါ အကြောင်းရပ်တို့ကို ဦးစိန်တင် ရောက်ရာအရပ်က ပေးပို့သော စာများကို ကိုးကား၍ ရေးလိုက်ရခြင်း ဖြစ်ပေသည်။

## စာရေးဆရာ ဦးစိန်တင်

ဦးစိန်တင်သည် လူသားတစ်ဦး အဖြစ်ဖြင့် သဘောထားကြီးသူ ဖြစ်သည့်အတိုင်း သူရေးသော စာမူများသည်လည်း သူ၏ သဘောထားကြီးမှုတည်း ဟူသော မြေဆီလွှာမှ ကားကားစွင့်စွင့် ပွင့်လာသော စာများ ဖြစ်လေသည်။

ဦးစိန်တင်သည် စာပေကို ချစ်ခင်သကဲ့သို့ ပတ်ဝန်းကျင် လောကကိုလည်း ချစ်ခင်ခြင်း ရှိလေသည်။ ပညာရှင်ကို ရိုသေလေးစားသကဲ့သို့ ပတ်ဝန်းကျင် လောကကိုလည်း အယုတ်အလတ် အမြတ်မရွေး ရိုသေလေးစားခြင်း ရှိလေသည်။ သူ စာရေးသည်ဟု ဆိုအပ်သော ၁၉၂၇ ခုနှစ်မှ သူ အနိစ္စရောက်သော ၁၉၄၂ ခုနှစ်အထိ

mgyoe.com

mgyoe.com



တစ်ဆယ်ငါးနှစ်မျှသော ကာလအတွင်း သူ ရေးခဲ့သမျှသော စာပေဆောင်းပါး၊ ဝတ္ထုဆောင်းပါးတို့သည် သူ၏ချစ်ခင်တတ်ခြင်း၊ ရိုသေလေးစားတတ်ခြင်းတို့ကို သက်သေခံလျက် ရှိလေသည်။ အထူးအားဖြင့် ဝတ္ထုဆောင်းပါးများသည် ချစ်ခင်တတ်သော၊ ရိုသေလေးစားတတ်သော ဦးစိန်တင်၏ စေတနာကို ထင်ရှားစွာ ပြခဲ့လေသည်။ ထိုစေတနာကြောင့်ပင်လျှင် သူ၏စိတ်ကူးဉာဏ်နှင့် သူ၏အရေး အာဝဇ္ဇန်းတို့ကလည်း ကြည်လင်ရှင်ပျခြင်း ရှိလာရသည်ဟု ယူဆအပ်လေသည်။

ဦးစိန်တင်သည် မြန်မာနိုင်ငံတွင် ၁၉၂၉ ခုနှစ် စ၍ ပြည်သူ့ဝန်ထမ်းတစ်ဦး အဖြစ်ဖြင့် အမှုထမ်းခဲ့သူ ဖြစ်လေရာ သူ၏ စေတနာ ကျရောက်ရာ အရပ်သည် အများအားဖြင့် ပြည်သူ့ဝန်ထမ်းတစ်ဦး၏ ပတ်ဝန်းကျင် ဖြစ်လေသည်။ ထိုပတ်ဝန်းကျင်တွင် သူ မြင်သမျှ၊ ကြားသမျှ၊ ကြုံသမျှတို့ကို ဦးစိန်တင်သည် ဝတ္ထု ဆောင်းပါးများမှတစ်ဆင့် တင်ပြခဲ့လေသည်။ တင်ပြရာတွင် နယ်ပယ်ကို အုပ်ချုပ်ရသော ပြည်သူ့ဝန်ထမ်း တစ်ဦး၏ စိတ်ထားစေတနာဖြင့်လည်း တင်ပြခဲ့လေသည်။

ပြည်သူ့ဝန်ထမ်းတစ်ဦး အဖြစ်ဖြင့် ဦးစိန်တင်သည် မိမိ၏ရုံးခန်း ရုံးဝင်း၌လည်းကောင်း၊ ကျေးရွာများ၌လည်းကောင်း၊ စိတ်ညစ်စရာတို့နှင့်လည်း ကြုံခဲ့ရလေသည်။ ကရုဏာ ဖြစ်စရာတို့နှင့်လည်း ကြုံခဲ့လေသည်။ ကရုဏာဖြစ်လျက်နှင့် ထိုက်သင့်သော အပြစ်ဒဏ်ကို ပေးရခြင်းလည်း ရှိခဲ့သည်။ ပျော်စရာ နှစ်သက်စရာတို့နှင့်လည်း ကြုံခဲ့သည်။ မြို့ပေါ်က ရာထမ်း မှုထမ်း အမျိုးမျိုးနှင့်လည်း တွေ့ခဲ့ရသည်။ ကျေးရွာက သူကြီး၊ ကျောင်းဆရာတို့နှင့်လည်း တွေ့ခဲ့ရသည်။ ရာဇဝတ်မှု အမျိုးမျိုးကိုလည်း မြင်ခဲ့ရသည်။ ပြည်သူ့ဝန်ထမ်းတစ်ဦး၏ အလုပ်ဝတ္တရားဆိုင်ရာ အမှုကိစ္စ အမျိုးမျိုးကိုလည်း မြင်ခဲ့ရသည်။ ထိုသို့သော အတွေ့၊ အမြင်၊ အကြုံတို့တွင် ဦးစိန်တင်သည် ဘဝ၏ ဣဋ္ဌာရုံ အကွက်များကို လည်းကောင်း၊ ဘဝ၏ အနိဋ္ဌာရုံ အကွက်များကို လည်းကောင်း ဆင်ခြင် သုံးသပ်ခဲ့လေသည်။

ရုံးခန်း ရုံးဝင်းအတွင်း စိတ်ညစ်စရာအကွက်ကို 'နယ်ပိုင်မင်း' နှင့် 'လေလံပွဲ' တို့၌ လည်းကေင်း၊ ကရုဏာ ဖြစ်စရာအကွက်ကို 'ပဋ္ဌာစာရီ' ၌ လည်းကောင်း၊ ကရုဏာဖြစ်လျက်နှင့် ထိုက်သင့်သော ပြစ်ဒဏ် ပေးရသောအကွက်ကို 'တစ်ရာ့တစ်ဆယ်' ၌ လည်းကောင်း၊ ပျော်စရာ နှစ်သက်စရာအကွက်ကို 'လှည်းသမား' နှင့် 'အညာဘုရားပွဲ' တို့၌ လည်းကောင်း၊ မြို့ပေါ်က ရာထမ်း မှုထမ်းတစ်စု အကြောင်းကို 'အင်းဝ' နှင့် 'မြင်းတွေ' တို့၌ လည်းကောင်း၊ သူကြီးတစ်ဦး အကြောင်းကို 'ရွှေတိဂုံ' ၌ လည်းကောင်း၊ ရွာ ကျောင်းဆရာတစ်ဦး အကြောင်းကို 'ရွာကျက်သရေ' ၌ လည်းကောင်း၊ ရာဇဝတ်မှုတစ်ခု အကြောင်းကို 'ဓားပြမှု' ၌ လည်းကောင်း၊

mgyoe.com

mgyoe.com



ပြည်သူ့ဝန်ထမ်းတစ်ဦး၏ အလုပ်ဝတ္တရားဆိုင်ရာ အမှုကိစ္စတစ်ခု အကြောင်းကို 'ရွှေးကောက်ပွဲ' ၌ လည်းကောင်း၊ တစ်ခါတစ်ရံ သနားစရာ၊ တစ်ခါတစ်ရံ နှစ်သက်စရာ၊ တစ်ခါတစ်ရံ ချီးကျူးစရာ၊ တစ်ခါတစ်ရံ ရွှတ်ချစရာဖြစ်အောင် ရေးထားသည်ကို ဖတ်ရှုနိုင်လေသည်။

ဦးစိန်တင်သည် ပြည်သူ့ဝန်ထမ်းတစ်ဦး၏ အတွေ့၊ အမြင်၊ အကြုံတို့ကို သာမက လူသားတစ်ဦး၏ အတွေ့၊ အမြင်၊ အကြုံတို့ကိုလည်း ဝတ္ထု ဆောင်းပါးများဖြင့်ပင်လျှင် ဖွဲ့နွဲ့ခဲ့လေသည်။ ထိုဝတ္ထု ဆောင်းပါးများသည် အများအားဖြင့် ပျော်စရာ နှစ်သက်စရာ ဖြစ်လေသည်။ ဦးစိန်တင်၏ ဟာသသည် ထိုဝတ္ထုဆောင်းပါးများတွင် အထူးထင်ရှားလေသည်။ သူ၏ လူပျိုဘဝ စိတ်ကူးကို 'စည်းစိမ်' ၌ လည်းကောင်း၊ သူ့မိတ်ဆွေနှစ်ဦး အကြောင်းကို 'တို့ဆရာ' နှင့် 'ဂေါက်သီးစားဦးပေါ်စံ' တို့၌ လည်းကောင်း၊ သူ့သားငယ်နှင့် သမီးငယ်တို့ အကြောင်းကို 'နိုက်နိုက်ချွတ်ချွတ်' ၌ လည်းကောင်း၊ သူ့ချင်းခွေး နှစ်ကောင်၏ အချစ်ဇာတ်လမ်းကို 'သင်းတို့နှစ်ကောင်' 'သောကာ' နှင့် 'အချစ်မီး' တို့၌ လည်းကောင်း ဖတ်ရှုနိုင်လေသည်။

နှောင်းခေတ် မြန်မာစာပေသမိုင်းတွင် ကာရန် အချိတ်အဆက်ရှိသော စကားပြေမျိုးမှ စကားပြေ ရိုးရိုးသို့ ကူးပြောင်း၍ အရေးများလာလေသည်။ အစကနဦးတွင် စကားပြေရိုးရိုးကို ကာရန် အချိတ်အဆက်ရှိ စကားပြေမျိုးလောက် အရေးမပေးကြချေ။ နောင်အခါမှ အရေးပေးလာကြလေသည်။ ထိုသို့ အရေးပါလာအောင် စွမ်းဆောင်ကြသော စကားပြေစာရေးဆရာများအနက် ဦးစိန်တင်သည် ထူးချွန်သူတစ်ဦး ဖြစ်လေသည်။ ဦးစိန်တင်သည် အလွမ်းသမား မဟုတ်သဖြင့် လွမ်းစရာ ဆွေးစရာတို့ကို ရေးလေ့ မရှိချေ။ သို့ရာတွင် သူ့စေတနာအလျောက် ကြားမြင် ကြုံတွေ့ရသော ဘဝအကြောင်း လောကအကြောင်းတို့ကိုကား အာဝဇ္ဇန်း ရွှင်ရွှင်နှင့် ရှင်းရှင်းလင်းလင်း သရုပ်ဖော်နိုင်သူ ဖြစ်လေသည်။

**(ဦးဝန်နှင့် ဦးသိန်းဟန်)**

(ဤဆောင်းပါးသည် မြန်မာနိုင်ငံ ဘာသာပြန် စာပေအသင်းမှ ထုတ် ဝေသော 'မြန်မာ့စွယ်စုံကျမ်း' အတွဲ ၄၊ စ အက္ခရာ၊ မျက်နှာ ၅၇၊ ၅၈၊ ၅၉၊ ၆၀၊ ၆၁ နှင့် ၆၂ တို့တွင် ဖော်ပြထားသည့် ဆောင်းပါး ဖြစ်သည်။ မြန်မာနိုင်ငံ ဘာသာပြန် စာပေအသင်း၏ ခွင့်ပြုချက်အရ ကူးယူ ပုံနှိပ် ဖော်ပြအပ်ပါသည်။)

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## သိပ္ပံမောင်ဝ ခေတ်စမ်းသမား မဖြစ်မီက စာတမ်း

### ကိုးကွယ်ရာ ဘာသာရေးတွင် မိန်းမတို့၏ အခြေအနေ

မည်သည့် လူမျိုးမဆို မိမိတို့ ကိုးကွယ်အားထားရာ ဖြစ်သော ဘာသာတရားကို အရေးတကြီး အထွတ်အမြတ်ထားကြသည့်အတိုင်း ဘာသာနှင့် ထိခိုက်လာသည့် အခါ မိမိတို့ အသက်ကိုပင် ပမာဏမထားဘဲ စွန့်စားကြသည်များကို ရာဇဝင် တို့တွင် အထင်အရှား ရှိပါသည်။ နှစ်ပေါင်း သုံးရာကျော်က ဥရောပတိုက်တွင် ဘာသာရေးအတွက် ဖြစ်ပျက်သော စစ်မက်ကြီးသည် လူတို့၏ အသက်ပေါင်း များစွာကိုပင် ဖျက်ဆီးခဲ့ဖူးပါသည်။ ဆိုလိုရင်းအချက်မှာ ဘာသာရေးတရားသည် လူအပေါင်းတို့၏ စိတ်သဘောထားကို ပြုပြင် ပြောင်းလဲနိုင်သည်ဟု ဆိုလို ပါသည်။ လူတစ်မျိုး၏ အကျင့်အကြံ သဘောထားကို ၎င်းတို့ ယုံကြည်အားထား သော ဘာသာတရားကို ကြည့်ရှုခြင်းအားဖြင့် သိနိုင်ပါသည်။ မိန်းမတို့၏ အခြေ အနေ အရေးအခွင့်ကို စဉ်းစားရာ၌လည်း ဘာသာတရားကို မပယ်ထားသင့်ပါ။ ဘာသာတရားက မိန်းမများသည် ယောကျ်ားတို့ထက် အလွန်ယုတ်ညံ့သည်ဟု ဆိုပါလျှင် လူတကာတို့၏စိတ်တွင် ထိုအတူပင် သဘောထားကြမည်ကား မချွတ် ဖြစ်ပါတော့သည်။ ဘာသာတရားက မိန်းမတို့သည် ယောကျ်ားများထက် မြင့်မြတ် သည်ဟု ဆိုပြန်ပါကလည်း လူအများ၏ သဘောထားတွင် မလေးမစား ဖြစ်ပါ မည်။ ထို့ကြောင့် မြန်မာမိန်းမတို့၏ အခြေအနေ အတန်းအစားကို တွေးတော ရေးသားရာ၌လည်း ၎င်းတို့၏ အခြေအနေသည် ကိုးကွယ်ရာဖြစ်သော ဗုဒ္ဓဘာသာ တရားတော်တွင် မည်သည့် အခြေအနေ ရှိသည်ကို သိစေရန် အရေးကြီးသော အချက်ပင် ဖြစ်ပါသည်။ ဗုဒ္ဓဘာသာ တရားတော်၌ ယောကျ်ားနှင့် မိန်းမ မည်သူက မြတ်ပါသနည်းဟု မေးသည်ရှိသော် အများအားဖြင့် ယောကျ်ားက မိန်းမထက် မြင့်မြတ်သည်ဟု ရုတ်တရက် ဖြေဆိုမည်မှာ ဧကန်ပင် ဖြစ်ပါသည်။ ဤသို့ ဖြေဆို သောသူများသည် နက်နက်နဲနဲ မတွေးတောဘဲ ဖြေဆိုသောသူများသာ ဖြစ်သည်ဟု

mgyoe.com

mgyoe.com


ဆိုလျှင် မှားနိုင်ဖွယ်ရာအကြောင်း မရှိပါ။ နက်နက်နဲနဲ ထိုအကြောင်းကို စဉ်းစား တွေးတောမည် ဆိုပါလျှင် မိန်းမများသည် ဓာတ်သဘာဝမှတစ်ပါး အခြားအခြား သော နေရာဌာနများတွင် အတူတူပင် ဖြစ်ပါသည်။ ဓာတ်သဘာဝအားဖြင့် ယောကျ်ားက မိန်းမထက် မြတ်သည် ဆိုစေကာမူ အသက်အရွယ် ဂုဏ်အရည် အချင်းတို့ကိုလည်း အထူး ဆင်ခြင်သင့်ပြန်ပါသည်။ ဗုဒ္ဓဘာသာ တရားတော်၌ ဓာတ်သဘာဝ မြင့်မြတ်သည်ထက် ဂုဏ်အသက်ကို သာပြီး အရေးဂရုစမ္မ အလေး ပြုကြရသောကြောင့် ဂုဏ်အသက်နှင့် အရည်အချင်းတို့ကို ထောက်ရှု ကြည့်ရှု သည်ရှိသော် ယောကျ်ားနှင့် မိန်းမတို့၏ အခြေအနေကို တစ်မျိုးတစ်မည် ဆင်ခြင် သင့်ပြန်ပါသည်။ ဥပမာ၊ အမိနှင့် အဘတို့တွင် အဘကား ယောကျ်ား၊ အမိမှာ မိန်းမသား ဖြစ်စေကာမူ သားသမီးတို့ ဆောင်ရွက်အပ်သော ဝတ္တရား တစ်မျိုး တည်းပင် ဖြစ်ပါသည်။ အဘအား ရှိသေကိုင်းညွတ် လုပ်ကျွေးရသကဲ့သို့ အမိ အားလည်း ထို့အတူ လုပ်ကျွေးပြုစုရပါသည်။ သားသမီးတို့၏ ဝတ္တရားသည် အဘအပေါ်၌ တစ်စား၊ အမိအပေါ်တွင် တစ်မျိုးထားသည် မဟုတ်။ မိဘဝတ္တရား ဟူ၍သာလျှင် နှစ်ဦးစလုံးနှင့် သက်ဆိုင်သောကြောင့် အမိနှင့် အဘသည် မည်သူက ပိုမြတ်သည်ဟု မဆိုနိုင်ပါ။ အမိကို သတ်ကလည်း ပဉ္စာနန္တရိယကံထိုက်ပါသည်။ အဘကို သတ်ကလည်း ထိုကံပင် ထိုက်သောကြောင့် မည်သူက မြတ်သည်ဟူ၍ ဆိုနိုင်ပါမည်နည်း။ အမိက သားသမီးများအပေါ်တွင် ပိုမို၍ ဒုက္ခခံကြရသောကြောင့် အမိနှင့် အဘတွင် အမိကပင် သာလွန်၍ မြတ်သည်ဟု တစ်ရံတစ်ခါ ဆိုစမှတ် ပြုကြပါသည်။ သို့သော် ကျမ်းဂန် အခိုင်အမာကိုကား မပြနိုင်ကြပါ။ ရဟန်းပင် ဖြစ်လင့်ကစား အလွန်အိုမင်းမစွမ်း ဆင်းရဲနွမ်းပါးသော အမိနှင့် အဘတို့ကို ဆွမ်းခံ၍ လုပ်ကျွေးသော ရဟန်းအား မြတ်စွာဘုရားကပင် ချီးမွမ်းကြောင်းကို သုဝဏ္ဏသာမ ဇာတ်တော်နိဒါန်းတွင် အထင်အရှားပင် ရှိပါသည်။ ထိုပြင် မိခင်တို့၏ ကျေးဇူးကြီးကြောင်း၊ ကောင်းမြတ်ကြောင်းကိုလည်း မာတုပေါသက သုတ်တွင် အထင်အရှား မြတ်စွာဘုရား ဟောကြားထားပါသည်။ မောင်နှင့် နှမတို့မှာမူကား အသက်ကြီးခြင်းတည်းဟူသော ဝယဝုဍ္ဍိဂုဏ်ကြောင့် ဖြစ်ပါသည်။ ဤကိုအကြောင်း ပြု၍ ရှေ့လူကြီးများက "အစ်မကြီး အမိအရာ၊ အစ်ကိုကြီး အဘအရာ" ဆိုသော စကားပုံကို ထားခဲ့ကြဟန် တူပါသည်။ လင်နှင့် မယားတို့မှာမူကား လင်က မြတ် သည်ဟူ၍ စာများတွင် ဖော်ပြထားကြပါသည်။

သားနှင့်အမိ၊ မောင်နှင့်နှမ၊ လင်နှင့်မယား ဝယဝုဍ္ဍိ၊ ဂုဏဝုဍ္ဍိများကို **မစဉ်းစား** မူ၍ အားလုံးရောနှောပြီး ပညတ်ဖြစ်သော ယောကျ်ား၊ မိန်းမတို့ကို စဉ်း**စားသည်**

mgyoe.com

mgyoe.com


ရှိသော် ယောကျ်ားများကပင် မြတ်သည်ဟု ထင်ဖွယ်ရာအကြောင်း ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် မိန်းမတို့သည် ယောကျ်ားများထက် နိမ့်သည် ညံ့သည်ဟု စာများတွင် မကြာမကြာ တွေ့မြင်ရပါသည်။ "မိန်းမသာတည့်၊ ယုတ်မလိင်၊ ဟိန ခေါ်ရိုး၊ ဘဝမျိုးကြောင့်၊ ဘုန်းကျိုးပုညာ၊ နတ်နှယ်လှလည်း၊ မိန်းမကျက်သရေ၊ ယောကျ်ားခြေ၌ တည်နေရမျိုး" ဟူ၍လည်းကောင်း၊ "မိန်းမပျက်ကား၊ နံနက်မချွေ၊ ညနေဣသာ၊ ညဥ့်ခါရာဂ" ဟူ၍လည်းကောင်း၊ "တိရစ္ဆာန်မိန်းမ၊ လူမိန်းမဟု၊ ဘဝအလိုလို၊ ထိုသဘောမူ၊ အတူမရှိ၊ တူကြဘိ၏၊ ဇာတိသာခြား၊ ဓာတ်မပြားဘူး" ဟူ၍လည်းကောင်း၊ မာန်လည်ဆရာတော်ဘုရားကြီးသည် မဃဒေဝ လင်္ကာသစ် ပုတ္တောဝါဒခန်းတွင် အကျယ်အားဖြင့် ရေးသားထားခဲ့ပါသည်။ ဤအလိုကို ထောက်ခြင်းအားဖြင့် မိန်းမများသည် ယောကျ်ားတို့၏ ကျွန်လောက်မျှ ကောင်းကြမည်မဟုတ် ဖြစ်ပါသည်။ ပဒုမဇာတ်၊ ဣသိသိင်္ဂဇာတ် စသော ဝတ္ထုနိပါတ်များကို ထောက်ခြင်းအားဖြင့်လည်း မိန်းမတို့၏ သဘောထား သေးနုတ်ကြောင်းကို သိသာပါသည်။ မြတ်စွာဘုရား ကိုယ်တော်တိုင်ပင်လျှင် မိန်းမများ၏ အပြစ်ကို ထုတ်ဖော်ဟောကြားတော်မူလေ့ ရှိပါသည်။

ဤနေရာ၌ မြတ်စွာဘုရားသည် မိန်းမတို့၏ အပြစ်ချည်းကိုသာ ဟောကြား၍ ၎င်းတို့၏ ကောင်းကြောင်းများကို မဟောကြားသလောဟု မေးဖွယ်ရာ အကြောင်း ရှိပြန်ပါသည်။ မြတ်စွာဘုရားသည် မိန်းမတို့၏ အပြစ်ချည်းကိုသာ ဟောကြားသည် မဟုတ်၊ မိန်းမတို့၏ ကောင်းကြောင်း မြတ်ကြောင်း တို့ကိုလည်း အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဗုလ အစရှိသော မိန်းမမြတ်တို့ကို ဥပမာပြလျက် အတည့် အလင်း ချီးမွမ်းမိန့်မြွက်ခဲ့ပါသည်။ မာန်လည်ဆရာတော်ဘုရားကြီးပင်လျှင် မိန်းမတို့၏ ယုတ်မာသော အကျင့်တို့ကို ဖော်ပြသော်လည်း ယောကျ်ားများက မိန်းမတို့ထက် မြတ်ကြောင်းကိုကား မရေးသားခဲ့ပါ။ ယောကျ်ားများလည်း မိန်းမတို့ကဲ့သို့ အပြစ်ရှိကြောင်းကို ထုတ်ဖော် ရေးသားထားခဲ့တော်မူပါသေးသည်။ မဃဒေဝ လင်္ကာသစ်မှာပင် "လူ့ရွာဌာန၊ လူ့လောက၌၊ မိန်းမတို့သာ၊ ကျင့်ယုတ်မာ၍၊ မိစ္ဆာဆိုးပါး၊ မယုတ်ငြားဘူး၊ ယောကျ်ားသည်လည်း၊ ပညာနည်းတို့၊ စောင့်စည်းမရှိ၊ မျိုးဣတ္ထိတို့၊ မသိကျေးဇူး၊ သူ့ဂုဏ်ထူးကို၊ ထိမ်မြှုးချေတတ်၊ ကျင့်မမြတ်တည်း" ဟူ၍လည်းကောင်း၊ "ယောကျ်ားတို့စိတ်၊ မြင်တိုင်းညိတ်လျက်၊ ဆိတ်၏အသား၊ နွား၏သဘော" ဟူ၍လည်းကောင်း၊ "အနှစ်ပညာ၊ မရှိပါက၊ အင်္ဂါခြေလက်၊ ယောကျ်ားလျက်လည်း၊ မိန်းမထက်သာ၊ ယုတ်မာဆိုးဝါး၊ မိုက်လုံးထွားသည်" ဟူ၍လည်းကောင်း ရေးသားထားပြန်သဖြင့် အထက်ပါ မိန်းမတို့၏ ယုတ်မာခြင်း

mgyoe.com

mgyoe.com


နှင့် ယောကျ်ားများ၏ ယုတ်မာခြင်း နှစ်ရပ်တို့ကို ထောက်စာပြန်သော် လင်္ကာ ရေးသူ ဆရာတော်ကြီးပင်လျှင် မိန်းမနှင့် ယောကျ်ား တစ်စားတည်းထားကြောင်း ကိုသာ ရေးပါသည်။ ထို့ပြင်မှတစ်ပါး "ကျေးကျွန်မကောင်း၊ ငါလျှင်မောင်းလည်း၊ ထောင်းထောင်းရှေ့နေ၊ ခေါ်လှည့်ချေသို့" ဟူ၍လည်းကောင်း၊ "သဒ္ဓါဟုန်ဖြင့် ခုံနှင့် ပန်းထောင်း၊ တန်ဆောင်းဆီမီး၊ ထီးတံခွန်က၊ စသည်ကောင်းမှု၊ ဆယ်ဝတ္ထုဖြင့်" ဟူ၍လည်းကောင်း၊ ကိုးခန်းပျို့တွင် ပုရောဟိတ် ပုဏ္ဏားက မိမိကြင်ရာ ပုဏ္ဏေးမ အကျင့်မြတ်ကြောင်းကို ဖော်ပြထားပြန်ပါသည်။

အချုပ်အားဖြင့် ဇာတ်အနေတွင် မိန်းမတို့သည် ယောကျ်ားထက် နိမ့်သည် ဆိုစေကာမူ သာသနာဘောင်တွင် တစ်စားတည်း ထားခဲ့ကြောင်းကို သိရှိရပါ သည်။

မြတ်စွာဘုရား လက်ထက်တော်အခါက မိန်းမများလည်း ရဟန်းများကဲ့သို့ ပင် ဘိက္ခုနီ ရဟန်းမများ အဖြစ်သို့ ဝင်ရောက်နိုင်ခွင့် ရကြပါသည်။ ရဟန်း အဂ္ဂသာဝက မဟာသာဝကများကဲ့သို့ ဘိက္ခုနီ ရဟန်းမ အဂ္ဂသာဝက၊ မဟာ သာဝကများလည်း မြတ်စွာဘုရား ရွှေလက်ထက်တော်က ထင်ရှားစွာ ရှိကြပါ သည်။ ခေမာ၊ ဥပ္ပလဝဏ် စသော ဘိက္ခုနီမတို့သည် သာသနာ့ဘောင်တွင် အထွတ်အထိပ်သို့ ရောက်ခဲ့ကြသော ဘိက္ခုနီ ရဟန်းမိန်းမကြီးများ ဖြစ်ကြပါ သည်။

ထို့ပြင် ဗုဒ္ဓဘာသာ တရားတော်မြတ်၏ လိုရင်းအချက်ကြီးသည်ကား နိဗ္ဗာန်ပင် ဖြစ်ပါသည်။ ဤအမွန်မြတ်ဆုံး ဖြစ်သည့် နိဗ္ဗာန်ကိုပင် ယောကျ်ား၊ မိန်းမ မဟူ မည်သူမဆို ရောက်ပေါက်ရန် ကြိုးစားကျင့်ကြံခွင့်ကို ရကြသူချည်းပင် ဖြစ်ပါသည်။ မိန်းမ ဖြစ်သောကြောင့် နိဗ္ဗာန်ရောက်ရန် မကြိုးစားရ ဟူသော အဆုံး အဖြတ်သည် ဗုဒ္ဓဘာသာ တရားတော်တွင် ရှိသည် မဟုတ်ပါ။ ဤအချုပ်အချာ ဖြစ်သော နေရာဌာနတွင်ပင် ယောကျ်ားနှင့် မိန်းမ တစ်တန်းတည်းထားပါက ဤမျှ အရေးမကြီးသော အချက်များတွင် ဆိုဖွယ်ရာအကြောင်းမရှိ ဖြစ်ပါတော့သည်။ မိန်းမသော်လည်းကောင်း၊ ယောကျ်ားသော်လည်းကောင်း မိမိတို့၏ အတွင်း ဓာတ်ခံနှင့် အကျင့်အကြံ မြင့်မြတ်သည်၊ မမြင့်မြတ်သည်သာလျှင် အကြောင်းရင်း ဖြစ်ပါတော့သည်။ ပရမတ်အားဖြင့် ဆိုရသည်ရှိသော် ယောကျ်ား မိန်းမပင် ပြစရာ မရှိ၊ ၃၂ ပါးသော အစိတ်အပိုင်းတို့၏ စုဝေးရာသာလျှင် ဖြစ်သောကြောင့် မည်သူက မြတ်သည်၊ မည်သူက မမြတ် ဟူ၍ ဆုံးဖြတ်နိုင်ရန် တတ်နိုင်တော့မည် မဟုတ် ဖြစ်ပါတော့သည်။ ဤကိုထောက်ခြင်းအားဖြင့် ယောကျ်ား မိန်းမ မဟူ

mgyoe.com

mgyee.com


အတွင်းစာတ်ခံသာလျှင် ပဓာန အရင်းခံ ဖြစ်ပါတော့သည်။ ဥပမာ၊ အလွန်ယုတ်ညံ့သော ဓာတ်ခံရှိသူ ယောကျ်ားနှင့် အလွန်မြင့်မြတ်သော ဓာတ်ခံနှင့် ပြည့်စုံသူ မိန်းမသည် မည်သူက မြတ်သနည်းဟု မေးငြားအံ့။ အတွင်းဓာတ်ခံ မြင့်မြတ်သော မိန်းမကသာ မြတ်သည် ဟူ၍ပင် ဖြေဆိုရပါမည်။ အထက် ဖော်ပြခဲ့ပြီးသည်အတိုင်း ဗုဒ္ဓဘာသာ တရားတော်တွင် အချုပ်အားဖြင့် ဆိုရသည်ရှိသော် မိန်းမနှင့်ယောကျ်ား မည်သူက မြတ်သည်ဟူ၍ မဆိုသာ။ အတွင်းဓာတ်ခံသာလျှင် ပဓာနဖြစ်ကြောင်း ကောင်းစွာ ထင်ရှားပါသည်။ ဤအတိုင်းပင် မာန်လည်ဆရာတော်ဘုရားကြီးလည်း မဃဒေဝ လင်္ကာသစ်တွင် "ယုတ်မြတ်ဟူကြ၊ ဤလောကဌ်၊ မိန်းမယောကျ်ား၊ သဘောအားဖြင့်၊ ခြားနားမရှိ၊ သားချစ်သိလော့၊ သတိပညာ၊ အရင်းသာတည့်၊ ပညာမည်ငြား၊ ဤဘုရားလည်း၊ ယောကျ်ား၌သာ၊ မဟူရာဘူး" ဟူ၍ မိန်းမနှင့် ယောကျ်ား တစ်စားတည်း ထားခြင်းကို သဘောတူပါသည်။

## တိုင်းရေးပြည်ရေးတွင် မြန်မာမိန်းမတို့၏ အခြေအနေ အရေးအခွင့်

ဘာသာရေးတွင် မိန်းမတို့၏ အခြေအနေ မည်မျှရှိသည်ကို စဉ်းစားပြီးသည့် အခြားမဲ့၌ တိုင်းရေးပြည်မှုတွင် မိန်းမများ၏ အခြေအနေ အခွင့်အရေး မည်မျှရှိကြောင်းကို ဆက်လက် စဉ်းစား ရေးသားရန် ကျန်ပါသေးသည်။ တိုင်းရေးပြည်မှုတွင် မိန်းမများလည်း ဝင်ရောက်ဆောင်ရွက်နိုင်ခွင့်ရစေရန် ဆူပူတောင်းဆိုကြသည်မှာ အနောက်နိုင်ငံက အစပင် ဖြစ်ပါသည်။ မည်သည့်တိုင်းပြည်မှာမဆို ယောကျ်ားနှင့် မိန်းမ ပါရှိနေကြရာတွင် ယောကျ်ားများကိုသာ တိုင်းပြည်အုပ်ချုပ်ရေး၊ မဲဆန္ဒပေးရေးတို့တွင် အခွင့်အရေး ပိုမို၍ ပေးခြင်းမှာ မတရားရာ ကျလေသည် ဟူ၍ အနောက်နိုင်ငံသူများက ဆူပူပြောဆိုကြသည့်အတွက် အနောက်နိုင်ငံတို့တွင် မိန်းမများ တိုင်းပြည်ရေးတွင် မဲဆန္ဒပေးနိုင်ခွင့် ရသည်သာမက ပါလီမန်ခေါ် ဥပဒေအဖွဲ့အစည်းများတွင်လည်း ဝင်ရောက်ဆောင်ရွက်ခွင့် ရကြပါသည်။ မြန်မာမိန်းမတို့သည်လည်း အနောက်နိုင်ငံသူများနည်းတူ မိမိတို့ အခွင့်အရေးများ ပိုမိုရရှိရန် တောင်းဆိုစ ပြုလာကြပါပြီ။ မြန်မာပြည်သူများအကြောင်း ရေးသားရာတွင် အတိတ်နှင့် ပစ္စုပ္ပန် နှစ်တန်စလုံးကို သိမ်းရုံးပြီး ရေးသားပါမှ အလုံးစုံ သဘောမှန်ကို သိရပါမည်။

တိုင်းရေးပြည်ရေး ဆိုသော စကားနှင့် တိုင်းပြည်အုပ်ချုပ်ခြင်း ဆိုသော စကားတို့သည် အခေါ်သာခြား၍ သဘောသွားမှာ အတူတူပင် ဖြစ်ပါသည်။ ရှေးအထက်ကျော်အခါက မြန်မာမိန်းမတို့သည် တိုင်းပြည်အုပ်ချုပ်ရေးတွင် ပါဝင်ခဲ့သည်

mgyee.com

mgyoe.com


မပါဝင်ခဲ့ကြသည်ကို ဤနေရာတွင် ဖော်ပြရေးသားရန်သာ ရှိပါတော့သည်။ တိုင်းပြည်အုပ်ချုပ်ရေးတွင် အထွတ်အထိပ် အချုပ်အချာဖြစ်သော ဘုရင်မင်းမြတ်များ အခြေအနေသို့ပင် မိန်းမများ ရောက်ခဲ့ကြကြောင်းကို ရာဇဝင်များတွင် အထင်အရှား ထွက်ဆိုပါသည်။ လွန်ခဲ့သော နှစ်ပေါင်း လေးရာကျော်အခါက ဟံသာဝတီ ပဲခူးတွင် ရှင်စောပုနှင့် ရှင်စောနှစ်တို့သည် ဘုရင်မကြီးများ အဖြစ်နှင့် တိုင်းပြည်ကို ငြိမ်ဝပ်ပိပြားစွာ အုပ်ချုပ်စိမံတော်မူခဲ့ကြဖူးပါသည်။ တိုင်းပြည် တစ်ပြည်လုံးကို ကောင်းစွာ စီမံအုပ်ချုပ်နိုင်သည့် အစွမ်းသတ္တိသည် သာမည ယောကျ်ားများ၌ ရှိသည် မဟုတ်ပါ။ မင်းငါးဆက်ကိုင်တိုင် မိဖုရား ဖြစ်ခဲ့ဖူးသူ ရှင်ဘို့မယ်သည်လည်း မိမိကိုယ်တိုင် ဘုရင် မဟုတ်စေကာမူ တိုင်းရေးပြည်ရေးတွင် များစွာ ကျွမ်းကျင်ပြီး တွင်ကျယ်ခဲ့ဖူးပါသည်။ မင်းတုံးမင်းတရားကြီး၏ အလယ်နန်းတော်မိဖုရား ဆင်ဖြူမရှင်သည်လည်း မင်းတုံးမင်း နတ်ရွာစံလွန်တော်မူသည်နှင့် တစ်ပြိုင်နက် မိမိနှစ်သက်သော သီပေါမင်းသား ထီးနန်းဆက်ခံရလေအောင် ဆောင်ရွက်နိုင်သည်မှာလည်း သာမည အစွမ်းသတ္တိ မဟုတ်ပါ။ များမကြာမီအခါက နတ်ရွာစံလွန်တော်မူသော အရှင်မိဖုရားခေါင်ကြီးမှာလည်း အင်္ဂလိပ်မင်းလက်သို့မပါမီ တိုင်းပြည်အုပ်ချုပ်ရေးတွင် သီပေါမင်းတရားကြီးထက်ပင် အာဏာတန်ခိုး ကြီးတော်မူခဲ့ဖူးပါသည်။ တိုင်းရေးပြည်ရေးတွင် အထွတ်အထိပ် ဖြစ်သော နေရာဌာနများမှာ မိန်းမတို့ ကြီးစိုး ဆောင်ရွက်နိုင်ခဲ့သည်ရှိသော်၊ ထိုထက်နိမ့်သော အရာဌာနများမှာ ဆိုဖွယ်ရာ အကြောင်း အဘယ်မှာ ရှိတော့အံ့နည်း။

မြန်မာမင်းများ လက်ထက်တော်အခါက မိန်းမရွာသူကြီး၊ မိန်းမဆယ်အိမ်ခေါင်း၊ မိန်းမစာချီ၊ မိန်းမထိုင်စား၊ မိန်းမရေးစားများ အမြောက်အမြား ရှိခဲ့ကြောင်းကိုလည်း ရှေးအထက်ထက် ရေးသားထားခဲ့သော စစ်တမ်းများကို ဖတ်ကြည့်ခြင်းအားဖြင့် ကောင်းစွာ သိရှိရပါသည်။ ဤအကြောင်းနှင့် ပတ်သက်၍ သာဓကထုတ်ဆောင်ပြရမည်ဆိုသော် သက္ကရာဇ် ၁၁၂၇ ခုနှစ်၊ ငလှိုင်ရွာ စစ်တမ်းတွင် အောက်ပါအတိုင်း တွေ့မြင်ရပါသည်။

### ငလှိုင်ရွာစစ်တမ်း

"သက္ကရာဇ် ၁၁၂၇ ခု၊ ဝါဆိုလပြည့်ကျော် ၂ ရက်နေ့ စစ်မေးသော် ထွက်ဆိုသည်မှာ၊ ငလှိုင်ရွာကို ဘွားမမိထော် စီရင်သည်။ မရှိလျှင် အမိ မိငြိုင် စီရင်သည်။ မရှိလျှင် ကျွန်တော်မ (၁၁၁၆) ခုနှစ်ကသည် ယခုတိုင် စီရင်ပါသည်။

ထိုပြင်မှတစ်ပါးလည်း ၁၁၁၉ ခုနှစ် စစ်တမ်းတွင် မြေခဲ ရွာသူကြီးသည့်

mgyoe.com

mgyoe.com


မိန်းမ ဖြစ်ကြောင်း၊ ၁၁၂၇ ခုနှစ် တောင်ပုံတန်းအဝင် ရေမြောက်ရွာစစ်တမ်းတွင် ၎င်းရွာသူကြီးသည် မမိငြိမ်း ဖြစ်ကြောင်း တွေ့မြင်ရပါသည်။ ထိုပြင် ပုဂံနယ်တွင် မိန်းမ ရွာသူကြီး (၆) ယောက် ရှိကြောင်း၊ မဒယာနယ်တွင် မိန်းမမြေထိုင် နှစ်ယောက် ရှိကြောင်းများကိုလည်း ဆရာကြီးတစ်ဦး ပြောကြား၍ မှတ်သားမိပါသည်။ မိန်းမ ရွာသူကြီး၊ မိန်းမ ဆယ်အိမ်ခေါင်းများ အကြောင်း လင်္ကာ အထောက်အထားမှာလည်း အောက်ပါအတိုင်းပင် ဖြစ်ပါသည်။

## မိန်းမဆယ်အိမ်ခေါင်းဖွဲ့သီချင်း

သာလွန်းလှတယ်၊ အစ်မမယ်တို့ရွာ၊ အကာမှာ ပင်ဝါးရိုးငယ်နှင့်၊ အမိုးမှာ ထန်းရွက်တင်၊ ကြမ်းပြင်မှာ အင်ပေါက်ခင်းပါလို့၊ ကာဝင်းမှာတော့ နွယ်ဘူးလိမ်၊ ဆယ်အိမ်ခေါင်းတဲ့ မဖေလေး။ ။ သမီးငယ်ပျိုခင်၊ ဥစ္စာများလို့ ဝတ်စားငယ်ဆင်သယ်၊ အလို မမြင်ဝံ့ပါတကားနော်အဝေး။ ။ အဖိုးတန်ရာ၊ ဆင်သည်မှာလဲ၊ ခပ်ပြာခွန့်ပေါင်း၊ တွင်းနားတောင်းနှင့်၊ ရောင်မောင်းရိုးခံ၊ ရွှေရည်ဝတ်မှာ၊ လက်စွပ်တွေရံလိုက်လို့၊ ခေါက်ပြန်ကျော့ရင်၊ ကျောက်ပုတီး ညီးအောင်ဆင်လို့၊ အင်မတန် အနေမှာ သူ့အမေဆယ်အိမ်မင်းပေမို့၊ တင်းလှတယ်လေး။ ။

ရှေးမြန်မာမင်းလက်ထက်တော် အခါများက ရွာသူကြီးတို့သည် ယခုကာလ မြို့အုပ် မြို့ချုပ်တို့မျှလောက်ပင် တန်ခိုးအာဏာ ကြီးမားကြပါသည်။ ထိုအခါက ယောကျ်ားရွာသူကြီး ဖြစ်စေ၊ မိန်းမရွာသူကြီး ဖြစ်စေ၊ သားစဉ်မြေးဆက် ဆက်ခံ အုပ်ချုပ်ကြရပါသည်။ မိန်းမရွာသူကြီးရုံး ဖြစ်လျှင် သမီးများသာ ဆက်ခံကြရပါသည်။ သားများမှာ ဆက်ခံခွင့် မရကြပါ။ ပုသိမ်မြို့စစ်တမ်းတွင် ဖတ်ရဖူးသည်မှာလည်း ပုသိမ်မြို့ရှိ ဆားကျင်းများကို ထိုအခါက သမီးများက ဆက်ခံခွင့်ရ၍ သားများမှာ လုံးလုံးပိုင်ဆိုင်ခွင့် မရကြပါ။ ထိုနည်းအတူ ယခုတိုင်ပင် အချို့သော ရေနံရိုးတို့တွင် ယောကျ်ား မဆက်ခံရဘဲ သမီး မိန်းမများသာ ဆက်ခံကြရပါသည်။ အဆိုပါအချက်တို့အား ထောက်ထားသဖြင့် တိုင်းပြည် အုပ်ချုပ်ရေးတွင် မိန်းမများကလည်း ယောကျ်ားများလောက်ပင် အရေးအခွင့် ရခဲ့ကြကြောင်း ထင်ရှားပါသည်။ မြန်မာပြည်သည် အင်္ဂလိပ်မင်းတို့လက်အောက်သို့ ရောက်သည့်နေ့မှ အစပြု၍ မိန်းမရွာသူကြီး၊ မိန်းမဆယ်အိမ်ခေါင်းများ တဖြည်းဖြည်း ပပျောက်သွားကြပြီ ဖြစ်သော်လည်း အချို့ဒေသများတွင် ယခုတိုင်ပင် မိန်းမရွာသူကြီး၊ မိန်းမဆယ်အိမ်ခေါင်းများ ရှိသေးသည်ဟု ကြားဖူးပါသည်။ သို့သော် ရှေ့အထက်ကျော် အခါကကဲ့သို့ ဂုဏ်သြဇာ မရှိကြသောကြောင့် လုပ်ချင်သူ အလွန်ရှားပေလိမ့်မည်။

mgyoe.com

mgyoe.com


နှစ်ပေါင်း များမကြာမီက မြန်မာပြည် ပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်၍ ဆောင်ရွက်ကြရာမှာလည်း မိန်းမများ ပါဝင် ကူညီကြပါသည်။ ယောကျ်ားများ အသင်းအပင်း ဖွဲ့စည်းတည်ထောင်ကြသကဲ့သို့ မိန်းမများလည်း မိန်းမ အသင်း အပင်းများ ဖွဲ့စည်းတည်ထောင်ကြပါသည်။ ယောကျ်ားများ တိုင်းပြည်ရေး တရား ဟောနှင့် ပတ်သက်၍ နယ်လှည့်တရားဟော ထွက်ကြသကဲ့သို့၊ မိန်းမ တိုင်းပြည် ရေး တရားဟောပုဂ္ဂိုလ်တို့လည်း နယ်လှည့်ကာ တရားဟောပြောကြပါသည်။ အချို့ အချို့သော တိုင်းပြည်ခေါင်းဆောင်များ အစိုးရပြစ်မှုကို ခံကြရသကဲ့သို့ အချို့ အချို့သော မြန်မာအမျိုးသမီးများလည်း အစိုးရပြစ်မှုကို ခံကြရပါသည်။ ဤသို့ တိုင်းပြည်ရေး ရွက်ဆောင်ရာတွင် မိန်းမများနှင့် ယောကျ်ားတို့ တစ်တန်း တည်းပင် ဖြစ်ပါသည်။ အစိုးရက ပေးသော အခွင့်အရေးဖို့မှာမူကား အချို့နေရာ တို့တွင် ယောကျ်ားများလောက် မရကြ ဖြစ်ပါသည်။ မြူနီစီပါယ်လူကြီး ရွေး ကောက်ရေး၊ ဥပဒေပြု မင်းတိုင်ပင်အမတ် ရွေးကောက်ရေးတို့တွင် မိန်းမများလည်း မဲဆန္ဒပေးနိုင်ခွင့်ကို ယောကျ်ားများကဲ့သို့ ရရှိပါသည်။ သို့ရာတွင် မြူနီစီပါယ်လူကြီး အဖြစ် မင်းတိုင်ပင်အမတ်များ အဖြစ်နှင့် တိုင်းပြည်အကျိုး ရွက်ဆောင်နိုင်ခွင့် မရ ကြပါ။ များမကြာမီက မန္တလေးမြို့တွင် မြူနီစီပါယ်လူကြီး အဖြစ်နှင့် မိန်းမများ ဝင်ရောက် အရွေးအကောက်ခံမည်ဟူ၍ ရှိရာတွင် အချို့သောသူများက သတင်းစာ မှနေ၍ ကောင်းစွာ ကန့်ကွက်သည်ကို တွေ့မြင် ဖတ်ကြည့်ရပါသည်။ နောင် မည်သို့ ဖြစ်ဦးမည်ကို အသေအချာ မသိနိုင်သေးပါ။ မိန်းမများပင် ဖြစ်စေကာမူ ယောကျ်ားများလောက် အရည်အချင်းနှင့် ပြည့်စုံပါက မြူနီစီပါယ်လူကြီးများ အဖြစ်နှင့် ဆောင်ရွက်ရန် အခွင့်ကို ပေးရန်သင့်ပါသည်။

ရှေးအထက်ထက်က မိန်းမတို့သည် တိုင်းရေးပြည်ရေးတွင် ကောင်းစွာ ဆောင်ရွက်နိုင်ခဲ့သော် ယခုအခါတွင် အဘယ်မှာ မရွက်ဆောင်နိုင်ဘဲ ရှိပါအံ့နည်း။ တိုင်းရေးပြည်ရေးတွင် မိန်းမများ ဆန္ဒပေးခွင့် ရရှိကြသော်လည်း ရွှေတိဂုံဘုရား လူကြီး ရွေးကောက်ရေးတွင် မိန်းမများ ဆန္ဒပေးခွင့် မရသည်မှာ လွန်စွာထူးဆန်း သော အချက်တစ်ခုပင် ဖြစ်ပါသည်။ ဤအကြောင်းနှင့် ပတ်သက်၍ မိန်းမတစ် ယောက်က ၁၂၈၇ ခု၊ တပို့တွဲလဆန်း ၁၅ ရက်နေ့ထုတ် သူရိယ သတင်းစာတွင် အောက်ပါအတိုင်း ရေးသားသည်ကို တွေ့မြင်ရပါသည်။

"မင်းတိုင်ပင်အမတ် ရွေးကောက်ပွဲနှင့် မြူနီစီပါယ်လူကြီး ရွေးကောက်ပွဲ များတွင် မြန်မာ အမျိုးသမီးတို့မှာ ဝင်ရောက်၍ မဲဆန္ဒပေးရန် အခွင့်ရကြပါသည်။ သို့သော် ရွှေတိဂုံဘုရား ဘဏ္ဍာတော်ထိမ်း ရွေးကောက်ပွဲ၌မူ ဗုဒ္ဓဘာသာ အမျိုး

mgyoe.com

mgyoe.com


သမီး ဖြစ်သူတို့မှာ ယောကျ်ားများကဲ့သို့ မဲဆန္ဒ ဝင်ရောက်ပေးပိုင်ခွင့် မရရှိခြင်းမှာ များစွာ အထူးအဆန်း ဖြစ်နေပါသည်။ ဗုဒ္ဓဘာသာ မြန်မာ အမျိုးသမီးတို့သည် ဘာသာရေးတွင် အမျိုးသား ယောကျ်ားများထက် တိုး၍ အရေးမယူလျှင်သာ ရှိရမည်၊ တန်းတူမှုကား လိုက်၍ အရေးယူလျက် ရှိပါသည်။"

အထက် အဆိုပါ ရေးသားတောင်းဆိုရာဖြစ်သော အရေးအခွင့်ကို ပေးသင့်သည်မှာ အမှန်ပင် ဖြစ်ပါသည်။ တိုင်းရေးပြည်ရေးထက် ဘာသာရေးတွင် မိန်းမများသည် ယောကျ်ားများထက် ညံ့သည် ဟူ၍ မဆိုနိုင်။ သာပင် သာကြပေလိမ့်မည်။

## နိဂုံး

အထက်ဖော်ပြပါ အချက် (၅) ချက်တို့တွင် မည်သည့်အချက်တွင်မှ ယောကျ်ားများက မိန်းမတို့ထက် မြတ်သည်၊ သာသည် ဟူ၍ မဆိုနိုင်။ မိန်းမများကလည်း ယောကျ်ားတို့ထက် သာသည်ဟူ၍ မဆိုနိုင်။ ၎င်းတို့ နှစ်စားအား နေရာတကာတွင် တစ်တန်းတည်း ထားမှသာလျှင် သင့်မြတ်ပါမည်။ ယောကျ်ားများနှင့် တစ်တန်းတည်း ဆိုစေကာမူ နေရာတိုင်းတွင် ဝင်ရောက် စွက်ဖက်ပြီး ယောကျ်ားများကဲ့သို့ ကျင့်ကြံ ဆောင်ရွက်နေရမည်ဟူ၍ မဆိုလိုပါ။ မိမိတို့ဆိုင်ရာဆိုင်ရာ တင့်တယ်သော နေရာများမှာကား ဝင်ရောက်ဆောင်ရွက်ရန် သင့်ပါသည်။ ယောကျ်ားများနှင့် တန်းတူသဘောထားပြီး ယောကျ်ားတို့ သွားလာနေထိုင် ဝတ်စားကြသကဲ့သို့ ယောကျ်ားတို့ အတုယူကာ နေထိုင်သွားလာကြမည် ဆိုပါလျှင်လည်း မြန်မာထုံးစံဓလေ့များနှင့် ဆန့်ကျင်မည် ဖြစ်သောကြောင့် လူတကာမြင်၍ မတော်သည့်ပြင် မိမိတို့ အကျင့်စာရိတ္တမှာလည်း ချို့ယွင်းပျက်ပြားစရာအကြောင်း ဖြစ်ပါလိမ့်မည်။ အကျင့်စာရိတ္တကို ထိခိုက်မည့် နေရာများတွင်မူကား မိန်းမများသည် ကောင်းစွာ ရှောင်ရှားသင့်လှပါသည်။

■

(ကြီးပွားရေး မဂ္ဂဇင်း)

[ဤဆောင်းပါးမှာ ယခု စိတ်ကူးချိုချို စာအုပ်တိုက်၏ တတိယအကြိမ်ထုတ်တွင်မှ ဖြည့်စွက်ထည့်သွင်းခြင်း ဖြစ်ပါသည်။ ကြီးပွားရေး မဂ္ဂဇင်းတွင် ပြန်လည်ဖော်ပြစဉ်က ခေါင်းစဉ်ပြုသည့်အတိုင်း "သိပ္ပံမောင်ဝ ခေတ်စမ်းသမား မဖြစ်မီက စာတမ်း" အဖြစ် စာသမားတို့ နှိုင်းယှဉ်လေ့လာနိုင်ကြရန် ဖြစ်ပါသည်။]

mgyoe.com

mgyoe.com

# ယူနီဗာစီတီ ဘွိုင်ကောက်

ရန်ကုန်မြို့ ယူနီဗာစီတီကျောင်းကြီးကို သပိတ်မှောက်လာခဲ့ကြသည်မှာ နှစ်ပေါင်း ၁၅ နှစ်ပင် ကြာလေပြီ။ သို့သော် ထိုနေ့ကို ပြန်၍ စဉ်းစားကြည့်မည်ဆိုသော် မနေ့တစ်နေ့က ဟူ၍ ထင်မှတ်မိပေသည်။ ကျွန်တော်တို့ သပိတ်မှောက် ကျောင်းသားများ၏ စိတ်တွင် မနေ့တစ်နေ့က ဟူ၍ ထင်မှတ်စေကာမူ ယခုအခါ ပညာသင်ကြားနေကြသော ကျောင်းသားတို့၏စိတ်တွင်ကား ထိုသပိတ်မှောက်ကိစ္စကြီး ပေါ်ပေါက်ခဲ့သည်မှာ ရှေးသရောအခါက ဟူ၍ ထင်မှတ်ကြပေလိမ့်မည်။ ယခုလက်ထက် ကျောင်းသားများအနက် သပိတ်မှောက်ကိစ္စကြီးကို မိသောကျောင်းသားများ ရှိမည်မဟုတ်ပေ။ သို့ဖြစ်၍ ဤဆောင်းပါးတွင် သပိတ်မှောက်ကိစ္စကြီး ပေါ်ပေါက်ရပုံအကြောင်း၊ ၎င်းကိစ္စကြီး ပေါ်ပေါက်လာသောအခါ ကျောင်းသားများ မည်သို့ဆောင်ရွက်ကြပုံအကြောင်း၊ ထိုနောက် အမျိုးသားကျောင်းများ မည်သို့ ထွန်းကားလာပုံအကြောင်းတို့ကို စုံလင်စွာ ရေးသားဖော်ပြပါမည်။

အင်္ဂလိပ်သက္ကရာဇ် ၁၉၂၀ ပြည့်နှစ်၊ မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ်တွင် ဒုတိယဘုရင်ခံမင်းကြီးကား ဆာရယ်ဂျီနယ်ကရက်ဒေါက်၊ ပညာမင်းကြီးကား ဆာမတ်ဟန်းတားတို့ ဖြစ်ကြလေသည်။ သူတို့လက်ထက်တွင် ရန်ကုန်ယူနီဗာစီတီ ကျောင်းကြီးကို စတင် တည်ထောင်ကြရန် စီမံကြလေသည်။ ဤပုဂ္ဂိုလ်ကြီး နှစ်ဦးစလုံးပင် များစွာ စိတ်ထက်မြက်သူချည်းများ ဖြစ်ကြ၏။ သူတို့ စီမံသော ယူနီဗာစီတီ ဥပဒေတွင် ရန်ကုန်မြို့မှတစ်ပါး အခြား မြို့များတွင် ယူနီဗာစီတီ မရှိရ။ ၁၀ တန်း အောင်ပြီးသော်လည်း အချို့ကျောင်းသားတို့သည် ဥပစာတန်းတွင် ဆက်လက် မသင်ကြားရသေးဘဲ ၁၁တန်းဆိုသော အတန်းတွင် ဝင်ရောက်သင်ကြားရမည်။ ဂုဏ်ထူးတန်းများတွင် သုံးနှစ်နေပြီးမှ ဘီအေ၊ ဘီအက်စ်စီ စာမေးပွဲကို ဝင်ရမည် ဟူသော အချက်များ ပါဝင်လေသည်။

mgyoe.com

mgyoe.com


အထက်ဖော်ပြပါ အချက်များကို မနှစ်သက်ကြသောကြောင့် သတင်းစာများမှနေ၍လည်းကောင်း၊ ပြည်လုံးကျွတ် အစည်းအဝေးပွဲများနေ၍လည်းကောင်း များစွာ ကန့်ကွက်ကြလေသည်။ သို့သော် ၎င်းဥပဒေကြမ်းမှာ အတည် ဖြစ်၍ သွားလေတော့သတည်း။ ထိုအခါ တိုင်းပြည်ခေါင်းဆောင်ကြီးများနှင့် သတင်းစာအပေါင်းတို့က မိမိတို့ ဆောင်ရွက်၍ကား အထမမြောက်။ ကျောင်းသားများ ကိုယ်တိုင်က ဆောင်ရွက်မှသာ အထမြောက်တော့မည်ဟု ပြောကြား ရေးသားကြလေသည်။ ထိုအခါက ကောလိပ်ကျောင်းသားများစိတ်တွင် တိုင်းရေး ပြည်ရေး စိတ်ထားများ ကိန်းအောင်းနေစဉ် ဖြစ်သောကြောင့် သတင်းစာများက ရေးသားချက်တို့ကို အထူးအရေးယူကာ စဉ်းစားကြလေသည်။

တစ်နေ့သော် ရွှေတိဂုံဘုရား ရင်ပြင်တွင် ကောလိပ်ကျောင်းသားကြီးတစ်စုတို့သည် အစည်းအဝေးပွဲကလေးတစ်ခုကို ကျင်းပကြလေသည်။ ထိုအစည်းအဝေးပွဲကလေးတွင် ယူနီဗာစီတီကျောင်းကို သပိတ်မှောက်ရန် စဉ်းစားကြလေသည်။ သို့စဉ်းစားကြပြီးနောက် ရန်ကုန်ကောလိပ်နှင့် ယုဒသန် ကောလိပ်ကျောင်းသားအားလုံးပါသော အစည်းအဝေးပွဲကြီး ကျင်းပရန် ဆုံးဖြတ်ကြလေသည်။

ဤသို့ ဆုံးဖြတ်ပြီးနောက် များမကြာမီ အတွင်းမှာပင် ကောလိပ်ကျောင်းသားအားလုံး ပါဝင်သော အစည်းအဝေးပွဲကြီးကို ဗဟန်းကျောင်းတိုက် တစ်တိုက်အတွင်း၌ ကျင်းပကြလေသည်။ ထိုအစည်းအဝေးပွဲတွင် သပိတ်မှောက်ရန် အားလုံး သဘောတူကြလေသည်။ သို့ရာတွင် အချို့က ချက်ချင်း သပိတ်မှောက်ချင်ကြသည်။ သပိတ်မှောက်ပြီးမှ မိမိတို့လိုသော အချက်များကို တောင်းယူလိုကြလေသည်။ ထိုသူတို့၏ ခေါင်းဆောင်ကား ယခုအခါ ပြည်မြို့ အမျိုးသားကျောင်းအုပ်ကြီးအဖြစ် ဆောင်ရွက်နေသော ဦးဘဦး ဖြစ်၏။ အချို့သော ကျောင်းသားတို့ကမူကား မိမိတို့လိုသော အချက်ကို လက်ဦးတောင်းဆိုမည်။ ဤသို့ တောင်းဆို၍ ဆိုင်ရာက မပေးမှ သပိတ်မှောက်လိုကြလေသည်။ ထိုလူစု၏ခေါင်းဆောင်ကား ယခုအခါ အမျိုးသားပညာဝန် ပြုလုပ်နေသော ဦးဘိုးကျား ဖြစ်လေသည်။ အစည်းအဝေးပွဲတွင် ထိုအသင်း နှစ်သင်းတို့မှာ တစ်ဖက်နှင့် တစ်ဖက် အတော်ကြာအောင်ပင် အငြင်းအခုံ ဖြစ်နေကြလေသည်။ မည်သည့်ဖက်ကမှ လျှော့၍မပေးကြချေ။ နောက်ဆုံး မဲဆန္ဒယူသောအခါ ဦးဘဦးတို့ဖက်မှ မဲအနည်းငယ်နှင့် အနိုင်ရသွားလေသည်။ 'ရွှေခါချဉ် မာန်ကြီး တောင်ကြီးဖြိုမယ်ကြံ ခါးကမသန်' ဆိုသော စကားပုံကလေးကို ရွတ်ကာ ဦးဘိုးကျား ဆင်ခြေပေးနေသည်ကို ယခုထက်တိုင် မြင်ယောင် ကြားယောင်နေသေး၏။ ထိုအစည်းအဝေးကြီးကား မိုးချုပ်မှ ပြီးစီးလေသည်။

mgyoe.com

mgyoe.com


အစည်းအဝေးမှ ပြန်လာကြပြီးနောက် ကျောင်းသားအပေါင်းတို့မှာ စုရုံးစုရုံးနှင့် သပိတ်မှောက်ရန် အကြောင်းကိုသာလျှင် ဆွေးနွေးကြလေတော့၏။ အချို့က သဘောကျ၏။ အချို့က သဘောမကျချေ။ ထမင်းပွဲတွင် လည်းကောင်း၊ ကျောင်းအိပ်ကျောင်းစား အခန်းများတွင်လည်းကောင်း ဤအကြောင်းကိုသာ ပြောကြား၍ နေကြလေသည်။ ကျွန်တော်ကား ထိုအခါက ကျောင်းသားသစ်ကလေးမျှသာ ဖြစ်သောကြောင့် သူတကာ ပြောကြားသည်ကိုသာ နားထောင်ရ၏။ မိမိကမူကား ထင်မြင်ချက်များကို မပေးဝံ့ချေ။ သူတကာ သပိတ်မှောက်လျှင် မှောက်မည်။ သူတကာ သပိတ်မမှောက်လျှင်လည်း မမှောက် ဟူ၍ ဆုံးဖြတ်ထားလေသည်။

အင်္ဂလိပ်သက္ကရာဇ် ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့ မြန်မာသက္ကရာဇ် ၁၂၈၂ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကား တနင်္ဂနွေနေ့ ဖြစ်လေသည်။ ယခင်ညက သုစရိတယုဝအသင်း ကပွဲကို ဂျူဗလီဟောတွင် သွားရောက် ကြည့်ရှုသောကြောင့် အိပ်ပျက်လေရကား နံနက်စာ စားပြီးလျှင်ပြီးချင်း အိပ်ရာထဲတွင် ဝင်ကာ ကွေးတော့၏။ အိပ်ပျော်သွား၍ များမကြာမီမှာပင် "ထွက်ကြဟေ့၊ ထွက်ကြဟေ့" ဆိုသော အသံများကို ကြားသဖြင့် လန့်နိုး၍ ထကြည့်ရာ ကောလိပ်ကျောင်းသားကြီး ၁၀ ယောက်ခန့်တို့က "ထွက်ကြဟေ့၊ ဘွိုင်ကောက်လုပ်ပြီ၊ ဗဟန်းဇရပ်ကိုသွားကြ၊ မြန်မြန်သွားကြ၊ အားလုံး သွားကုန်ကြပြီ" ဟူ၍ ပြောပြောဆိုဆိုနှင့် အခြား ကျောင်းသားများ နေထိုင်ရာအိမ်သို့ ထွက်သွားကြကုန်၏။

ကျွန်တော်နှင့် တစ်အိမ်တည်း နေထိုင်ကြသူတို့လည်း တရုံးရုံး တဖြုန်းဖြုန်းနှင့် အင်္ကျီ လုံချည်များကို ဝတ်ကာ ဓာတ်ရထားဆိုက်ရာသို့ ထွက်သွားကြကုန်၏။ ကျွန်တော်ကား လက်ဦးကတည်းကပင် အများထွက်လျှင် ထွက်မည်။ အများဝင်လျှင် ဝင်မည် ဟူ၍ ဆုံးဖြတ်ထားသူ ဖြစ်သောကြောင့် အများထွက်သွားသည်ကို မြင်လျှင် အပေါ်အင်္ကျီကလေးကို ထပ်ဝတ်ကာ အခြား ကျောင်းသားများ နောက်မှ ကောက်ကောက်ပါအောင် လိုက်သွားလေတော့၏။ မျက်နှာသစ်ရန်ပင် သတိမရချေ။

ဓာတ်ရထားဆိုက်ရာတွင် ဆူဆူညံညံနှင့် ဓာတ်ရထား၏အလာကို စောင့်စား နေကြကုန်၏။ ဓာတ်ရထား ရောက်သောအခါ အားလုံး ဝိုင်းအုံတက်ကြသောကြောင့် ဓာတ်ရထားတစ်ခုလုံးမှာ ကောလိပ်ကျောင်းသားများနှင့် ပြည့်လျှက်နေတော့၏။ ဓာတ်ရထား မဆံ့သောကြောင့် ဓာတ်ရထားမောင်းသူအနားမှ ရပ်လျက် လိုက်ပါသူက တစ်မျိုး၊ နောက်မှရပ်၍ လိုက်ပါသူက တခြား၊ အတက်အဆင်းတွင် ရပ်၍ လိုက်ပါသူတို့ကလည်း အများပင်။ ဓာတ်ရထားထဲတွင် ပါလာကြသော ခရီးသည်

mgyoe.com

mgyoe.com


တို့မှာ အံ့အားသင့်လျက် ရှိနေကြတော့၏။ ထိုအချိန်ကား နေ့ခင်း နာရီပြန် တစ်ချက်ခန့် ရှိပေလိမ့်မည်။

ရွှေတိဂုံဘုရားရှေ့သို့ ရောက်သောအခါ အားလုံးပင် ဆင်းကြပြီးနောက် နေပူကျဲကျဲတွင် လမ်းလျှောက်ကာ ဗဟန်းကျားတောရတိုက်သို့ ထွက်သွားကြလေသည်။ ၎င်းကျောင်းတိုက် မည်သည့်နေရာတွင် ရှိမှန်း မသိသောကြောင့် မေးမြန်း၍ သွားကြရကုန်၏။ ထိုကျောင်းတိုက် ပရဝုဏ်အတွင်းသို့ ရောက်သွားသောအခါ ကောလိပ်ကျောင်းသား ၃၀၊ ၄၀ ခန့်တို့ ရောက်နှင့်နေကြကြောင်းကို တွေ့မြင်ရလေသည်။ အချို့လည်း ပြုံးပြုံးရွှင်ရွှင်။ အချို့ကား မှိုင်လျက်။ အချို့မှာမူ နက်နက်နဲနဲ စဉ်းစားနေကြဟန် တူလေသည်။

ရောက်၍ မျှားမကြာမီ အတွင်းမှာပင် ကောလိပ်ကျောင်းသားများ တစ်စတစ်စ များ၍များ၍ လာခဲ့၏။ ကျောင်းသားများ အလာကို စောင့်စားရင်း အချိန်ကို အလဟဿ မကုန်စေလိုသောကြောင့် သီချင်းဆိုသူဆို၊ လက်ခုပ်တီးသူတီး၊ ကသူကနှင့် နေကြကုန်၏။ ကျော်လီကြွေအမည်ခံ ကိုဘိုးကြွေကား ကွေးနေအောင်ကသောဟူ၏။ မုံရွာသား ဇော်ဂျီမောင်ကလေး ဆိုသူလည်း ကသူများတွင် တစ်ယောက်အပါအဝင် ဖြစ်၏။

ကျောင်းသားများ အရောက်ညီကြသောအခါ အစည်းအဝေးပွဲကြီး စလေတော့၏။ ထိုအစည်းအဝေးပွဲတွင် ဦးဘဦးမှာ အတော် စိတ်ထက်သန်စွာ စကားပြောကြားလေသည်။ ကျောင်းသား အားလုံး၏ စိတ်ကို ထိခိုက်စေ၏။ ကျောင်းသားအများ၏ စိတ်တွင် ကျောင်းပြန်မတက်ချင်သောစိတ်များ ပေါ်ပေါက်၍လာ၏။ ဦးဘဦး ပြောပြီးနောက် ယုဒသန် ကောလိပ်ကျောင်းသား ဦးဘိုးလတ်၊ ထိုနောက်အခြား ကျောင်းသားများ ဆက်လက်၍ ပြောကြားကြပြန်၏။

ဤသို့ အစည်းအဝေးကြီး ကျင်းပပြီးနောက် ကျောင်းသားအားလုံးကို ၁၀ ယောက် တစ်သင်း၊ ၁၀ ယောက် တစ်သင်း ဖွဲ့စည်းလေသည်။ ၎င်းအသင်းတစ်သင်းလျှင် ဗိုလ်တစ်ယောက်စီအုပ်ချုပ်ရန် ခန့်ထားလေသည်။ အချို့အသင်းသားများကား နောက်တစ်နေ့နံနက်တွင် ကျောင်းတက်မည့်သူတို့အား မတက်ရန် တားဆီးပြောရမည်ဟု အမိန့်ရ၏။ အချို့အသင်းသားတို့ကား ကျားတောရကျောင်း ပရဝုဏ်အဝင်ဝတွင် စောင့်ရှောက်ရပေမည်။ သပိတ်မှောက်ကျောင်းသား မဟုတ်လျှင် မည်သူမျှကျောင်းအတွင်းသို့ မဝင်ရ။ အချို့အသင်းသားတို့ကား အချက်အပြုတ် အကျွေးအမွေးဖက်တွင် ဆောင်ရွက်ရန် တာဝန်ကျလေသည်။

ဤသို့ စီမံနေခိုက် ဆရာဦးဘ ရောက်လာလေသည်။ ကျောင်းသား

mgyoe.com

mgyoe.com


အားလုံးပင် မတ်တတ်ရပ်ကာ အရိုအသေ ပြုကြကုန်၏။ ကျောင်းပြန်တက်ရန် ပြော၏။ မရချေ။ ပြန်၍ သွားရရှာလေ၏။ ကျွန်တော့်မှာ ညနေစောင်းသော် ကျောင်းသို့ ပြန်လာပြီးလျှင် ပစ္စည်းများကို သိမ်းဆည်းပြီးနောက် ရန်ကုန်မြို့ အသိအိမ်တစ်အိမ်တွင် သွား၍ အပ်ထားခဲ့လေသည်။ ပြီးလျှင် ဗဟန်းကျောင်းတိုက်သို့ ပြန်ခဲ့၏။ ကျောင်းတိုက်သို့ ပြန်ရောက်သောအခါ ကျောင်းအုပ်ကြီး မစ္စတာဟန်းတား ရောက်နေကြောင်းကို သိရှိရလေသည်။ ဆရာဟန်းတားကလည်း ကျောင်းသားများ ကျောင်းပြန်တက်ရန် ဖျောင်းဖျောင်းဖျဖျ တောင်းပန်ရှာ၏။ မရချေ။ ကျောင်းသားများကား သပိတ်မှောက်ရန် စိတ်အသန်ကြီး သန်နေကြလေသည်။

ကျောင်းဆရာကြီး ပြန်သွားသောအခါ ဦးဘဦး၊ ဦးဘိုးလတ်၊ ဦးစိုးဝင်း အစရှိသော ခေါင်းဆောင်တို့မှာ အမျိုးမျိုး တိုင်ပင် စီမံကြကုန်၏။ ထိုညတွင်ပင် ဆန်အိတ်များ၊ ငါးခြောက်များ၊ စားသောက်စရာများ ရောက်၍ လာကြကုန်၏။ အကြောင်းကိုမေးသောအခါ ရန်ကုန်မြို့နေ ပွဲစားကြီး၊ သူဌေးကြီးများက ထောက်ပံ့လိုက်သော ပစ္စည်းများ ဟူ၍ သိရလေသည်။

နောက်တစ်နေ့နံနက်တွင် အလုပ်စ၍ လုပ်ကိုင်ကြရတော့၏။ အချို့လူစုက ကျောင်းပရဝုဏ် အဝင်ဝတွင် စောင့်ကြပ်နေကြ၏။ လူတိုင်း ပရဝုဏ် အတွင်းသို့ မဝင်ရ။ သပိတ်မှောက်ကျောင်းသားများနှင့် တိုင်းပြည်ခေါင်းဆောင်တို့သာ ဝင်ကြရလေသည်။ အချို့ကျောင်းသားများက သိမ်ကြီးဈေး၊ ကမ်းနားဈေးများသို့ သွားကာ ဟင်းသီးဟင်းရွက်၊ သားငါးများကို အလှူခံကြရလေသည်။ အချို့ကား ဘုရားလမ်း မီးရထားဘူတာရုံမှလည်းကောင်း၊ လမ်းမတော် ဘူတာရုံမှလည်းကောင်း၊ ဆေးရုံကြီးထောင့်မှလည်းကောင်း စောင့်ကာ ကျောင်းသားများ ကျောင်းမတက်ရန် တောင်းပန်ကြလေသည်။ အချို့ကလည်း သတင်းစာတိုက်သို့ သတင်းပေးခြင်း၊ ဆောင်းပါးရေးပြီး ကြေညာခြင်းတို့ကို ပြုရ၏။ အချို့ကမူကား စာရွက်ကြီးများပေါ်တွင် စာလုံးကြီးကြီးတို့ဖြင့် ကျောင်းသားများ ကျောင်းမတက်ရန် ညီညွတ်ကြရန် ရေးသားကြပြီးလျှင် မြို့အတွင်းလိုက်၍ ဝေလိုဝေ၊ လူအများမြင်ရာ နေရာတို့တွင် ကပ်လိုကပ်နှင့် နေကြကုန်၏။ မည်သူ တစ်စုံတစ်ယောက်မျှ အအားမနေရ။ သူ့အလုပ်နှင့်သူ စေ့၍ သွားတော့သည်။

ကျွန်တော်ကား ဆေးရုံကြီးထောင့်မှ စောင့်ရသော လူစုတွင် ပါဝင်လေသည်။ လာသမျှ ကျောင်းသားတို့အား ကျောင်းမတက်ရန် ဆီးကြို၍ပြောရ၏။ နေပူထဲတွင် ချွေးတစ်လုံးလုံးနှင့် နေလေတော့သည်။ သို့သော်လည်း မိမိတို့ ဆောင်ရွက်သော

mgyoe.com

mgyoe.com


ကိစ္စကြီး အထမြောက်လိုကြသောကြောင့် နေပူမှန်း မသိ၊ ဆာလောင်ရမှန်း မသိကြပေ။ မွန်းလွဲခါနီးမှ ဗဟန်းသို့ ပြန်သွားကြကုန်၏။

နံနက်စာ စားသောက်ပြီးလျှင် ကျောင်းပရဝုဏ်အတွင်း မြေပြောင်ပြောင်တွင် အစည်းအဝေးကြီးကို ကျင်းပပြန်၏။ ယူနီဗာစီတီကျောင်းတွင် ကျောင်းသား ဟူ၍ မရှိသလောက် နည်း၏။ ဗဟန်းအစည်းအဝေးပွဲသို့သာ ရောက်နေကြလေသည်။ ထိုအစည်းအဝေးပွဲတွင် ပြောဟောကြသော စကားတို့ကား ညီညွတ်ရန်အကြောင်း၊ ကျောင်းသားများ ကျောင်းပြန်မတက်ရန် အကြောင်းတို့သာ ဖြစ်လေသည်။ အတိုက်အခံ ပြောသူတို့ကား မရှိသလောက်ပင် နည်း၏။

အစည်းအဝေးပွဲကြီး ပြီးသောအခါ နောက်တစ်နေ့တွင် ပြုလုပ်ဆောင်ရွက်ရန် ကိစ္စများကို ဆွေးနွေး တိုင်ပင်ကြပြန်၏။ ညနေ မိုးချုပ်ပြီးကြလျှင် ကန်တော်ကြီး စောင်းသို့ သွားလာလည့်ပတ် လမ်းလျှောက်ကြကုန်၏။ ညစာ စားသောက်ပြီးကြလျှင် သီချင်း ဝါသနာပါသူတို့က သီချင်းဆိုကြ၊ အတီးအမှုတ် ဝါသနာပါသူတို့က တီးမှုတ်ကြ၊ အက ဝါသနာပါသူတို့ကလည်း ကခုန်ကြလေသည်။ အချို့လည်း ကူရှင် သပိတ်မှောက်ကျောင်းသားများ နေထိုင်ရာ ဇရပ်တွင် အငြိမ့် သွားရောက်ကြည့်ရှုကြကုန်၏။

အထက်ပါနည်းအတိုင်း ဆောင်ရွက်လာကြသည်မှာ ၃၊ ၄ ရက်ခန့် ကြာ၍ လာလေသည်။ သပိတ်မှောက်ခြင်းအကြောင်းမှာ တစ်နိုင်ငံလုံး ပျံ့နှံ့၍ သွားတော့၏။ ယူနီဗာစီတီကျောင်းမှာလည်း ခြောက်သွေ့သွေ့ကြီး ဖြစ်နေတော့၏။ အစိုးရကလည်း အရေးယူစ ပြုလာတော့၏။ တိုင်းပြည်ခေါင်းဆောင်များနှင့် ဆွေးနွေးတိုင်ပင်စ ပြုလာ၏။ တိုင်းပြည်ခေါင်းဆောင်အချို့က ကျောင်းပြန်၍ အတက်ခိုင်းလေသည်။ ကျောင်းသားများက ငြင်းပယ်ကြကုန်၏။ သပိတ်မှောက် ကျောင်းသားတို့၏ အာဏာရှင်ကား ဦးဘဦး ဖြစ်လေသည်။ ဦးဘဦးက သေဆို သေ၊ ရှင်ဆို ရှင်။ မည်သူမျှ သူ့အား ခုခံ၍ မပြောဝံ့ကြချေ။ သူ၏ စိုက်ကြည့်ခြင်းကိုပင် ခံနိုင်သူ ရှားလေသည်။

ယူနီဗာစီတီကို သပိတ်မှောက်၍ များမကြာမီအတွင်းမှာပင် သပိတ်မှောက်ကျောင်းသားတို့၏ အမှုဆောင်ကော်မတီတစ်ခုကို ဖွဲ့စည်းလိုက်လေသည်။ ဥက္ကဋ္ဌကား ဦးဘဦးပင်တည်း။ ငွေထိန်းကား အမျိုးသား ဦးမြင့် ဖြစ်လေသည်။ အခြား ကော်မတီ လူကြီးတို့ကား ဦးဘိုးကျား၊ ဦးစိုးဝင်း၊ ဦးဘိုးကွန်း၊ ဦးအေး၊ ဦးလူဖေဝင်း၊ ဦးဘိုးလတ်၊ ဦးထွန်းဖေ၊ ဦးခင်မောင်နှင့် အခြား ကျောင်းသားကြီး ၄၊ ၅ ယောက် ဖြစ်လေသည်။ ဦးဘိုးကျားကား တရားဟော ပုဂ္ဂိုလ်ကျော် ဖြစ်၏။ ဦးအေးနှင့်

mgyoe.com

mgyoe.com


ဦးဘိုးလတ်တို့ကား အင်္ဂလိပ်စာ အရေးကောင်းများ ဖြစ်ကြလေသည်။ အင်္ဂလိပ် သတင်းစာများတွင် သပိတ်မှောက် ကျောင်းသားတို့အား ထိပါးပုတ်ခတ်လာလျှင် ပြန်လှန်ချေပကြလေသည်။ ဦးခင်မောင်နှင့် ဦးထွန်းဖေတို့ကား မြန်မာစာ အရေးကောင်းသူများ ဖြစ်ကြလေသည်။ သူတို့၏ သပိတ်မှောက်အကြောင်း ဆောင်းပါးတို့ကို သူရိယနှင့် မြန်မာ့အလင်း သတင်းစာများတွင် မကြာမကြာ ဖတ်ကြရလေသည်။

ဤအခိုက်တွင် သပိတ်မှောက် ကျောင်းသားတို့၏ ကော်မတီ လူကြီးတို့သည် မိမိတို့လိုသော အချက်များကို ရေးသားပြီးလျှင် ပြည်ပိုင် အစိုးရမင်းထံ တောင်းဆိုကြလေသည်။ ပြည်ပိုင် အစိုးရမင်းက စဉ်းစားမည် ဟူ၍ ပြောကာ လွှတ်လိုက်လေသည်။ ဤသို့ ပြော၍ လွှတ်လိုက်သည်ကို မကျေနပ်ကြောင်း သတင်းစာများမှနေ၍ အတိအလင်း ကြေညာလိုက်လေသည်။

ပြည်ပိုင်အစိုးရမင်းတို့ထံ တောင်းဆိုချက်များကို မသွင်းမီပင်လျှင် ရန်ကုန် ဟိုက်စကူးကျောင်းသားများ မိမိတို့ကျောင်းကို သပိတ်မှောက်ကာ ဗဟန်းသို့ ထွက်လာကြကုန်၏။ ကောလိပ်ကျောင်းသားများက သွေးဆောင်သောကြောင့် မဟုတ်။ မိမိတို့ အလိုအလျောက် ထွက်လာခဲ့ခြင်း ဖြစ်လေသည်။ ကောလိပ် ကျောင်းသားများကား မတားဆီးနိုင်တော့ပြီ။ နေရာထိုင်ခင်းများ ရှာ၍ ပေးရတော့၏။ အစိုးရ ဟိုက်စကူးကျောင်းသားများ သပိတ်မှောက်လာသည်ကို ကြားသောအခါ စိန့်ပေါကျောင်းသားများ၊ မက်သဒစ်ကျောင်းသားများ၊ စိန့်ဂျွန်းကျောင်းသားများကလည်း မိမိတို့ ကျောင်းအသီးသီးကို သပိတ်မှောက်ကာ ဗဟန်းသို့ ထွက်လာခဲ့ကြပြန်၏။ ကောလိပ်ကျောင်းသားကြီးများက နေရာထိုင်ခင်းများကို စီမံပေးရပြန်လေသည်။ သပိတ်မှောက် ကော်မတီအဖွဲ့၏ တာဝန်မှာ ကြီးသည်ထက် ကြီးလာခဲ့၏။ ဗဟန်းကျောင်းတိုက်များတွင် သပိတ်မှောက်ကျောင်းသားများဖြင့် ပြည့်နှက်လျက်နေတော့၏။ ကုရှင်ကျောင်းသားများမှုကား ကောလိပ်ကျောင်းသားများ၏ အလျှင်ကပင် သပိတ်မှောက်လာကြသူများ ဖြစ်လေသည်။ ကုရှင်ကျောင်းသားတို့၏ သပိတ်မှောက်လာခဲ့ခြင်းကား ဘာသာရေးနှင့် ပတ်သက်ခြင်းကြောင့် ဖြစ်လေသည်။

ရန်ကုန်မြို့ရှိ အထက်တန်းကျောင်းများ သပိတ်မှောက်သည်ကို ကြားရသောအခါ မြန်မာတစ်ပြည်လုံးတွင်ရှိသော ကျောင်းတိုင်းသို့ပင် သပိတ်မှောက်ခြင်း ကူးစက်၍ သွားတော့သတည်း။ တစ်နိုင်ငံလုံး ဆူပူ၍ သွားတော့၏။ ဆရာများလည်း မတတ်နိုင်။ ပညာဝန်ကလည်း ကြည့်နေရတော့၏။ ကျောင်းသားများသာ မဟုတ်၊ ကျောင်းသူများပင် မိမိတို့ ကျောင်းများကို သပိတ်မှောက်ကြလေတော့သတည်း။

mgyoe.com

mgyoe.com


ကောလိပ် သပိတ်မှောက် ကျောင်းသားကြီးတို့၏ တာဝန်မှာ တစ်နေ့တခြား ကြီး၍လာတော့၏။ ဒီဇင်ဘာလ အကုန်လောက်တွင် မြန်မာပြည်လုံးဆိုင်ရာ သပိတ်မှောက် ကျောင်းသားများ၏ အစည်းအဝေးကြီးကို ဗဟန်းရပ်တွင် ကျင်းပလေသည်။ ၎င်းအစည်းအဝေးတွင် ဆုံးဖြတ်ချက်ကား 'အစိုးရက လျှော့ပေးသည် ဖြစ်စေ၊ တင်းနေသည် ဖြစ်စေ မည်သူမျှ ကျောင်းပြန်မတက်ရ' ဟူသော ဆုံးဖြတ်ချက် ဖြစ်လေသည်။

အထက်ဖော်ပြသည့်အတိုင်း ဆုံးဖြတ်လိုက်သောအခါ အချို့ ကျောင်းသားများ ကျောင်းပြန်တက်ကြကုန်၏။ များသောအားဖြင့်ကား ကျောင်းပြန်မတက်ကြချေ။ ဤကျောင်းပြန် မတက်သော သူတို့အတွက် အသို့ ဆောင်ရွက်မည်နည်း ဟူသော ပြဿနာတစ်ခု ပေါ်၍လာပြန်၏။ ဤပြဿနာကို ဖြေဆိုရန်ကား အမျိုးသားကျောင်းများ တည်ထောင်ရန် ဖြစ်လေသည်။ ဗဟန်းရပ် ကျောင်းတိုက်များအတွင်း အမျိုးသားကျောင်းကို စတင် တည်ထောင်လေသည်။ အထက်တန်း အောက်တန်း ကျောင်းသားတို့အား ကောလိပ်ကျောင်းသားများက သင်ကြား ပြသကြရလေသည်။ ဤကား ရန်ကုန်မြို့မကျောင်းကြီး၏ မျိုးစေ့ပင်တည်း။

ဗဟန်းရပ်တွင် အမျိုးသားကျောင်းတစ်ကျောင်း တည်ထောင်ရုံနှင့် ကိစ္စမတုံးသေး။ အခြား မြို့များတွင်လည်း အမျိုးသားကျောင်းများ တည်ထောင်ကြရန် သတင်းစာမှနေ၍ တိုက်တွန်းသူက တိုက်တွန်း၊ အမြို့မြို့သို့ လှည့်ကာ တရားလိုက်ဟောသူက ဟော၊ ဆရာလိုသော မြို့များသို့သွားကာ ဆရာလုပ်သူက လုပ်ကြသောကြောင့် မကြာမီအတွင်းမှာပင် မြန်မာပြည်တွင် အမျိုးသားကျောင်းများ ပေါ်ပေါက်ထွန်းကား၍ လာကြကုန်၏။ ဤကား အမျိုးသားကျောင်းများ ပေါ်ပေါက်လာရခြင်း၏ အကြောင်းအရင်း ဖြစ်သော သပိတ်မှောက်ကိစ္စကြီး၏ အတိုကောက်ရာဇဝင်ပေတည်း။

■

mgyoe.com

mgyoe.com

# အမျိုးသားနေ့

ကျွန်ုပ်တို့၏ အမျိုးသားနေ့သည် ဤစာစောင်အတွင်း ကျရောက်နေသောကြောင့် ဤစာစောင်တွင် အမျိုးသားနေ့အကြောင်းကို ရေးသား ဖော်ပြလိုပေသည်။ ဤအမျိုးသားနေ့ စတင်ပေါ်ပေါက် ထွန်းကားလာသည်မှာ ရန်ကုန် ယူနီဗာစီတီကျောင်းကို သပိတ်မှောက်သောကိစ္စကြီး ပေါ်ပေါက်ပြီးမှ ဖြစ်လေသည်။ အဘယ်သို့ ဤအမျိုးသားနေ့ ထွန်းကားလာပုံအကြောင်းကို အနည်းငယ် အကျယ်ချဲ့၍ ရေးသားရပေဦးမည်။

လွန်ခဲ့သော အနှစ် ၂၀ ခန့် အခါကပင် မြန်မာပြည်တွင် အမျိုးသားနေ့ တစ်နေ့ ရှိသင့်ကြောင်းကို သတင်းစာများတွင် ရေးသူက ရေး၊ တိုင်းရေးပြည်ရေး အသင်း အစည်းအဝေးပွဲများတွင် ပြောသူက ပြောလေသည်။ သို့သော် လူအများက မူကား အမှုမဲ့ အမှတ်မဲ့သာ နေကြလေသည်။ ယူနီဗာစီတီကျောင်းကို သပိတ်မှောက်ပြီးနောက် ဤကိစ္စမှာ အရေးကြီး၍ လာပြန်လေသည်။ ပြည်လုံးကျွတ် အစည်းအဝေးပွဲကြီးများမှာပင် စတင် ဆွေးနွေးစ ပြုလာကြလေသည်။

အမျိုးသားနေ့တစ်နေ့ ရှိသင့်ကြောင်းကိုကား အားလုံးကပင် သဘောတူကြလေပြီ။ သို့သော် မည်သည့်နေ့ကို အမျိုးသားနေ့ ဟူ၍ ဆုံးဖြတ်ရန်ကား မလွယ်ကူပေ။ ထင်မြင်ချက် အမျိုးမျိုး ပေးကြကုန်၏။ သတင်းစာများတွင် အမျိုးမျိုး ရေးသားကြကုန်၏။

အချို့က သီပေါမင်း နန်းကျသောနေ့ကို အမျိုးသားနေ့ ဟူ၍ ဆုံးဖြတ်ရန် သဘောတူကြ၏။ အမျိုးသား ဦးဘိုးကျားတို့ လူစုကမူကား သဘောမတူကြချေ။ သီပေါမင်း နန်းကျသောနေ့မှာ မြန်မာရာဇဝင်တွင် ထင်ရှားသောနေ့ ဖြစ်သော်လည်း မြန်မာများအတွက် အမင်္ဂလာနေ့ ဖြစ်သောကြောင့် ထိုနေ့ကို အမျိုးသားနေ့ ဟူ၍အသိအမှတ်ပြုရန် မသင့်ဟု ဆိုကြလေသည်။ ဦးဘိုးကျားတို့၏ သဘောကား

mgyoe.com

ရန်ကုန် ယူနီဗာစီတီကျောင်းအား သပိတ်မှောက်သောနေ့ကို အမျိုးသားနေ့ ဟူ၍ အသိအမှတ်ပြုချင်ကြလေသည်။ ထိုနေ့ကား တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့ တည်း။ ထိုအကြောင်းနှင့် ပတ်သက်၍ သတင်းစာများတွင်လည်းကောင်း၊ အသင်း အစည်းအဝေးပွဲများတွင်လည်းကောင်း အတော်ကြာအောင်ပင် ဆွေးနွေးကြလေ သည်။ နောက်ဆုံးတွင်ကား ပြည်လုံးကျွတ် အစည်းအဝေးပွဲကြီးတွင် တန်ဆောင်မုန်း လဆုတ် ၁၀ ရက်နေ့ကို အမျိုးသားနေ့ဟု အသိအမှတ်ပြုရန် ဆုံးဖြတ်လိုက်လေ သတည်း။

အမျိုးသားနေ့ကိုကား ရပေပြီ။ ထိုနေ့တွင် မည်သို့ ဆောင်ရွက်မည်ကို စဉ်းစားကြရပြန်၏။ အမျိုးသား ကျောင်းဆရာ ကျောင်းသားအပေါင်းတို့သည် အမျိုးသားနေ့ နံနက်တွင် မိမိတို့မြို့ရှိ ဘုရားများသို့ သွားကာ ဝတ်ပြုကြခြင်း၊ မိမိတို့ ကျောင်းများတွင် ဆိမီးပူဇော်ကြခြင်း၊ ဆုပေးပွဲများ ကျင်းပကြခြင်းတို့ဖြင့် အောင်ပွဲခံကြလေသည်။ ဤသို့ ဆောင်ရွက်ကြသော်လည်း အစဖြစ်နေသောကြောင့် များစွာ စိတ်ပါလှကြသည် မဟုတ်ပေ။ ဝတ်ကြေဝတ်ကုန်သာလျှင် ဆောင်ရွက်ကြ လေသည်။

ထိုနောက် အောင်ပွဲကျင်းပရာတွင် တစ်နှစ်ထက်တစ်နှစ် ပိုမိုစည်ကား၍ လာလေသည်။ ယခုအခါတွင်ကား အမျိုးသားနေ့တွင် တစ်နိုင်ငံလုံးကပင် ပါဝင် ကူညီကြလေပြီ။ ယခင်နှစ်က မြန်မာပြည် တစ်ပြည်လုံးရှိ ကျောင်းတိုင်းကိုပင် ပိတ်ပေးလေသည်။ အမျိုးသားကျောင်းသား၊ အစိုးရကျောင်းသား ဟူ၍ မခြားနား တော့ဘဲ ကျောင်းသားအားလုံး၊ ရဲအဖွဲ့၊ မီးသတ်အဖွဲ့၊ ခြေလျင်အဖွဲ့ စကောက် အဖွဲ့မှစ၍ အဖွဲ့အသီးသီးတို့ပါ အမျိုးသားအောင်ပွဲတွင် ပါဝင်ဆောင်ရွက်ကြလေ သည်။

ဤကဲ့သို့ အမျိုးသားနေ့တွင် အက အခုန်များဖြင့် ဘုရားများသို့ သွားခြင်း၊ ဘုရားရင်ပြင်တွင် စကားပြောပွဲများကို ကျင်းပခြင်း၊ ပွဲလမ်းသဘင်တို့ကို ခင်းကျင်း ခြင်းတို့မှာ ကောင်းသောအချက်များပင် ဖြစ်ပါသည်။ သို့ရာတွင် ထိုနေ့တွင် သူတကာ သွားသောကြောင့် သွားပြီးလျှင် သူတကာ ပြောသောကြောင့် ပြောကာ၊ သူတကာ နားထောင်သကဲ့သို့ နားထောင်ပြီးနောက် အိမ်ပြန်ရောက်သောအခါ မေ့ပစ်လိုက်ကြသူတို့သာ များလေသည်။ ဤသို့ မဖြစ်စေသင့်ပေ။ ထိုနေ့တွင် အောက်ပါအတိုင်း ဆင်ခြင် စဉ်းစားသင့်ကြပေသည်။

လွန်ခဲ့သော အမျိုးသားနေ့မှ ယခု အမျိုးသားနေ့အထိ တစ်နှစ်အတွင်း မိမိတို့ အမျိုးသားအတွက်၊ မိမိတို့ စာပေအတွက်၊ မိမိတို့ တိုင်းပြည်အတွက်

mgyoe.com


မည်၍ မည်မျှ ဆောင်ရွက်ခဲ့ပါသနည်း။ မိမိတို့သည် ထိုတစ်နှစ်အတွင်း အပြောသမားများ ဖြစ်ခဲ့ကြပါသလော။ အလုပ်သမားများ ဖြစ်ခဲ့ကြပါသလော။ မိမိတို့ ဆောင်ရွက်သောကြောင့် မည်မျှ အကျိုးထူးခဲ့ပါသနည်း။

ဤသို့ တွေးတောဆင်ခြင်ပြီးနောက် ရှေ့အဖို့ ဆောင်ရွက်ဖွယ် ကိစ္စတို့ကို စဉ်းစားကြည့်ကြပါဦး။ လွန်ခဲ့သည့်နှစ်က မိမိတို့သည် အပြောသမားများ ဖြစ်ခဲ့ကြပါအံ့၊ ရှေ့အဖို့ အလုပ်သမားများဖြစ်ရန် ဆုံးဖြတ်သင့်ကြပေ၏။ ယခု အခြေအနေထက် တိုးတက်အောင် ဆောင်ရွက်မည်၊ ရှေ့နှစ်အဖို့ ဤအမှု ဤအမှုတို့ကို ဆောင်ရွက် မည် စ*

■

---

* ဤတွင် စာရွက်ဆုံး၍ စာပြတ်သွားသည်။ အဆက်ကို မတွေ့ရ။

(စာတည်း)

mgyoe.com

mgyoe.com

# ခေတ်စမ်းကဗျာ

## (နံပါတ် ၁)

ရန်ကုန်တက္ကသိုလ်ကျောင်းသားသစ် ကျောင်းသားဟောင်းများ တက္ကသိုလ်မဂ္ဂဇင်း၊ ဂန္ထလောကမဂ္ဂဇင်း၊ သမဂ္ဂမဂ္ဂဇင်းတို့တွင် ထည့်သွင်းရေးသားခဲ့ပြီးဖြစ်သော ပုံပြင်ကလေးများကို ပါမောက္ခ ဦးဖေမောင်တင်က စုဆောင်းပြီးလျှင် 'ခေတ်စမ်းပုံပြင်' ဟူသော အမည်နှင့် မြန်မာစာပေ ပြန့်ပွားရေးအတွက် ထုတ်ဝေလိုက်သည်မှာ တစ်နှစ်ကျော်ကျော်ပင် ကြာခဲ့လေပြီ။ ၎င်းခေတ်စမ်းပုံပြင်စာအုပ် ထွက်ပေါ်စက ပုံပြင်များ၏ စာအရေးအသားနှင့် ပတ်သက်၍ အတော်ကလေးပင် သတင်းစာများထဲတွင် ရေးသား ဆွေးနွေးခဲ့ကြလေသည်။ ၎င်းခေတ်စမ်းစာအုပ်တွင် ပါဝင်သော အချို့ပုံပြင်တို့၏ ရေးသားပုံကိုလည်း အတော်ပင် အပြစ်ဆိုခဲ့ကြကုန်၏။ မည်သည့် တိုင်းပြည်မှာမဆို အသစ်ထွင်ကြသူတို့မှာ အပြစ်တင်ခြင်းမှ မလွတ်ကင်းကြသောကြောင့် ဤသို့ အပြစ်တင်ကြသည်မှာ ထူးဆန်းသောအရာ မဟုတ်ပေ။

ထိုခေတ်စမ်းပုံပြင်စာအုပ် ထွက်ပေါ်ပြီးနောက် မကြာမီပင် 'ခေတ်စမ်းကဗျာ' ဟူသော အမည်ဖြင့် ကဗျာစာအုပ်တစ်အုပ် ထွက်ပေါ်လာပြန်သည်။ ၎င်းစာအုပ်မှာလည်း ပါမောက္ခ ဆရာဖေမောင်တင် တည်းဖြတ်၍ မြန်မာစာပေ ပြန့်ပွားရေးအသင်းက ထုတ်ဝေလိုက်သော စာအုပ် ဖြစ်လေသည်။ ခေတ်စမ်းကဗျာတွင်ပါသော ကဗျာတို့မှာလည်း တက္ကသိုလ် ကျောင်းသားသစ် ကျောင်းသားဟောင်းတို့ တက္ကသိုလ် မဂ္ဂဇင်း၊ ဂန္ထလောက မဂ္ဂဇင်းတို့တွင် ထည့်သွင်းခဲ့ပြီးသော ကဗျာများဖြစ်လေသည်။ စာအုပ် ထွက်ပေါ်စက သတင်းစာ မဂ္ဂဇင်းတို့တွင် ဝေဖန်ချက်ကလေးများကို ဖတ်လိုက်ရလေသည်။ အများအားဖြင့် ၎င်းကဗျာများကို နှစ်သက်ကြကြောင်း သိရှိရ၏။ ခေတ်စမ်းပုံပြင်စာအုပ် ထွက်ပေါ်စဉ်ကကဲ့သို့ တစ်ဖက်နှင့်တစ်ဖက် အငြင်းမပွားကြချေ။ သို့ရာတွင် အချို့ ပုဂ္ဂိုလ်တို့က ခေတ်စမ်းကဗျာများကို

mgyoe.com

mgyoe.com


ဆို၍မရ ဟူ၍ ပြောကြလေသည်။ ဤသို့ ပြောဆိုကြသူတို့ကား လင်္ကာနှင့် သီချင်းတို့ကို ခွဲခြား၍ မသိသူများသာ ဖြစ်ကြဟန်တူ၏။ သီချင်းတိုင်းကို သီဆိုရန် စပ်ဆိုကြသော်လည်း လင်္ကာတိုင်းကို သီဆိုရန် စပ်ဆိုသည် မဟုတ်ပေ။ သီဆို၍ မရသော သီချင်းကို သီချင်း ဟူ၍ မခေါ်ဆိုနိုင်သော်လည်း သီဆို၍ မရသော လင်္ကာကိုကား လင်္ကာဟု ဆိုနိုင်လေသည်။ ကဗျာဆိုသော စကားမှာကား လင်္ကာ ထက်ပင် ကျယ်ဝန်း၍ သွားပြန်လေသည်။ အချို့သော ပညာရှိ ပုဂ္ဂိုလ်ကြီးတို့က လင်္ကာနှင့် စကားပြေ နှစ်မျိုးစလုံးကိုပင် ကဗျာ ဟူ၍ ခေါ်ဆိုနိုင်ကြောင်း ပြောပြ သည်ကို ကြားဖူးလေသည်။ သို့ဖြစ်သောကြောင့် ခေတ်စမ်းကဗျာစာအုပ်တွင် ပါသော ကဗျာများကို ဆို၍မရ ဟူသော စွဲချက်မှာ မခိုင်လုံသောကြောင့် အရေး ယူရန် မထိုက်ပေ။

ခေတ်စမ်းကဗျာ စာကိုယ်များ အကြောင်းကို မရေးသားမီ ခေတ်စမ်းစာပေ များ မြန်မာပြည်၌ အဘယ်သို့ စတင် ပေါ်ပေါက်လာကြောင်းကို ရှေးဦး ရေးသား ရပေမည်။ မြန်မာပြည် တစ်ပြည်လုံးကို အင်္ဂလိပ်မင်းတို့ သိမ်းပိုက်လိုက်သည့်နေ့မှ အစပြု၍ အင်္ဂလိပ်စာပေတို့သာလျှင် တစ်စတစ်စ တိုးတက်လာပြီးလျှင် မြန်မာ စာပေမှာ တစ်စတစ်စ မှေးမှိန်၍ လိုက်လာကြောင်းကို လူတိုင်းအသိပင် ဖြစ်တော့ သည်။ မြန်မာသက္ကရာဇ် ၁၂၆၀ ပြည့်နှစ်နှင့် ၁၂၇၅ ခုနှစ် အတွင်းတွင် မြန်မာစာပေမှာ တွင်းဆုံးဘဝသို့ ကျရောက်၍ သွားရှာလေတော့သည်။ မြန်မာစာပေကို မည်သူမျှ အရေးမလုပ်။ မြန်မာစာပေကို လေ့လာသင်ကြားရမည်ကိုလည်းကောင်း၊ လူပုံ အလယ်တွင် မြန်မာစကား ပြောကြားရမည်ကိုလည်းကောင်း ရှက်ကြ၏။ စတုတ္ထ မြောက်၊ ပဥ္စမမြောက် မြန်မာပြည်လုံးဆိုင်ရာ ဝိုင်အမ်ဘီအေ အစည်းအဝေးပွဲကြီး များမှာပင် အင်္ဂလိပ်စကားဖြင့် အဆိုသွင်းကြ၊ ထောက်ခံကြ၊ ဆွေးနွေးကြလေသည်။ အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကား မတတ်သူများမှာ အနားပင် မသိနိုင် ဖြစ်ကြလေသည်။

ကျောင်းများတွင် သင်ကြားသော မြန်မာစာပေ အဆင့်အတန်းမှာ မည်မျှ အောက်တန်းစားကျနေသည်ကိုကား ပြောပြ၍ ယုံနိုင်စရာပင် မရှိတော့ချေ။ မြန်မာ စာအုပ်များကို မဖတ်ဖူးပါလျက် မြန်မာဘာသာကို အောင်မြင်သူ အမြောက်အမြား ပင် ရှိခဲ့လေသည်။ ကောလိပ်ကျောင်းများတွင်ပင် မြန်မာစာကို ဆရာနှင့် မသင် ကျောင်းသားများ အလိုအလျောက် ဖတ်ကြရလေသည်။ မည်သူ ဖတ်သနည်း။ မည်သူမျှ မဖတ်ပါ။ သို့သော် စာမေးပွဲဝင်သောအခါ အားလုံးပင် မြန်မာဘာသာကို အောင်မြင်ကြလေသည်။ မြန်မာဘာသာဆိုလျှင် မဖြေသော်လည်း အလိုအလျောက် အောင်မြင်ခဲ့ကြ၏။ တစ်ခါက ဘီအေ စာမေးပွဲတွင် ကျောင်းသားတစ်ယောက်သည်

mgyoe.com

mgyoe.com


မြန်မာဘာသာ မေးခွန်း တစ်ပုဒ်ကိုမျှ မဖြေဘဲ စာအုပ်အလွတ်ချည်း သက်သက် ကိုသာ ပေးလိုက်သော ဟူ၏။ အဖြေစာအုပ်များကို ဆိုင်ရာက စစ်ဆေးသောအခါ မေးခွန်းတစ်ပုဒ် ဖြေသောသူလည်း အောင်၊ စာတစ်မျက်နှာ ဖြေသောသူလည်း အောင်၊ စာမျက်နှာတစ်ဝက် ဖြေသူလည်း အောင်လေတော့၏။ သို့သော် အဖြေစာ တစ်လုံးမျှ မရှိသော အဖြေစာအုပ် အလွတ်ကို တွေ့မြင်ရသောအခါ စာမေးပွဲ စစ်ဆေးသူမှာ အကြပ်ကြုံရလေတော့သည်။ အအောင်မပေးဘဲ နေမည်ဆိုက တစ်ခါမျှ မြန်မာစာတွင် ကျရှုံးသောထုံး မရှိသေးသောကြောင့် အခက်။ အအောင် ပေးလိုက်မည် ဆိုပြန်ကလည်း စာတစ်လုံးမျှ မရေးသားထားသောသူအား အအောင် ပေးရမည်မှာ အခက်။ နောက်ဆုံး၌ မော်ဒရေးရှင်းဘော့ဒ်ခေါ် ထပ်မံစစ်ဆေးခြင်း အဖွဲ့သို့ ၎င်းစာအုပ်ကို တင်ပြပြီး စဉ်းစားခြင်း ပြုကြရလေသည်။ ဤအဖွဲ့ဝင် လူကြီးတို့မှာ အတန်ကြာအောင် ဆွေးနွေးတိုင်ပင်ကြပြီးနောက် မြန်မာစာ တစ်လုံး ကိုမျှ မဖြေသော ကျောင်းသားအား အအောင်ပေးလိုက်လေသတည်း။ ဤ အကြောင်းကို အဆိုပါ ကျောင်းသားအား အအောင်ပေးလိုက်သော အဖွဲ့ဝင်ပုဂ္ဂိုလ် တစ်ဦးက ကျွန်တော့်အား ပြောကြားဖူးလေသည်။ ဤကို ထောက်ခြင်းအားဖြင့် မြန်မာစာပေ၏ အခြေအနေကို ထောက်ချင့်နိုင်ပေသည်။

ထိုမှတစ်ပါးလည်း အထက်တန်းကျောင်း၊ ကောလိပ်ကျောင်းများတွင် အင်္ဂလိပ်စာ တော်သူများနှင့် အခြားဘာသာတွင် တော်သူများသာ ဂုဏ်ရှိကြ၏။ မြန်မာစာ တော်သူတို့ကား ချောင်ကုပ်၍သာ နေကြရလေသည်။ မိတ်ဆွေအချင်းချင်း စာရေးသောအခါ အင်္ဂလိပ်လို ရေးကြ၏။ မိတ်ဆွေအချင်းချင်း စကားပြောကြသော အခါ အင်္ဂလိပ်လို ပြောကြကုန်၏။ မြန်မာစာ မြန်မာစကားမှာ မျက်နှာငယ်လှ ပေသည်။ နောက်ဆုံး၌ 'လိမ္မော်သီး ဖွင့်လိုက်ပါ' 'ဝမ်းဘဲဥ မမှည့်သေးဘူးလား' 'ငှက်ကလေးတွေ သစ်ပင်ပေါ်မှာ ထိုင်နေကြသည်'၊ 'ရေချမ်းချမ်းတစ်ခွက် ပေးပါ' ဟူသော မြန်မာစကား၊ မြန်မာစာပေဘာဝသို့ သက်ဆင်း ကျရောက်ရလေတော့ သတည်း။

ထိုသို့ မြန်မာစာပေမှာ အညံ့ဆုံးဘာဝသို့ ကျရောက်နေသည်ကို မကြည့်ရက် နိုင်ကြသော သူတို့သည် မြန်မာမဂ္ဂဇင်း၊ သတင်းစာတို့ကို စတင် တည်ထောင်ကြ လေသည်။ ဦးရွှေကြူးတို့က မြန်မာ့အလင်း မဂ္ဂဇင်းကို တည်ထောင်၊ ဦးဘဘေ တို့က သူရိယမဂ္ဂဇင်း၊ သူရိယသတင်းစာတို့ကို တည်ထောင်ကြကုန်၏။ မြန်မာ့ အလင်းတွင် လယ်တီပဏ္ဍိတ ဦးမောင်ကြီး စတင် ရေးသား၏။ သူရိယတွင် မစ္စတာမောင်မှိုင်း စတင် ရေးသားလေသည်။ မြန်မာ့အလင်း မဂ္ဂဇင်း ပျက်သွားပြီး

mgyoe.com

mgyoe.com


နောက် ပညာ့အလင်း မဂ္ဂဇင်း၊ သတင်းစာတို့ ပေါ်လာလေသည်။ ထိုမဂ္ဂဇင်း သတင်းစာတို့တွင် လယ်တီပဏ္ဍိတ ဦးမောင်ကြီးနှင့် ပီမိုးနင်းတို့ ပါဝင် ရေးသားကြလေသည်။ မစ္စတာ မောင်မှိုင်း၊ လယ်တီပဏ္ဍိတ၊ ပီမိုးနင်းတို့မှာ စာရေးသားပုံ တစ်ယောက် တစ်မျိုးစီ ဖြစ်ကြလေသည်။ ပီမိုးနင်း ရေးသားပုံမှာ ရှေးနှင့်မတူ ခေတ်ဆန်၍လာ၏။ ထို့နောက် မြန်မာ့အလင်း သတင်းစာ ပေါ်၍ လာပြန်လေသည်။ ထိုသတင်းစာတွင် ဦးဘိုးကျား၊ ဦးဘချို၊ ဗိုလ်ကော၊ ဂျမ်းခင်တို့ လက်တည့်စမ်းသော အနေမျိုးနှင့် ဝင်ရောက် ရေးသားကြလေသည်။ ဦးဘိုးကျား၏ အရေးအသားမှာ ရှေးစာရေးဆရာများ ရေးသားသည်နှင့် မတူ။ တိုတိုနှင့် လိုရင်းရောက်အောင် ရေးသောကြောင့် ထိုခေတ် ထိုအခါတွင် ခေတ်ဆန်သော စာပေ ဖြစ်လေသည်။ ယခု ဖော်ပြခဲ့ပြီးသော ပုဂ္ဂိုလ်ကြီးတို့၏ ပယောဂကြောင့် မြန်မာစာပေမှာ တစ်မျိုး ခေတ်ပြန်၍ ထလာလေသည်။ မြန်မာစာပေ လိုက်စားသူများ အတော်ပင် ပေါများ၍ လာ၏။ ကဗျာလင်္ကာများကား ခေတ်များစွာ မစားသေးချေ။

ထို့နောက် ၁၂၈၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ကျောင်းကို သပိတ်မှောက်သော အရေးကိစ္စကြီး ပေါ်၍လာ၏။ များမကြာမီအတွင်းမှာပင် တစ်နိုင်ငံလုံး အမျိုးသားကျောင်းများ ထွန်းကား၍ လာလေသည်။ အမျိုးသားစိတ် ရှိလှသော ကျောင်းသားကလေးတို့မှာ မြန်မာစာပေကို အထူးကြိုးစားကာ လေ့လာကြကုန်၏။ အတန်ကြာလျှင် မြန်မာစာပေကို လိုက်စားလိုသော ဆန္ဒမှာ အခြား ကျောင်းများသို့လည်း ပျံ့နှံ့၍သွားကုန်၏။ ဆိုင်ရာ အရာရှိတို့ကလည်း မနေနိုင်။ ကျောင်းတိုင်းတွင် မြန်မာစာပေကို အထူး အားပေးရလေတော့၏။ တက္ကသိုလ်ကျောင်းတွင်လည်း ဦးဖေမောင်တင်၏ ပယောဂကြောင့် မြန်မာစာပေမှာ တစ်မျိုး ခေတ်စားလာပြန်လေသည်။

မြန်မာစာပေကို အားပေးကြသော မဂ္ဂဇင်း ဂျာနယ်တို့လည်း အမြောက်အမြားပင် ပေါ်ပေါက် ထွန်းကား၍ လာကြလေသည်။ မြန်မာပြည်တွင် လူအများ မြန်မာစာပေကို လေ့လာလိုက်စားကြသည်ကို ယုံမှားဖွယ်မရှိ။ သို့သော် လူအများ လိုက်စားရုံနှင့် မြန်မာစာပေ တိုးတက်သည် မမည်သေးပေ။ ခေတ်ကာလအလျောက် စာကောင်းများ ပေါ်မှသာလျှင် မြန်မာစာပေ တိုးတက်သည် မည်ပေမည်။

မဂ္ဂဇင်း၊ ဂျာနယ်များတွင် ရှေးဦးတွင် စကားပြေများကိုသာ ရေးကြ၏။ နောင် ကဗျာခန်းများ ဖွင့်ပေးထားသောကြောင့် ကဗျာများကို အမြောက်အမြားပင် ပါဝင် ရေးသားကြလေသည်။ ဤသို့ အမြောက်အမြား ပါဝင်ရေးသားကြသော်လည်း အစဖြစ်သောကြောင့် ကဗျာကောင်းများကို မမြင်ရပေ။ ဒဂုန်တွင် သတိုးပီယ

mgyoe.com

mgyoe.com


အမည်ခံ ဆရာဦးချစ်စရာ၊ ရှင်သန်းမေ အမည်ခံတို့ ရေးသားကြသော ကဗျာများမှာ အထူးပင် ကောင်းမွန်သောကြောင့် လူအကြိုက် များလေသည်။ ထိုနောက် စာပေခေတ်ကြီးအတွင်း ပါဝင်နေကြရသော ကျောင်းသားသူငယ်တို့သည်လည်း တက္ကသိုလ်ကျောင်း မဂ္ဂဇင်း၊ ဂန္ထလောက မဂ္ဂဇင်းတို့တွင် ကလောင်စမ်းသော အနေနှင့် ကဗျာများ၊ စကားပြေများကို ရေးသားကြကုန်၏။ ဤသို့ စတင် ရေးသား၍ အတန်ကြာလာသောအခါ ရှေးရိုးအတိုင်း မရေးသား မဖွဲ့ဆိုမူ၍ တစ်နည်းထွင်ကာ ခပ်ဆန်းဆန်းကလေး ဖွဲ့ဆို ရေးသားကြလေသည်။ ဆန်းသည် ဆိုရာ၌ ရေးသားစပ်ဆိုပုံရော စိတ်ကူးစိတ်သန်းရော ဆန်းကြယ်ခြင်းကို ဆိုလိုသည်။

ခေတ်စမ်းကဗျာများ စတင် ထွန်းကား၍လာသည်မှာ ရန်ကုန်တက္ကသိုလ်ကျောင်းမှ ဖြစ်လေသည်။ အကယ်၍ ရန်ကုန်တက္ကသိုလ်ကျောင်းမှ စတင်၍ တီထွင်ခြင်း မပြုလုပ်လျှင် အခြား တစ်နေရာမှ စတင်လာကြပေလိမ့်မည်။ အကြောင်းမူကား လက်ာကဗျာ စာပေအရေးအသားတို့မှာလည်း တိုင်းရေးပြည်ရေး အစရှိသော အရေးများကဲ့သို့ တည်၍ မနေဘဲ တိုးတက်၍ နေသောကြောင့်တည်း။ စာပေ အရေးအသားတို့ တိုးတက်ခြင်းကို တားဆီးပိတ်ပင်ထား၍ မရချေ။ အသက်ရှိသော သတ္တဝါများကဲ့သို့ပင် တစ်စတစ်စ တိုးတက်၍သာ နေလေသည်။ အကယ်၍သာ မတိုးတက်နေခဲ့ပါလျှင် ပုဂံခေတ်က စာပေမှာ ယခုခေတ်စာပေနှင့် အတူတူပင် ဖြစ်နေပေလိမ့်မည်။ သို့ဖြစ်သောကြောင့် စာပေ တိုးတက်နေသည်ကို ဝမ်းနည်းကာ ကဲ့ရဲ့ရှုတ်ချနေကြသော်လည်း အချည်းနှီးသာ ဖြစ်ကြလေတော့မည်။

■

mgyoe.com

mgyoe.com

# ခေတ်စမ်းကဗျာ

## (နံပါတ် ၂)

ယခင် ဆောင်းပါးတွင် ခေတ်စမ်းစာပေ၊ ခေတ်စမ်းကဗျာများ ထွန်းကားလာပုံ အကြောင်းကို ရေးသားခဲ့လေသည်။ ဤဆောင်းပါးတွင်ကား ကဗျာနှင့် ပတ်သက်၍ အယူဝါဒ ကွဲပြားနေကြပုံ အကြောင်းကို ရေးသားလိုရင်း ဖြစ်လေသည်။

မည်သည့် တိုင်းပြည်မှာမဆို ကဗျာလင်္ကာ၊ ပန်းချီပန်းပု ပညာများ ထွန်းကား၍ လာသောအခါ ဝါဒနှစ်မျိုး ပေါ်၍လာလေ့ ရှိလေသည်။ ဤသို့ ဝါဒနှစ်မျိုး ပေါ်လာသည်မှာ ယခုအခါမှ မဟုတ်၊ ရှေးကလည်း ဤနည်းအတိုင်း ဖြစ်၏။ ၎င်းဝါဒနှစ်မျိုးတို့ကား (က) ရှေးလမ်းရိုးကိုလိုက်သော ဝါဒ၊ (ခ) ရှေးလမ်းရိုးကို မလိုက်ဘဲ အသစ်ထွင်သော ဝါဒများ ဖြစ်ကြလေသည်။ မှတ်သားရ လွယ်ကူစေရန် ပထမ ဝါဒကို ရှေးရိုးဝါဒဟု ခေါ်၍ ဒုတိယ ဝါဒကို ခေတ်စမ်းဝါဒဟု ခေါ်ဆိုကြပါစို့။

ဤသို့ ဝါဒနှစ်မျိုး ရှိသည်မှာလည်း ကောင်းသည်ပင် ဖြစ်တော့၏။ ခေတ်စမ်းဝါဒ မရှိလျှင် မည်သည့်အရာမဆို တိုးတက်တော့မည် မဟုတ်။ ထိုင်လျက်သာ နေလေတော့မည်။ ပျင်းရိငြီးငွေ့ဖွယ်ကြီး ဖြစ်ပြီးလျှင် နောက်ဆုံး၌ ဆုတ်ယုတ်ခြင်းတွင် အဆုံးသတ်ရပေလိမ့်မည်။ ရှေးရိုးဝါဒ မရှိပြန်ကလည်း ခေတ်စမ်းသမားတို့က အရမ်းမဲ့ ပြုပြင်သွားကြမည် ဖြစ်သောကြောင့် အမှားမှား အယွင်းယွင်းတို့နှင့် တိုးမိကြပေလိမ့်မည်။ ရှေးရိုးသမားများ ရှိနေသောကြောင့် ခေတ်စမ်းသမားတို့မှာ မိမိတို့ထင်တိုင်း မထွင်ဝံ့ဘဲ သတိထားကာ တစ်စတစ်စသာလျှင် ထွင်သွားကြပေလိမ့်မည်။ ဤဝါဒနှစ်မျိုးတို့မှာ တစ်မျိုးကိုတစ်မျိုး အထောက်အပံ့ ပေးနေကြသောကြောင့် ၎င်းနှစ်မျိုးစလုံးကို အလိုရှိအပ်ပေသည်။

လင်္ကာကဗျာ၊ ပန်းချီ၊ ပန်းပုတို့တွင်သာ မဟုတ် တိုင်းရေးပြည်ရေးမှစ၍

mgyoe.com

mgyoe.com


နေရာတကာတွင် ဤသို့ ရှေးရိုးဝါဒနှင့် ခေတ်စမ်းဝါဒ နှစ်မျိုးမှာ အမြဲ ပေါ်လျက် နေပေသည်။ အင်္ဂလန်ပြည်ရှိ ခိုင်ခံ့သော ပါတီကြီးများအနက် ကောင်ဆာဗေးတစ် ပါတီမှာ ရှေးရိုးပါတီဖြစ်၍၊ လေဘားလစ်ဗရယ်ပါတီတို့မှာ ခေတ်စမ်းပါတီများ ဖြစ်ကြလေသည်။ ရှေးက တိုရီပါတီမှာ ရှေးရိုးပါတီဖြစ်၍ ဝှစ်ကပါတီမှာ ခေတ်စမ်း ပါတီ ဖြစ်လေသည်။ ဤနည်းအတိုင်းသာလျှင် နေရာတကာတွင် ရှေးဦးဝါဒနှင့် ခေတ်စမ်းဝါဒတို့မှာ အစဉ်အဆက် ဆင်းသက်၍ လာခဲ့ပေသည်။ ဤနည်းအားဖြင့် နေရာတကာတွင် ကြီးပွားတိုးတက်၍ လာခဲ့ကြပေသည်။ အဝတ်အစားမှာပင် ဤ နည်းအတိုင်း တိုးတက်လာခဲ့ပေသည်။ ရှေးက မြန်မာများ ဆံပင်အရှည် ထားကြ ၏။ ယခုအခါ ဗိုလ်ဆံတောက် ထားကြလေသည်။ မည်သူ စပါသနည်း။ ခေတ်စမ်း သမားများ စပါသည်။

ရှေးက မြန်မာပြည်တွင် ခေတ်စမ်းသမားများမပေါ်ခဲ့လျှင် မြန်မာစာပေမှာ ယခုကဲ့သို့ စည်ကားနေမည် မဟုတ်ပေ။ ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရတို့ ကိုယ်တိုင်ပင် ရှေးက ခေတ်စမ်းဆရာများ ဖြစ်ခဲ့ကြပေသည်။ ထိုဆရာများ လက်ထက်က ၎င်းတို့အား ပျို့ကဗျာလင်္ကာများ ရေးသားရမည်လားဟု အပြစ် ဆိုသူများလည်း အများပင် ရှိခဲ့ပေမည်။ လောကရေးကိုလိုက်သော ရဟန်းတော်များ ဟူ၍ သူတကာ အကဲ့အရဲ့ကိုလည်း ခံခဲ့ကြရပေလိမ့်မည်။ ယခုကား ထို ဆရာတော်တို့၏ ပျို့ကဗျာများကို အားရပါးရ မျိုးနေကြလေပြီ။ ထိုအခါက ခေတ်(စမ်း)သမား တို့မှာ ကျွန်တော်တို့ ခေတ်တွင် ခေတ်(စမ်း)သမားများ မဟုတ် တော့ပေ။ ကျွန်တော်တို့ လက်ထက် ခေတ်(စမ်း)သမားတို့မှာ နောင် နှစ်အစိတ်ခန့် ကြာလျှင် ခေတ်(စမ်း)သမားများ ဟူ၍ပင် ပြောကြတော့မည် မထင်။ ရှင်မဟာ သီလဝံသတို့သာ ရှေးရိုးသမားများ ဖြစ်ခဲ့ကြပါမူကား ယခုခေတ်တွင် ပျို့ကောင်း များကို လေ့လာကြရမည် မဟုတ်ပေ။ ဤကား နေရာတကာတွင် ရှေးရိုးဝါဒနှင့် ခေတ်စမ်းဝါဒများ ရှိနေကြောင်းကို ဖော်ပြခြင်း ဖြစ်လေသည်။

မြန်မာစာပေနှင့် ပတ်သက်၍ ယခုခေတ်တွင် ထွန်းကားနေသော ရှေးရိုးဝါဒ များနှင့် ခေတ်စမ်းဝါဒတို့ အကြောင်းကို အနည်းငယ် ရှင်းလင်း ဖော်ပြရန် လိုပေ သေး၏။ ကဗျာ ဆိုသည်မှာ တန်ဆာဆင်ခြင်းကို ဆိုကြောင်း ခေတ်စမ်းသမား တို့သည်လည်းကောင်း၊ ရှေးရိုးသမားတို့သည်လည်းကောင်း သဘောတူညီကြ လေသည်။ သို့ရာတွင် တန်ဆာဆင်ပုံတွင်မှာကား သဘောကွဲပြားကြလေသည်။ ရှေးရိုးသမားတို့က တန်ဆာဆင်သည် ဆိုရာ၌ ဆိုလိုရင်းကို အသိုင်းအဝိုင်း များစွာနှင့် တန်ဆာဆင်ခြင်းကို ဆိုသည်ဟု အယူရှိကြလေသည်။ ခေတ်စမ်းသမား

mgyoe.com

mgyoe.com


တို့ကမူကား ဤသို့ မယူဆကြချေ။ မိမိတို့၏ စိတ်ကူးကိုလည်းကောင်း၊ ဆိုလိုရင်းကိုလည်းကောင်း အသိုင်းအဝိုင်းများစွာနှင့် တန်ဆာမဆင်ဘဲ လိုသလောက် အသုံးကျမည့် စကားလုံးနည်းနည်းနှင့် လိုရင်းသို့ ရောက်အောင် တန်ဆာဆင်ခြင်းကို ဆိုလိုကြကုန်၏။ ဥပမာ ပြဦးအံ့။

လူတစ်ယောက်သည် အိမ် ၂ အိမ်သို့ အလည်သွားသော ဟူ၏။ ပထမအိမ်၏ ဧည့်ခန်းနံရံ လေးဖက်စလုံးတွင် ဓာတ်ပုံကားတို့ဖြင့် ပြည့်အောင် တန်ဆာဆင်ထားသောကြောင့် နံရံကိုပင် မမြင်ရပေ။ ဒုတိယ အိမ်သို့ ရောက်သွားသောအခါ ဧည့်ခန်း၏ နံရံတွင် ဓာတ်ပုံ ၃၊ ၄ ပုံ တို့ကိုသာလျှင် ထင်ပေါ်၍ ဟန်ရမည့်နေရာတွင် ချိတ်ဆွဲ၍ ထားသည်ကို မြင်ရလေသည်။ ထိုအိမ်ရှင် နှစ်ဦးစလုံးပင် မိမိတို့၏ ဧည့်ခန်းကို တန်ဆာဆင်သူချည်း ဖြစ်၏။ သို့သော် တန်ဆာဆင်ပုံခြင်း မတူကြပေ။ နံရံပြည့်အောင် တန်ဆာဆင်သူကား ရှေးရိုးသမားတို့နှင့် တူ၏။ ဓာတ်ပုံ ၃၊ ၄ ပုံတို့ကိုသာ ချိတ်ဆွဲထားသော အိမ်ရှင်ကား ခေတ်စမ်းသမားနှင့် တူလေသည်။

ထိုထက် ထင်ရှားရန် ခေတ်စမ်း ကဗျာစာအုပ်ထဲမှ ကဗျာကိုပင် ဥပမာဆောင်၍ ပြပါဦးမည်။ ခေတ်စမ်းကဗျာ စာမျက်နှာ နံပါတ် ၂၆ တွင် 'ဤမြေချာ' ဆိုသော ကဗျာကလေးကို လှန်၍ ကြည့်စေလို၏။ ဤကဗျာကလေးတွင် မြွေကဲ့သို့ တွန့်လိမ်နေသော အမြစ်ရှိသည့် ညောင်ပင်က တစ်ပင်၊ အနားတွင် ပိန္နဲပင်က တစ်ပင်၊ ပိန္နဲပင်ပေါ်တွင် အမြီးဖားဖားနှင့် ရှဉ့်တစ်ကောင် ပြေးနေ၏။ အနားတွင် ထန်းပင်ကလည်း နှစ်ပင်၊ စေတီကလည်း တစ်ဆူ၊ စေတီတော်၏ ထီးမှ ဆွဲလဲသံတို့ကလည်း လေထဲတွင် မြည်နေကြကုန်၏ဟု စပ်ဆိုထား၏။ ဤရှုမျှော်ခင်းကလေးကို အသိုင်းအဝိုင်းမပါဘဲ ထင်ပေါ်အောင် ခေတ်စမ်းသမားတို့၏ တန်ဆာဆင်နည်းမျိုးဖြင့် တန်ဆာဆင်ထားသည်ကို တွေ့မြင်ရလေသည်။ ဤကဗျာကလေးကို ဖတ်လိုက်ရသောအခါ တကယ့် ရှုမျှော်ခင်းကလေးမှာ မျက်စိထဲတွင် ကွင်းကွင်းကွက်ကွက် ပေါ်၍လာပေသည်။ ဤကဗျာမျိုးကို ခေတ်စမ်းဆရာတို့က ကြိုက်ကြ၏။ ရှေးရိုးသမားတို့ကမူကား တန်ဆာဆင်ပုံ သေးနုပ်လှ၏။ အဆန်းတကြယ် မရှိဟုဆိုကာ ကဲ့ရဲ့ကြပေလိမ့်မည်။ ရှေးရိုးဆရာတို့ကသာ ဤရှုမျှော်ခင်းကလေးကို ဖွဲ့ဆိုမည်ဖြစ်မူ ထိုကဗျာကလေးတွင်ပါသော ညောင်ပင်ကို 'ဗောဓိမဏ္ဍိုင်' ကချီပြီး ဖွဲ့ဆိုမည်။ ပိန္နဲပင်မှာလည်း နတ်သိကြားများ ဖန်ဆင်းသော ပိန္နဲပင် ဖြစ်သွားရမည်။ ရှဉ့်ကလေးမှာလည်း ဘုရားလောင်း ရှဉ့်ကလေး ဖြစ်သွားရမည်။ ထန်းနှစ်ပင်ကိုလည်း မြင့်မိုရ်တောင်က စချီကာ ဖွဲ့ဆိုရမည်။ စေတီကလေးကိုလည်း မြတ်စွာ

mgyoe.com

mgyoe.com


ဘုရား လေးသချေ် ပါရမီဖြည့်သောအခါက စ၍ ချီရပေမည်။ တော်တော်နှင့် ဆုံးခန်းတိုင် ရောက်မည် မဟုတ်။ ဆုံးခန်းတိုင် ရောက်၍ ကဗျာ ဖြစ်လာသောအခါ အလွန်ခမ်းနားသော ကဗျာကား ဖြစ်ပေလိမ့်မည်။ လိုရင်းနေရာကလေးကား မည်သည့်နေရာမှ နေရာမှန်း မသိတော့ချေ။ ခမ်းနားသော ကဗျာကြီး ပေါ်လာပြီး လျှင် ပြလိုသော နေရာကလေးကား ပျောက်၍ သွားပေလိမ့်မည်။ ဤကား ရှေးရိုး ဝါဒနှင့် ခေတ်စမ်းဝါဒတို့ ခြားနားခြင်းပေတည်း။

ထိုမှတစ်ပါး ရှေးရိုးသမားတို့သည် အလှအပကို ပို၍ အရေးပေးကြ၏။ ခေတ်စမ်းသမားတို့ကား အလှအပကိုချည်း ဂရုမစိုက်။ အသုံးကျ မကျ၊ အရာ ရောက် မရောက်တို့ကိုလည်း သတိထားကြပေသေးသည်။ ကဗျာဖက်မှာသာ မဟုတ်၊ အဆောက်အအုံများတွင်လည်း ဤနည်းအတိုင်း ဖြစ်လေသည်။ ရွှေတိဂုံ ဘုရား စောင်းတန်းရှိ တန်ဆောင်းများနှင့် ယခုခေတ်တွင် ဆောက်လုပ်သော နေအိမ်များ၊ စာသင်ကျောင်းများကို နှိုင်းယှဉ်၍ ကြည့်ရာသည်။ ရွှေတိဂုံ စောင်းတန်းရှိ တန်ဆောင်းတို့မှာ ရှေးရိုးသမားတို့၏ လက်ရာ ဖြစ်၏။ ယခုကာလ အဆောက် အအုံတို့ကား ခေတ်စမ်းသမားတို့၏ လက်ရာတည်း။ ရွှေတိဂုံဘုရား တန်ဆောင်း တို့မှာ အညွန့်အခက် ခြူးပန်းခြူးနွယ်တို့ဖြင့် များစွာ ဆန်းကြယ်ပေသည်။ ယခုခေတ် အဆောက်အအုံတို့ကား အပြင်အပတွင် များစွာ မဆန်းကြယ်သော်လည်း အိမ် အတွင်းမှာကား အိပ်ခန်း၊ ရေချိုးခန်း၊ ထမင်းစားခန်း၊ ပစ္စည်းသိုလှောင်ရာ အခန်းမှ စ၍ အပိုဟူ၍ မပါ။ အတိအကျ လိုအပ်သော အခန်းများဖြင့်သာ ဆောက်လုပ်ထား လေသည်။ နေထိုင်ရသူမှာ စည်းစိမ်ရှိလှပေ၏။ အချုပ်ကို ဆိုရလျှင် တန်ဆောင်း များမှာ လှပ၏။ ယခု အဆောက်အအုံတို့မှာ အသုံးကျ၏။ ရှေးရိုးသမားတို့၏ ကဗျာများကား လှပ၏။ ခေတ်(စမ်း)သမားတို၏ ကဗျာများကား လိုရင်းကို သိလွယ်၏။ လက်ာဆရာ၏ အာဘော်ကို အမြန်သိရ၏။

စိတ်ထဲတွင် လှိုက်လှိုက်လှဲလှဲ ပေါ်၍လာသော အခြင်းအရာကို အခြား လူများ သိလွယ်အောင် ဖွဲ့ဆိုခြင်းသည် ကဗျာဆရာ၏ တာဝန် ဖြစ်သည်ဟု ခေတ်(စမ်း)သမားတို့က အယူရှိကြ၏။ မိမိတို့၏ စိတ်ထဲတွင် ပေါ်လာသော အခြင်းအရာကို အသိုင်းအဝိုင်း များစွာနှင့် တခမ်းတနား ဆန်းကြယ်စွာ ဖွဲ့ဆိုနိုင် သူသာ ကဗျာဆရာအစစ် ဟူ၍ ရှေးရိုးသမားတို့က ဆိုကြလေသည်။

ဤဝါဒ နှစ်မျိုးတွင် မည်သည့်ဝါဒက မှားသည်၊ မည့်သည့်ဝါက မှန်သည်။ မည်သည့်ဝါဒက ကောင်းသည်၊ မည်သည့်ဝါဒက ညံ့သည် ဟူ၍ မည်သူမျှ မဆုံး ဖြတ်နိုင်။ နောင်ကိုလည်း ဆုံးဖြတ်နိုင်မည် မဟုတ်ပေ။ ခေတ်စမ်းဝါဒကို နှစ်သက်

mgyoe.com

mgyoe.com


သူတို့လည်း အများပင် ရှိပေလိမ့်မည်။ ရှေးရိုးဝါဒကို ကြိုက်သောသူအများ ရှိမည်လည်း မလွဲပေ။ နောင်လည်း ဤသို့ ဝါဒနှစ်မျိုး ရှိသွားမည် ဖြစ်၏။ ယခု ခေတ်စမ်းဝါဒထက် ခေတ်ဆန်သော ဝါဒများ နောင် ပေါ်ချင်လည်း ပေါ်လာပေဦးမည်။ ဤခေတ်စမ်း စာအုပ်ထဲမှာပင် ရှေးရိုးဝါဒကို နှစ်သက်သောသူတို့၏ ကဗျာများ ပါဝင်နေလေသည်။ ဦးတိုးအောင်၊ မောင်ဘသောင်း၊ မောင်စောမောင်မောင်တို့ကား ရှေးရိုးသမားများတည်း။ မောင်ဝန်နှင့် ဦးသိန်းဟန်တို့ကား ခေတ်စမ်းသမားများ ဖြစ်ကြ၏။ ဦးဇမောင်မှာ အစပ်တွင် ခေတ်ဆန်သော်လည်း စိတ်ကူးပုံကား ရှေးရိုးသမား ဖြစ်လေသည်။ ဦးညွှန့်လည်း ဤအတိုင်းပင်။ သို့ဖြစ်သောကြောင့် ရှေးရိုးကဗျာများကို နှစ်သက်သူတို့သည် ဦးဇမောင်၊ ဦးတိုးအောင်၊ မောင်ဘသောင်း၊ စောမောင်မောင်တို့၏ ကဗျာများကို ဖတ်ရာ၏။ ခေတ်စမ်းသမားတို့ကား ကိုဝန်၊ ကိုသိန်းဟန်နှင့် မခင်စောမူတို့၏ စာများကို ဖတ်ရာသည်။ အချုပ်ဆိုသော် ယခုကဲ့သို့ ခေတ်စမ်းသမားများ၊ ခေတ်စမ်းကဗျာများ ပေါ်ပေါက် ထွန်းကားလာခြင်းသည်လျှင် မြန်မာစာ တိုးတက်သည် မည်ပေ၏။ တိုးတက်ကြီးပွားသည် ဆိုသော စကားများကပင် သက်သေခံနေကြပေသည်။ ရှေးရိုးအတိုင်း မနေခြင်းကိုပင် တိုးတက်သည်ဟု ဆိုနိုင်လေသည်။ သို့သော် ကောင်းသော တိုးတက်ခြင်း၊ ဆိုးသော တိုးတက်ခြင်း ဟူ၍ကား ရှိနိုင်လေသည်။ ယခုခေတ်စမ်းကဗျာမှာ ကောင်းသော တိုးတက်ခြင်းလော ဆိုးသော တိုးတက်ခြင်းလောဟု မပြောနိုင်သေးပေ။ အချိန်တည်း ဟူသော တရားသူကြီးကသာလျှင် ဆုံးဖြတ်ပေလိမ့်မည်။ ရှေးရိုးသမားနှင့် ခေတ်စမ်းသမားတို့မှာ တစ်ဦးနှင့် တစ်ဦး ပုတ်ခတ်ကဲ့ရဲ့နေ၍ အကျိုးမရှိပေ။ တစ်ဦးအကြိုက်ကို တစ်ဦးက လိုက်နိုင်ကြမည်လည်း မဟုတ်။ ခေတ်စမ်းသမားတို့ ထွင်သည်ကို ထွင်ကြပါစေ။ ရှေးရိုးသမားတို့ကိုလည်း ခေတ်စမ်းသမားတို့က မကဲ့ရဲ့ကြပါနှင့်။ သူတို့နည်းလမ်းအတိုင်း သူတို့ သွားကြပါစေ။ မည်သည့်အရာမှာ မဆို ဤသို့ ဝါဒနှစ်မျိုး ရှိသည်မှာ ကောင်းသောအရာပင်တည်း။

■

mgyoe.com

mgyoe.com

# ခေတ်စမ်းကဗျာ

## (နံပါတ် ၃)

ယခင်ဆောင်းပါးတွင် ခေတ်စမ်းစာပေများ ပေါ်လာပုံအကြောင်းကို ရေးသားခဲ့ပေပြီ။ ဤဆောင်းပါးတွင်ကား ခေတ်စမ်း ကဗျာစာအုပ်တွင် ပါဝင်သော ကဗျာများကို ဖွဲ့ဆိုကြသည့် ခေတ်စမ်း ကဗျာဆရာတို့ အကြောင်းကို ရေးသားလိုရင်း ဖြစ်လေသည်။

ခေတ်စမ်း ကဗျာစာအုပ်တွင် ဦးဇမောင်၏ ကဗျာ ၇ ပုဒ် ပါလေသည်။ ဦးဇမောင်ကား ယခုအခါ ရန်ကုန်တက္ကသိုလ်ကျောင်းတိုက်တွင် နည်းပြဆရာအဖြစ် ကျောင်းသားအပေါင်းတို့အား စာပေပို့ချလျက် ရှိနေ၏။ လွန်ခဲ့သော ၄ နှစ်ခန့် အခါက မဟာဝိဇ္ဇာ စာမေးပွဲကို မြန်မာစာ ပထမတန်း ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ ဖြစ်လေသည်။ ရန်ကုန်တက္ကသိုလ်ကြီးကို စတင် ဖွင့်လှစ်ကတည်းက ယခုထက်တိုင် မဟာဝိဇ္ဇာတန်းကို မြန်မာစာ ပထမတန်း ဂုဏ်ထူးနှင့် အောင်မြင်သူမှာ ဦးဇမောင် တစ်ယောက်တည်းသာ ရှိလေသည်။ ဤခေတ်စမ်း စာအုပ်တွင်ပါသော ကဗျာများကို ဂန္ထလောက မဂ္ဂဇင်း၊ တက္ကသိုလ်ကျောင်းတိုက် မဂ္ဂဇင်းတို့တွင် 'မောင်သန့်စင်' အမည်နှင့် ထည့်သွင်းခဲ့လေသည်။ မောင်သန့်စင် အမည်နှင့် ဦးဇမောင် ရေးသော ကဗျာများကို ဒဂုန်မဂ္ဂဇင်း၊ ကြီးပွားရေးမဂ္ဂဇင်းတို့တွင် ရံဖန်ရံခါ တွေ့မြင်ရလေသည်။ လွန်ခဲ့သော ၄ နှစ်ခန့် အခါက 'မြန်မာစာအခင်း' ဟူသော ခေါင်းစဉ်ဖြင့် မောင်သန့်ဇင် အမည်နှင့် ရေးသားသော ဆောင်းပါးများကိုလည်း ဖတ်ရပေသည်။ သို့သော် ထိုဆောင်းပါးများကို အဆုံးမသတ်ဘဲ ဖြတ်ထားသောကြောင့် စိတ်ပျက်မိခဲ့လေသည်။ ဦးဇမောင်သည် ရာသီဖွဲ့၊ မယ်ဖွဲ့၊ မောင်ဖွဲ့တို့ကို ရေးသားလေ့ ရှိလေသည်။ ကဗျာစပ်ဆိုရာတွင် စပ်ပုံအနည်းငယ် ထွင်ထားသော နေရာများကို တွေ့မြင် ဖတ်ရှုရလေသည်။ 'မှုံပြာရီ' ဆိုသော ကဗျာတွင် 'မှုံပြာရီ' နှင့် ချီပြီးလျှင် 'ရီပြာမှုံ' ချ၏။ တစ်ဖန် 'ရီပြာမှုံ' နှင့် ချီပြီးလျှင် 'ပြာမှုံရီ' နှင့် ချ၏။ ထိုနောက်

mgyoe.com

mgyoe.com


'ပြာမှုံရီ' ချိပြန်၍ 'မှုံရီပြာ' နှင့် ချ၏။ အဆုံးသတ်တွင် 'မှုံရီပြာ' နှင့် ချိပြီးနောက် အစဖြစ်သော 'မှုံပြာရီ' နှင့် ချလေ၏။ ဤသို့ အချီအချတွင် အနည်းငယ် ထွင်၍ စပ်ဆိုသည်မှာ ဦးဇမောင် အစပင် ဖြစ်လေသည်။ အချီအချမှတစ်ပါး လင်္ကာ စာကိုယ်မှာမူကား လင်္ကာအသွားရိုးရိုးပင် ဖြစ်လေသည်။ ဦးဇမောင်၏ 'လောက ဇာတ်ရုံ' ကဗျာမှာ အတော်ကလေး နက်၍ စဉ်းစားဖွယ်အချက် များစွာ ပါလေ သည်။ ဦးဇမောင်သည် ဖွဲ့ကောင်းကောင်းနှင့် ကဗျာ လင်္ကာတို့ကို ဆက်လက် ရေးသားနိုင်ပါစေဟု ဆုတောင်းရပေတော့သည်။

ဦးသိန်းဟန်။ ။ ယခုအခါ ဦးသိန်းဟန်မှာ ရန်ကုန်တက္ကသိုလ် ကျောင်းတိုက်တွင် မြန်မာစာ နည်းပြဆရာ အဖြစ်ဖြင့် ကျောင်းသားတို့အား စာပေ ပို့ချရင်း မဟာဝိဇ္ဇာ ပညာများကို ဆည်းပူးလျက် နေလေသည်။ မြို့မကျောင်းသား ဟောင်းတစ်ယောက် ဖြစ်၏။ မြို့မကျောင်းသား ဘဝကတည်းက ကဗျာလင်္ကာဖွဲ့ ဆိုခြင်းကို ဝါသနာထုံသူတစ်ဦး ဖြစ်သည့်အတိုင်း ဆာဂျေအေမောင်ကြီး၏ ကဗျာဆု ရွှေဒင်္ဂါး ၅ ပြားကို ရခဲ့သူ ဖြစ်လေသည်။ ဥပစာတန်းတွင် သာဒိုးအောင် ဆုကို ရခဲ့၏။ ဝိဇ္ဇာစာမေးပွဲကို အောင်မြင်သောအခါ ခေတ္တမျှ မြို့မကျောင်းတွင် မြန်မာစာပေများ သင်ကြားပြသလျက် နေခဲ့၏။ မြို့မကျောင်းသား ဘဝတုန်းက လည်းကောင်း၊ တက္ကသိုလ်ကျောင်းသားဘဝကလည်းကောင်း၊ မြို့မကျောင်းဆရာ အဖြစ်ဖြင့်လည်းကောင်း၊ တက္ကသိုလ်ကျောင်းဆရာ အဖြစ်ဖြင့်လည်းကောင်း ဝံသယုဝ မဂ္ဂဇင်း၊ တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်း၊ ဂန္ထလောကမဂ္ဂဇင်းတို့တွင် ကဗျာများကို စပ်ဆို ထည့်သွင်းလေ့ ရှိလေသည်။ ဦးသိန်းဟန် တက္ကသိုလ် ကျောင်းသား ဘဝတုန်းက ဖွဲ့ဆိုသော 'ဗေဒါ'* ခေါ် ကဗျာကလေးကား ဦးသိန်းဟန်အား ကဗျာဆရာ ဟူသော ဘွဲ့ထူးကို ပေးလိုက်လေသည်။ ထိုကဗျာ ကလေးမှာ ပိတောက်ပန်းကလေးကို ဖွဲ့ဆိုထားသော ကဗျာကလေး ဖြစ်၏။ ကဗျာတိုကလေး ဖြစ်သော်လည်း ၎င်းအထဲ၌ တွေးတောစရာ အချက်များ၊ လေးနက်သည့် အဓိပ္ပာယ်များနှင့် ပြည့်လျက်သာ နေလေတော့၏။ ဦးသိန်းဟန်မှာ ထင်ပေါ်လိုသောစိတ် မရှိ။ ခပ်ကုပ်ကုပ်ပင်နေလေ့ ရှိသော်လည်း ထိုကဗျာကလေးကို စပ်ဆိုသည်နှင့် တစ်ပြိုင်နက် ထင်ပေါ်၍ လာရလေတော့သည်။ ၎င်းကဗျာကလေးကို ဦးခင်ဇော်က ဘာသာပြန်ကာ အင်္ဂလိပ်ကဗျာ ဖွဲ့ဆိုထားလေသည်။ ၎င်း 'ဗေဒါ' အမည် ရှိသော ကဗျာကလေးမှာ ခေတ်စမ်းကဗျာတွင် မပါလာသောကြောင့် ဝမ်းနည်းမိပေသည်။

* ပိတောက်ပန်းကို ဆိုလိုဟန်တူသည်။ ။ (စာတည်း)

mgyoe.com

mgyoe.com


ဦးသိန်းဟန်၏ ကဗျာညဏ်မှာ အတော်ပင် နက်နဲလေသည်။ ၎င်း၏ ကဗျာများကို တော်စွာလျော်စွာ ဖတ်သွားလျှင် နားမလည်နိုင်ပါ။ အထပ်ထပ် အခါခါ ဖတ်ပါမှ လေးနက်သော အဓိပ္ပာယ်တို့မှာ တရေးရေးသာ ပေါ်၍ လာလေတော့၏။ အချို့ စာဖတ်သူတို့မှာ လင်္ကာကို ဝတ္ထုဖတ်သလို သဘောမျိုးနှင့် ဖတ်လေ့ရှိကြ၏။ ဤသို့သော သူတို့အတွက် ဦးသိန်းဟန်၏ ကဗျာများမှာ များစွာ မကောင်းလှပေ။ ၎င်း၏ ကဗျာများကို အသေအချာ လေ့လာသူတို့အဖို့ကား အထူးကောင်းပေသည်။ ဤနေရာ၌ ကိုဝန်နှင့် ကိုသိန်းဟန်တို့မှာ ကဗျာညဏ်ချင်း ကွာကြလေသည်။ ကိုဝန်၏ ကဗျာကလေးများမှာ လွယ်လွယ်နှင့် ကောင်း၏။ ကိုသိန်းဟန်၏ ကဗျာတို့ကား နက်နက်နှင့် ကောင်းပေသည်။ ကိုဝန်၏ ကဗျာ ညဏ်အကြောင်းကို ဆိုင်ရာအကွက်ကျမှ ဆက်လက် ရေးသားပါမည်။

ဦးသိန်းဟန်မှာ ကဗျာဆရာ ဖြစ်သော်လည်း စကားပြေများကိုလည်း ရေးသားလေ့ ရှိ၏။ ၎င်း၏ ဝတ္ထုနှစ်ပုဒ် ခေတ်စမ်းပုံပြင် ၁ တွင် ပါလေသည်။ ယခုအခါ ကျောင်းသုံး ဖြစ်နေသော 'မဟာဆန်ချင်သူ' ပြဇာတ်မှာလည်း ဦးသိန်းဟန် ဘာသာပြန်ထားသော ပြဇာတ်ပင် ဖြစ်လေသည်။ မဟာဆန်ချင်သူ ပြဇာတ်ကို ဖတ်ခြင်းအားဖြင့် ဦးသိန်းဟန်၌ ရွှင်ပျသော ဟာသညဏ်လည်း ရှိကြောင်းကို သိရှိနိုင်လေသည်။ ဂန္ထလောက မဂ္ဂဇင်းတစ်စောင်တွင်ပါသော 'ကိုခင်နှင့် အရှင်ဦးသောဘိတ' ဆိုသော ဝတ္ထုတိုကလေးမှာ ဦးသိန်းဟန် ရေးသမျှသော ဝတ္ထုတိုတို့တွင် အကောင်းဆုံး ဖြစ်သည်ဟု ကျွန်တော် ယုံကြည်ပါသည်။ ၎င်းဝတ္ထုကလေးကို ဖတ်ပြီးရင်း ဖတ်ချင်ရင်း ဖြစ်၏။ ဦးသိန်းဟန်၏ နက်နဲသော ကဗျာညဏ်ကို ကဗျာ စာကိုယ်များကို ဝေဖန်သောအခါကျမှ ထုတ်ဖော် ရေးသားပါဦးမည်။

ကိုဝန်။ ။ လွန်ခဲ့သော တက္ကသိုလ်စာမေးပွဲတွင် မဟာဝိဇ္ဇာတန်းကို ဒုတိယတန်း မြန်မာစာ ဂုဏ်ထူးနှင့် အောင်မြင်ခဲ့သူတစ်ဦး ဖြစ်လေသည်။ ကိုဝန်ကား ကဗျာဆရာအစစ် ဖြစ်သည်ဟူ၍ ဆိုလျှင် ငြင်းဆိုဖွယ် မရှိပေ။ တက္ကသိုလ်ကျောင်း မရောက်ခင်ကပင် ဒဂုန်မဂ္ဂဇင်းတွင် ကဗျာများကို ရေးသားခဲ့သူ ဖြစ်၏။ တက္ကသိုလ် မဂ္ဂဇင်းတွင် ကိုဝန်မှာ မင်းသုဝဏ် ဟူသော အမည်ဖြင့် အတော်ပင် နာမည်ကြီးသူ ဖြစ်ခဲ့ပေသည်။ တက္ကသိုလ် မဂ္ဂဇင်းတစ်စောင်တွင် 'ခါနွေဆန်းတော့ လွမ်းမိတယ်' ဆိုသော မှာတမ်းကို ရေးကတည်းက ကိုဝန်မှာ နာမည်ကြီး၍သာ လာလေသည်။ ဤမှာတမ်းကို ဖတ်မိသော သူတို့အနက် မည်သူသည် ကိုဝန်အား မချီးမွမ်းဘဲ နေပါအံ့နည်း။ ချီးမွမ်းရမည်သာတည်း။ ကိုဝန်၏ ကဗျာများမှာ နုနုယဉ်ယဉ်

mgyoe.com

mgyoe.com


သိမ်သိမ်မွေ့မွေ့ ပြေပြေပြစ်ပြစ် ရှိလှပေ၏။ လွယ်လွယ်ကလေးနှင့် ကောင်းသော ကဗျာများပေတည်း။ ခက်ခဲသော စကားလုံးများမပါ။ စကားကိုလည်း များစွာ မသုံး။ ပြောင်ပေ့ ဆိုသော စကားလုံး ကလေးများကိုသာ ရွေးကာ ပုလဲသွယ်ကို သီကုံးသကဲ့သို့ သီကုံးထားသည်မှာ လွန်စွာမှပင် အံ့စရာ ကောင်းပေတော့၏။

ကိုဝန်မှာ လင်္ကာ ဖွဲ့ဆိုခြင်းတွင်သာ ကျွမ်းကျင်သူ မဟုတ်။ စကားပြေ ရေးသားရာတွင်လည်း စွမ်းသောသူ ဖြစ်လေသည်။ ခေတ်စမ်းပုံပြင် ၁ တွင် ၎င်း၏ ဝတ္ထုတို ၉ ပုဒ် ပါလေသည်။ ၎င်းဝတ္ထုတိုကလေးများကို ဖတ်ကြည့်မည်ဆိုလျှင် ကိုဝန်၏ သိမ်မွေ့ချောမွတ်သော လက်ရာများကို တွေ့မြင်ကြရပေလိမ့်မည်။ (အထူး သဖြင့် ကိုဝန်မှာ ကလေးများနှင့် သင့်လျော်သော ကဗျာများကို ရေးရာတွင် အထူး ကောင်းမွန်ပါသည်။ ဒဂုန်မဂ္ဂဇင်း၊ တက္ကသိုလ်ကဏ္ဍ အခန်းတွင် 'ကျေးရွာနှင့် တေးကဗျာ' ဆိုသော အခန်းတွင် ကိုဝန် ရေးခဲ့ဖူးသော စာများကို ထောက်၍ လည်းကောင်း၊ ခေတ်စမ်းကဗျာတွင် 'မောင်ထွေးဖို့' ဆိုသော ကဗျာများကို ထောက်၍လည်းကောင်း သိရာ၏။)

ဦးညွန့်။ ။ ဦးညွန့်ကား မဟာဝိဇ္ဇာ စာမေးပွဲကို မြန်မာစာ ဂုဏ်ထူးနှင့် အောင်မြင်ပြီးနောက် ပညာပိုင်းတွင် လုပ်ကိုင်လျက် နေလေသည်။ ကျောင်းသား ဘဝက ရေးသားစပ်ဆိုခဲ့သော ကဗျာများမှာ အလွန်မှပင် ကဗျာဉာဏ် ပါလေ သည်။ ဆရာလင်းက မိမိ၏တပည့်များ ကဗျာမစပ်လာကြသောကြောင့် လေးချိုး တစ်ပုဒ် စပ်၍ ကြိမ်းလေရာ နောက်တစ်နေ့တွင် မျက်ဖြေကဗျာတစ်ပုဒ်ကို ဦးညွန့်က စပ်ခဲ့သောကြောင့် ဆရာကြီးဦးလင်း စိတ်ပြေသွားလေသည်။ ၎င်းကဗျာကလေးမှာ အထူးကောင်းလှပေ၏။ သို့သော် ခေတ်စမ်းကဗျာထဲတွင် မပါချေ။ ယခုအခါ မူကား လက်ရှိ အလုပ်အကိုင်များက တစ်ဖက်၊ တောသွားရသည်က တစ်ဖက်တို့ ကြောင့် ခများမှာ ကဗျာဖက်ကို များစွာ လိုက်စားဟန် မတူပေ။ ကဗျာဉာဏ် ဆိုသည်ကား သွေးနိုင်မှ ထက်လေသည်။

ကိုတိုးအောင်။ ။ လွန်ခဲ့သော တက္ကသိုလ် စာမေးပွဲတွင် မဟာဝိဇ္ဇာ တန်းကို တတိယတန်း မြန်မာစာဂုဏ်ထူးနှင့် အောင်မြင်ခဲ့သူ ဖြစ်လေသည်။ ဂန္ထလောက မဂ္ဂဇင်းတွင် 'ဝဇီကိုင်' ဆိုသော ဆောင်းပါးကို ရေးသောကြောင့် နာမည် ကြီးလာသူ ဖြစ်လေသည်။ ၎င်း၏စာ ၄၊ ၅ ပုဒ်ခန့် ခေတ်စမ်းပုံပြင်စာအုပ်တွင် ပါ၏။ ခေတ်စမ်းကဗျာ စာအုပ်တွင်ကား ကဗျာ ၈ ပုဒ်မျှ ပါလေသည်။ ကိုတိုး အောင်မှာ ရယ်စရာ ဆောင်းပါးများကို ရေးသားလေ့ရှိ၏။ ၎င်း၏ ပြက်လုံးများကို အချို့က ကြိုက်၍ အချို့ မကြိုက်ကြချေ။ မကြာမီအတွင်းက ဒီးဒုတ်ဂျာနယ်တွင်

mgyoe.com

mgyoe.com


'မောင်သိန်းဖေ' ဆိုသူက ကိုတိုးအောင်၏ ပြတ်လုံးများသည် လူပြက်များ၏ ပြက်လုံးတို့နှင့် တူသည်ဟု ရေးသားထားလေသည်။

မခင်စောမူ။ ။ ဝိဇ္ဇာစာမေးပွဲကို တတိယတန်း ဂုဏ်ထူးနှင့် အောင်မြင်သူ ဖြစ်၏။ တက္ကသိုလ် မဂ္ဂဇင်း၊ ဂန္ဓလောက မဂ္ဂဇင်းတို့တွင် ဆောင်းပါးများ ရေးသား ခဲ့သူ ဖြစ်လေသည်။ ဒဏ္ဍာရီ ပုံပြင်ကလေးများကို ဘာသာပြန်ရာတွင် အလွန် တော်၏။ ခေတ်စမ်းကဗျာတွင်ပါသော 'လိပ်ပြာနှင့် ကြာကုမုဒ်' ခေါ် ကဗျာကလေး မှာ ပထမတန်းစား ကဗျာကလေး ဖြစ်သည်။ 'နေဝင် မောင်ငိုက်၊ လမိုက်မယ်ငုံ' ဆိုသော စကားကလေး ရှစ်လုံးတွင် အဓိပ္ပာယ် မည်မျှ ခရီးရောက်ကြောင်းကို စာဖတ်သူတိုင်း တွေ့မြင်နိုင်လေသည်။ ဤကဗျာကလေးနှင့် ပတ်သက်၍ ကဗျာ စာကိုယ်များအကြောင်း ရေးမှ ဖော်ပြပါဦးမည်။

ကိုဘသောင်းကား ဝိဇ္ဇာဘွဲ့ ရပြီးသား ကဗျာဆရာ ဖြစ်လေသည်။ မဟာ ဝိဇ္ဇာပညာများကို သင်ကြားနေဆဲ ဖြစ်၏။ ဝိဇ္ဇာ စာမေးပွဲတွင် မြန်မာစာကို အထူးနှင့် အောင်မြင်ခဲ့၏။ မဂ္ဂဇင်းများတွင် ဆောင်းပါးများ ရေးသားလေ့ ရှိလေသည်။

ကိုစောမောင်မောင်မှာ ၁၉၃၄ ခုနှစ် တက္ကသိုလ်စာမေးပွဲတွင် ဝိဇ္ဇာတန်းကို မြန်မာစာ ဒုတိယတန်း ဂုဏ်ထူးနှင့် အောင်မြင်သူ ဖြစ်လေသည်။ ရတုများကို ရေးသားလေ့ ရှိ၏။ မဂ္ဂဇင်းများတွင် ဆောင်းပါးများကို ရေးသားလေ့ ရှိလေသည်။ ကိုစောမောင်မောင်၏ ကဗျာများမှာ ရှေးဆန်၏။

■

[မောင်မြသွင်၊ သိပ္ပံကျောင်းသား။]

mgyoe.com

mgyoe.com

# ခေတ်စမ်းကဗျာ

## (နံပါတ် ၄)

ဤဆောင်းပါးတွင် ခေတ်စမ်းကဗျာ စာကိုယ်များကို စိစစ်ဝေဖန်ရပေမည်။ စာအုပ်အစတွင် ဦးဇမောင်၏ ကဗျာ ၇ ပုဒ် ပါလေသည်။ ၎င်းကဗျာ ၇ ပုဒ်အနက် 'ပန်းသဇင်' မှာ သဇင်ပန်းကို ဖွဲ့ဆိုထား၏။ 'ကံနည်းသူ နတ်ရှင်နောင်မှာ' နတ်ရှင်နောင် မင်းသား၏ အဖြစ်အပျက်ကို ဖွဲ့ဆိုထား၏။ 'မှုံပြာရီ' မှာ အလွမ်းဖွဲ့၊ 'ယဉ်ပျိုဖြူ' နှင့် 'ချစ်သက်ဝေ' တို့မှာ မယ်ဖွဲ့၊ 'ဖိုးခေါင်ငှက်' နှင့် 'လောကဓာတ်ရုံ' တို့မှာ သံဝေဂဖွဲ့များ ဖြစ်ကြလေသည်။ အဆိုပါ ဦးဇမောင်၏ ကဗျာများအနက် လောက ဓာတ်ရုံကို ကျွန်တော် အကြိုက်ဆုံး ဖြစ်လေသည်။ သဇင်ပန်းအကြောင်းကို ဦးတိုးတို့ ဖွဲ့ဆိုခဲ့ကြပြီးလေပြီ။ ဦးဇမောင်၏ ပန်းသဇင်တွင် 'မြေနှင့်တရံ မဆက်ဆံသား' ဟူသော အပိုဒ်များနှင့် ဦးတိုးတို့၏ မြေနှင့်ရန်ဖက် ဟူသော အပိုဒ်တို့ကို နှိုင်းယှဉ်၍ ကြည့်ရာ၌ ဦးတိုး၏ 'နဂိုရ်ပုံ့ပုံ့၊ ချိုစုံ့စုံ့နှင့်၊ ရဂုံ့ကျက်သရေ' ဆိုသော အဖွဲ့ကို လိုက်ပြီးလျှင် ဦးပုညက 'နဂိုရ်ဖိုင့်ဖိုင့်၊ ဂျိုဝိုင့်ဝိုင့်နှင့်၊ ဂနိုင့်ကျက်သရေ' ဟူ၍ စပ်သကဲ့သို့တည်း။ ဦးဇမောင်၏ ကဗျာများကို ခြုံ၍ ကြည့်ခြင်းအားဖြင့် စိတ်ကူး ပုံမှာ ရှေးဆရာကြီးများ၏ နောက်လိုက်ဖြစ်သည်ကို သိရလေသည်။ မှုံပြာရီ၊ ယဉ်ပျိုဖြူ၊ ချစ်သက်ဝေတို့တွင် အချိုအချများတွင် ခပ်ဆန်းဆန်းကလေး ချိုချ ထားသည်ကို တွေ့မြင်ရ၏။

ခေတ်စမ်းကဗျာ တစ်အုပ်လုံးတွင် ဦးသိန်းဟန်၏ ကဗျာ အများဆုံး ပါလေသည်။ ၂၄ ပုဒ်မျှ ဖြစ်၏။ ၎င်း၏ ကဗျာများမှာ အလွန် ခေတ်ဆန်သော ကဗျာများ ဖြစ်သည်ကို မည်သူမျှ ငြင်းဆိုနိုင်မည် မဟုတ်ပေ။ ၎င်းစာအုပ် နိဒါန်းတွင် ဦးဖေမောင်တင် ရေးသားထားသကဲ့သို့ ဦးသိန်းဟန်၏ ကဗျာများတွင် 'အဖွဲ့အမျိုးအစား ဆန်းသစ်သည်ဟု မဆိုလို။ စိတ်ကူး ဆန်းသစ်သည်ကိုသာ

mgyoe.com

mgyoe.com


ဆိုလိုပါသည်။’ ဦးသိန်းဟန်သည် ရှေးအခါက မရေးသား မစပ်ဆိုခဲ့သေးသော အကြောင်းအရာများကို ဖွဲ့ဆိုပြန်သောအခါလည်း ရှေးကဗျာဆရာများ ဖွဲ့ဆိုသော စိတ်ကူးမျိုးနှင့် ဖွဲ့ဆိုသည် မဟုတ်ဘဲ မိမိက ထွင်ကာ တစ်မျိုးဆန်းလာအောင် ဖွဲ့ဆိုလေ့ရှိသောကြောင့် ဦးသိန်းဟန်အား ချီးမွမ်းရပေတော့သည်။

ဥပမာကို ထုတ်ဆောင်၍ ပြပါဦးအံ့။ ရှေးကဗျာဆရာများ ပန်းဖွဲ့ အမျိုးမျိုးတို့ကို စပ်ဆိုခဲ့ကြလှလေပြီ။ အချို့က မိမိတို့ဖွဲ့ဆိုအပ်သော ပန်းမှာ အဖိုးတန်ပန်းဖြစ်ကြောင်း၊ မည်သည့်ရာသီတွင် ပွင့်လေ့ရှိကြောင်း၊ မြင့်မြတ်သော သူတို့နှင့်သာ ထိုက်တန်ကြောင်းတို့ကို ဖွဲ့ဆိုလေ့ ရှိကြ၏။ အချို့ကမူကား မိမိတို့ ဖွဲ့ဆိုသော ပန်းကလေးကို ချီးမွမ်းပြီးနောက် ၎င်းပန်းကလေးနှင့် မိမိတို့ ချစ်ခင်သောသူတို့မှာ မည်မျှ လိုက်မည်နည်း။ ၎င်းပန်းကလေးကို မြင်လိုက်လျှင် ချစ်ခင်သူအား သတိမရဘဲ မနေနိုင်ကြောင်း၊ အချို့ကလည်း မိမိတို့ ဖွဲ့ဆိုသော ပန်းကို မိမိတို့၏ ချစ်သူများနှင့် နှိုင်းယှဉ်ကာ ချီးမွမ်းလေ့ ရှိကြလေသည်။ ဦးသိန်းဟန်ကား ‘ပိတောက်ပန်း’ ခေါ် ကဗျာကလေးတွင် အထက်အဆိုပါ သူသူငါငါ ဖွဲ့ဆိုပုံမျိုး မဖွဲ့ဆိုဘဲ ခပ်ဆန်းဆန်း ကလေး ဖွဲ့ဆိုထားလေသည်။ ‘မခူးချင်စမ်းပါနဲ့’ ‘သူလဲလေ လောကီသားလိုပေါ့၊ ကြွားချင်လှပေလိမ့်မည်’၊ ‘ခများမှာ တဂုဏ်ဆန်းရတယ်၊ ပန်း ပိတောက်များ’ စသော အပိုဒ်များဖြင့် ပိတောက်ပန်းကို အသက်ရှိသော သူကဲ့သို့ တင်စားပြီး ဖွဲ့ဆိုထားသည်မှာ ဆန်းကြယ်လှပေသည်။ ဤသို့ ဆန်းကြယ်သော စိတ်ကူးစိတ်သန်းသည်သာလျှင် ကဗျာဆရာတို့၏အသက် မည်ပေသည်။ ဦးသိန်းဟန်၏ ကဗျာကလေးကို ဖတ်လိုက်သောအခါ အသက်မရှိသော ပိတောက်ပန်းကလေးပင် အသက်ဝင်၍ လာတော့၏။ ၎င်းပန်းကို ခူးရမည်ကိုပင် မခူးရက် မခူးချင်၊ သနား၍ပင် လာပေလိမ့်မည်။ ဤကား သူတကာ ဖွဲ့ဆိုပြီးသော အကြောင်းအရာတို့ကိုပင် ခပ်ဆန်းဆန်းကလေး ဖွဲ့ဆိုထားခြင်း အကြောင်းပင်တည်း။

‘ကြောင်မနက်ပြာ’၊ ဝမ်းဘဲငှက်’၊ ‘လမင်းနှင့် ဖီးကွက်’၊ ‘သားအမိ’ စသော ကဗျာများကား ရှေးအခါက မဖွဲ့ခဲ့သေးသော အကြောင်းအရာများကို ဖွဲ့ဆိုထားသော ကဗျာများ ဖြစ်လေသည်။ ‘ကြောင်မနက်ပြာ’ ခေါ် ကဗျာကလေးတွင် ကြောင်နက်မ တစ်ကောင်သည် မိမိ၏ အစာဖြစ်သော ကြွက်သံကို ကြားရသောကြောင့် မတုန်မလှုပ်ဘဲ၊ မျက်တောင်မခတ်ဘဲ ချောင်း၍ နေပုံကလေးကို ဖွဲ့ဆိုထားလိုက်သည်မှာ ဆန်းလည်းဆန်း၊ မျက်စိထဲတွင်လည်း ၎င်းကြောင်၏ ရုပ်ပုံမှာ ကွက်ခနဲ ကွက်ခနဲ ပေါ်၍ လာလေတော့၏။ ‘ဝမ်းဘဲငှက်’ ခေါ် ကဗျာကလေးတွင်

ရေတိမ်ကမ်းစပ်၊ တဃပ်ဃပ်နှင့်၊ ကူးခတ်တက်သက်

mgyoe.com

mgyoe.com


နှင့် ဖွဲ့ဆိုထားသည်မှာ သရုပ်ပေါ်လှပေသည်။ ဝမ်းဘဲ၏ မြည်သံမှာ အကြားရ ကပ်လှပေ၏။ ဤအကြားကပ်လှသော အသံကို (ဃ) ကြီးဖြင့် (ဃပ်) ထားသော ကြောင့် သာ၍ပင် လေးနက်သွားလေသည်။ 'အလားအလာ' တွင် (အုံအင်အုံအင်) ကြောက်မက်ဖွယ် အကြောင်းကို ဖွဲ့ဆိုသောအခါ ကြမ်းတမ်းသော အသံပါသည့် စကားတို့ဖြင့် စပ်ဆိုခြင်း၊ သာယာသော အကြောင်းတို့ကို ဖွဲ့ဆိုသောအခါ သိမ်မွေ့နူးညံ့သော အသံပါသည့် စကားလုံးတို့ဖြင့် စပ်ဆိုနိုင်ခြင်းသည်လည်း အကျွမ်းဆရာတို့၏ သတ္တိထူးတစ်ရပ် ဖြစ်ပေသည်။ ဥရောပတိုက် ဟာန်ဂေရီပြည်ကို ဖြတ်သွားသော ဒန်ညူမြစ်အကြောင်း စပ်ဆိုထားသော 'ဗလူးဒန်ညူ' ခေါ် သီချင်း၏ တီးကွက်ကို ကြားလိုက်ရသောအခါ အလွန် ဖြည်းညှင်းစွာ စီးဆင်းနေသော မြစ်အတွင်း ခရီးသွားနေရသကဲ့သို့ ထင်မှတ်ရပေ၏။ အကြောင်းမူကား ၎င်း သီချင်းကို စပ်ဆိုရာ၌ အသုံးပြုထားသော အသံများမှာ ဖြည်းညင်းသိမ်မွေ့သော အသံများ ဖြစ်သောကြောင့်တည်း။

လမင်းနှင့် ဇီးကွက်ခေါ် ကဗျာကလေးတွင်လည်း ဇီးကွက်တစ်ကောင်မှာ ညောင်ပင်ပေါ်၌နေ၍ လမင်းကို ကြည့်နေပုံကို ဖွဲ့ဆိုထားသည်မှာ ...

ဥပမာလျှင်၊ ကသိဏ်းခွင်ဝယ်၊ ဆင်ခြင်သတိ၊
ဘဝင်ထိ၍၊ ပီတိသုစာ၊ ဤရသာကို၊ မျိုကာမျိုကာ၊
တည်ကြည်စွာသည်၊ ဒေါင်ချာဆင်လေ့၊ ချောင်ဂူ
ရှေ့က၊ ရသေ့အသွင် တူတော့သည်။

ဟူ၍ စပ်ဆိုထားသည်မှာ သရုပ်ပေါ်ရုံမျှ မကသေး၊ စိတ်ကူး ဆန်းပြားပုံကိုလည်း ပြလေသည်။ လမင်းကိုကြည့်ရင်း ဇီးကွက်က ပီတိဖြာနေပုံကို ကသိဏ်းခွင်တွင် ပီတိပွားနေသော ရသေ့နှင့် နှိုင်းယှဉ်ထားသည်မှာ အလွန် ဆီလျော်လေသည်။ သားအမိခေါ် ကဗျာကလေးတွင် မိခင်က ချစ်လှစွာသော သားကလေးကို မြူချော့နေပုံကို စပ်ဆိုထားလေသည်။ မိခင်၏ အချစ်ကိုလည်း ပေါ်လွင်စေလေသည်။

အများအားဖြင့် ဦးသိန်းဟန်၏ ကဗျာများမှာ နက်နဲလေသည်။ ရုတ်တရက် ဖတ်သွားလျှင် အဓိပ္ပာယ်များစွာ မပေါ်ပေ။ ထပ်ခါထပ်ခါ တတွေးတွေး တွေးပြီး ဖတ်မှ အရသာ တငွေ့ငွေ့သာ ပေါ်၍လာလေ့ ရှိလေသည်။ ကဗျာတိုတို ကလေးများတွင်ပင် အလွန်နက်နဲ၍ တွေးဖွယ်အချက် အမြောက်အမြား ပါနေ၏။ 'ပွင့်စမာလာအား ပြန်ကြားချက်'၊ 'စွန်ငှက်အား ပန်ကြားချက်' တို့မှာ ဤကဗျာမျိုး ဖြစ်၏။ အဓိပ္ပာယ်နှစ်မျိုး ရှိလေသည်။ ရိုးရိုးဖတ်လိုက်သော် ရိုးရိုအဓိပ္ပာယ်ပေါ်၏။ တွေး၍ ဖတ်လိုက်သော် မြန်မာများ၏ တက်လမ်း၊ မြန်မာစာပေ၏ တိုးတက်လမ်း

mgyoe.com

mgyoe.com


ကို ညွှန်ထားကြောင်း တွေ့ရပေမည်။ ရှုမျှော်ခင်းကလေးများကိုလည်း မျက်စိထဲတွင် ကွင်းကွင်းကွက်ကွက် ပေါ်လာအောင် ဖွဲ့ဆိုတတ်လေသည်။ 'ဤကြာကန်' နှင့် 'ဤမြေချာ' ဆိုသော ကဗျာကလေးများမှာ ရှုမျှော်ခင်းကို ဖွဲ့ဆိုထားသော ကဗျာကလေးများ ဖြစ်လေသည်။ ဤမြေချာတွင် သာမည ရှုခင်းကလေးကိုပင် ပေါ်လွင်အောင် ဖွဲ့ဆိုထားပေသည်။ ဤမြေချာခေါ် ကဗျာကလေးတွင် ညောင်ပင် တစ်ပင်၊ ပိန္နဲပင် တစ်ပင်၊ ပိန္နဲပင်ပေါ်တွင် ရှဉ့်ကလေး ပြေးလွှားနေ၏။ ထန်းပင် နှစ်ပင်၊ ဘုရားတစ်ဆူ၊ ဘုရားဆွဲလဲများမှာ လေညင်းတိုက်ခတ်နေသောကြောင့် မြည်၍နေကြလေသည်။ ဤသို့သော သာမည ရှုခင်းကလေးမျိုးကို ရှေးအခါက ဖွဲ့ဆိုထားသည်ကို မတွေ့ဖူးသေးပေ။ ရှေးအခါက မြစ်ဖွဲ့၊ တောဖွဲ့၊ တောင်ဖွဲ့ တို့ကိုသာ ဖွဲ့ဆိုထားခဲ့ကြလေသည်။ ရှေးအခါက တောတောင် စိမ့်စမ်း သစ်ပင် တို့ကို ဖွဲ့ဆိုပုံမှာ အသိုင်းအဝိုင်းများစွာနှင့် တခမ်းတနား ဖွဲ့ဆိုထားခြင်း ဖြစ်လေသည်။ ဦးသိန်းဟန်၏ ရှုမျှော်ခင်းကလေးကား ရှင်းရှင်းလင်းလင်း လိုရင်းအချက် ကလေးများ ပါရုံကိုသာ မိမိ၏ ကဗျာတွင် ပါဝင်စေလေသည်။ ရှေးက စပ်ဆိုခဲ့သော ကဗျာတို့ကား အထွတ်အတက်၊ အညွှန့်အခက်၊ ခြူးပန်းခြူးနွယ်တို့နှင့် တန်ဆာ ဆင်ထားသော တန်ဆောင်းများနှင့် တူ၏။ ဦးသိန်းဟန်၏ ကဗျာကား အပြင်အပ တွင် တန်ဆာမဆင်ဘဲ အိမ်အတွင်းမှာသာလျှင် ရေချိုးခန်း၊ အိပ်ခန်း၊ ထမင်းစား ခန်း၊ ဧည့်ခန်း၊ ပစ္စည်းများ သိမ်းဆည်းရာအခန်း၊ လေညင်းခံရာ အခန်းမှ စ၍ အပို ဟူ၍ မပါ။ အတိအကျ လိုအပ်သော အခန်းများဖြင့် ဆောက်လုပ်ထားသော ယခုကာလ အိမ်နှင့် တူလေသည်။ ရှေးအခါက အလှအပကို အထူး အရေးပေး၏။ ယခုခေတ်တွင်ကား အသုံးကျ၍ လိုအပ်သော အရာကို အရေးပေးလေသည်။ ဤသည်တို့ကား ရှေးနှင့်ယခု ခြားနားခြင်းပင်တည်း။

ရှေးအဆောက်အအုံများသည် လှပ၏။ ယခု အဆောက်အအုံများကား အသုံးကျလေသည်။ ရွှေတိဂုံဘုရား တန်ဆောင်းတစ်ခုနှင့် ယခု တက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင် အဆောက်အအုံကြီးတို့ကို နှိုင်းယှဉ်ရာသည်။ ရှေးလင်္ကာတို့ကား ဆန်းကြယ်၏။ ယခုခေတ် လင်္ကာတို့ကား လိုရင်းကို ရောက်လွယ်၏။ အသုံး ဝင်ခြင်းပေတည်း။

ဦးသိန်းဟန်မှာ နက်နဲသော ကဗျာများကို ဖွဲ့ဆိုလေ့ ရှိသော်လည်း ရှင်ပျံသော ဟာသညာဏ် ကင်းသူလည်း မဟုတ်ပေ။ 'သင်္ကြန်အခါ အလံတိုင်ဘုရားမှာ' ကဗျာကလေးကို ဖတ်လိုက်မည် ဆိုလျှင် ဦးသိန်းဟန်၏ ရွှင်ပျသော ကဗျာညာဏ် ရှိကြောင်း သိနိုင်လေသည်။ ကဗျာအကြား စကားညှပ်ရာတွင်

mgyoe.com

mgyoe.com


ဟော့ လာဗအေ့ ရှင်မယ်မေ၊ ညည်းတို့မောင်
လူရည်လှ၊ အကနယ် ထွေလှချည့်၊ ကြည့်စမ်းပါ
အေရယ်။

အိုအေ ထွေပါစေ သည်လိုပွဲ၊ ချွေးများပဲ
ကျဲကျ၊ အကတွေ လှလွန်းလို့၊ ကြင်မဝ ရှုမရဲ၊
ကြဲလှတဲ့ နေဝါဝါမှာ သည်မေ့မောင် တကယ်
ဟိုက်ကို၊ နေလိုက်လို့ ကာချင်ရဲ့။

ဟု ရေးသားထားသည်ကို မြင်လိုက်ရသောအခါ ပြုံးချင်ချင် ဖြစ်၍ လာရပေတော့သည်။ မိမိတို့၏ ရည်းစားများ သကြ်န်အခါ က၍ သွားရာတွင် အပျိုတစ်သင်းက ကြည့်ရင်း တစ်ယောက်ကို တစ်ယောက် နောက်နေပုံကလေးကို ရေးထားသည်မှာ ပျော်စရာလည်းကောင်း သရုပ်လည်း ပေါ်လှပေသည်။

ဦးသိန်းဟန်မှာ မယ်ဖွဲ့ မောင်ဖွဲ့၊ ချစ်ခန်း ကြိုက်ခန်း၊ အလွမ်းခန်းများ ရေးသားဖွဲ့ဆိုလေ့ မရှိပေ။ သို့ရှင် ဖွဲ့ဆိုလေ့ မရှိသော်လည်း 'ခရသင်းသံ' ဆိုသော ကဗျာကလေးတွင် ဦးသိန်းဟန့်အား အချစ်ငွေ့၊ အလွမ်းငွေ့ကလေး ရိုက်သွားသည်ကို တွေ့လိုက်ရသေး၏။ သို့သော် 'သူလဲလေ လောကီမျိုးဟာမို့၊ ပိုးချင်လှပေလိမ့်မည်။ အဘယ်လောကီသား အဘယ်ကဗျာဆရာသည် အချစ်ငွေ့နှင့် ကင်းအံ့နည်း။

■

mgyoe.com

mgyoe.com

# ခေတ်စမ်းကဗျာ

## (နံပါတ် ၄ က)

ဆောင်းပါးနံပါတ် ၄ တွင် ဦးဓမ္မောင်နှင့် ဦးသိန်းဟန်တို့၏ ကဗျာများအကြောင်းကို ရေးသားခဲ့လေသည်။ ဤဆောင်းပါးတွင်ကား ဦးညွန့်နှင့် ကိုဝန် အစရှိသော ကဗျာဆရာတို့၏ ကဗျာများ အကြောင်းကို ရေးသားရပေမည်။

ခေတ်စမ်းစာအုပ်တွင် ဦးညွန့်၏ ကဗျာ ၆ ပုဒ် ပါဝင်လေသည်။ ၎င်း ၆ ပုဒ်တို့အနက် 'အိုဖခင်' မှတစ်ပါး ကျန် ၅ ပုဒ်တို့မှာ ရှေးခပ်ဆန်ဆန် ဖြစ်နေလေသည်။ ဦးညွန့်ကား ခေတ်သမားလည်း မကျတကျ၊ ရှေးသမားလည်း မကတကက ဖြစ်နေလေသေးသည်။ ရန်ကုန်မြို့ ဆူးလေဘုရားအနီးရှိ ကော်ပိုရေးရှင်းအဆောက်အအုံကြီးကို ဆောက်သော ဗိသုကာနှင့် ခပ်ဆင်ဆင် တူလေသည်။ ပြာသာဒ်များလည်း ပါ၏။ အသုံးဝင်သော အခန်းများလည်း ပါလေသည်။ ရှေးခေတ်နှင့် ယခုခေတ်ကို ရောစပ်၍ ထားသူတည်း။ ဦးညွန့်၏ စိတ်ကူးပုံမှာ ခေတ်ဆန်၏။ ဖွဲ့ဆိုပုံမှာ ရှေးဆန်လေသည်။ ဦးညွန့်၏ ကဗျာ ၆ ပုဒ်အနက် 'အိုဖခင်' နှင့် 'ယမုံနာ' တို့မှာ အကောင်းဆုံး ဖြစ်လေသည်။ အိုဖခင်တွင် စိတ်ထဲက လှိုက်လှိုက်လှဲလှဲ ထွက်ပေါ်သံကို မြင်ရလေသည်။ အတော်ကလေး နက်၏။ ဦးညွန့်မှာ မိမိ လက်ရှိ အလုပ်ဝတ္တရားများအတွက် မိမိ ဝါသနာပါသော ကဗျာဖက်ကို မလိုက်စားနိုင်သည်မှာ ဝမ်းနည်းစရာပင် ဖြစ်တော့၏။ လင်္ကာကဗျာဖွဲ့ဆိုခြင်းမှာ အမြဲလိုက်စား လေ့လာနေမှသာလျှင် ကဗျာဉာဏ် ထက်မြက်လေသည်။ ပစ်ထားလျှင် ကဗျာဉာဏ် မထက်မြက်နိုင်။

ကိုဝန်။ ။ခေတ်စမ်းစာအုပ်တွင် ကိုဝန်၏ ကဗျာ ၁၈ ပုဒ် ပါလေသည်။ ၎င်းတို့အနက် တစ်ပုဒ်မှာ မှာတမ်းဖြစ်၍ ကျန်ကဗျာများမှာ သံချို လင်္ကာတိုကလေးများ ဖြစ်လေသည်။ ခါနွေဆန်းတော့ လွမ်းမိတယ်မှာ ကိုဝန်အား နာမည်

mgyoe.com

mgyoe.com


ကြီးအောင် ဆောင်ရွက်ပေးလိုက်သော မှာတမ်းကလေး ဖြစ်လေသည်။ ၎င်း မှာတမ်းကို ရေးသားသည်မှာ ၅ နှစ်ခန့်ပင် ကြာလေပြီ။ ထိုမှာတမ်းကို ရေးသား စဉ်က ကိုဝန်မှာ ယခုကဲ့သို့ ခေတ်(စမ်း)သမား မဖြစ်သေးချေ။ ပြာသာဒ်ဆရာသာ ရှိသေး၏။ ၎င်းမှာတမ်းကလေးတွင် ပြာသာဒ်ဆရာ၏ လက်ရာအတော်များများပင် ပါလေသည်။ စိတ်ကူးလည်း ရှေးဆန်၊ ဖွဲ့ဆိုပုံမှာလည်း ရှေးစနစ်အတိုင်း အသိုင်း အဝိုင်းများနှင့် ပြည့်လျှက်နေသည်ကို တွေ့မြင်ရလေသည်။

ထိုမှာတမ်းကို ရေးသားပြီးနောက်မှ ကိုဝန်မှာ တစ်စတစ်စ ခေတ်စမ်းဆရာ ဘဝသို့ ကူးပြောင်း၍ လာသည်ကို တွေ့မြင်ရ၏။ 'ရှေးနှင့်မတူ' မှာ အနည်းငယ် ခေတ်ဆန်၍ လာ၏။ မောင်ထွေးဖို့ ကဗျာများကို ဖွဲ့ဆိုသောအခါ ကိုဝန်မှာ ခေတ်သမား အဖြစ်သို့ လုံးလုံးရောက်၍ သွားလေတော့သတည်း။ ဦးသိန်းဟန် နက်နဲသော အကြောင်းအရာများကို ဖွဲ့ဆိုရာ၌ ကျွမ်းကျင်သကဲ့သို့ ကိုဝန်မှာ အလွမ်းအဆွေး ချစ်ခန်းကြိုက်ခန်းများကို ဖွဲ့ဆိုရာ၌ ကျွမ်းကျင်ပေသည်။ ကိုဝန်၏ ကဗျာများတွင် ရှင်ပျသော ကဗျာဉာဏ်ပါသည့်အချက်ကို မမြင်ရပေ။ ကိုဝန်၏ အထူးခြားဆုံး သတ္တိမှာ ခက်ခဲသော စကားများကို ရှောင်နိုင်သမျှ ရှောင်ပြီးလျှင် လွယ်ကူလှသော စကားများကိုသာလျှင် ရွေးချယ်၍ သုံးနိုင်ခြင်းပင် ဖြစ်လေသည်။ ဆို့ကြောင့်လည်း ကိုဝန်သည် ပါဠိစကားလုံးများ၊ အသိခက်သော ပေါရာဏစကား များကို ရှောင်နိုင်သလောက် ရှောင်လေသည်။ 'စက်တော်ရင်းဝယ်' ကဗျာကလေး တွင် 'နိဗ္ဗာန်တေး' ဆိုသော စကားကလေးမှာ ထိလှပေ၏။ ကြေးစည်သံကိုပင် နိဗ္ဗာန်တေး ဟူ၍ ခေါ်ထားသည်မှာ ဟန်လှပေ၏။ ကလေးများနှင့် သင့်လျော်သော ကဗျာများကို ဖွဲ့ဆိုရန် များစွာ သင့်လျော်သော ပုဂ္ဂိုလ် ဖြစ်လေသည်။ အလွန် လွယ်ကူ၍ နေ့စဉ် သုံးစွဲနေကြသော မြန်မာစကား ရိုးရိုးများပင် ဖြစ်လင့်ကစား ကိုဝန် ဖန်တီး၍ ဖွဲ့ဆိုလိုက်သောအခါ အသက်ဝင်လာကြပြီးလျှင် ဆန်းကြယ်၍ လာကြကုန်၏။ ဆန်းကြယ်သော စိတ်ကူးများ ပေါ်လွင်အောင် နေ့စဉ်သုံးစွဲနေကြ သော စကားလုံး ရိုးရိုးများနှင့် ဖွဲ့ဆိုနိုင်ခြင်းသတ္တိမှာ တော်တော့သတ္တိ မဟုတ်။ တကယ့်သတ္တိ ဖြစ်လေသည်။ ခေတ်စမ်း စာမျက်နှာ ၅၉ 'ခွင့်မသာ' ဆိုသော ကဗျာကလေးကို ဖတ်ကြည့်မည် ဆိုပါလျှင် စကားလုံး ရိုးရိုး လွယ်လွယ်ကလေး များနှင့် ဆိုလိုရင်း အဓိပ္ပာယ် ပေါ်လွင်အောင် ကိုဝန် ဖွဲ့ဆိုနိုင်ကြောင်း သိရပေလိမ့် မည်။ ကဗျာလင်္ကာတို့တွင် လွယ်တိုင်းလည်း ကောင်းသည် မဟုတ်။ အချို့ ကဗျာတို့မှာ လွယ်ပြီးလျှင် အဓိပ္ပာယ် စင်းနေတတ်၏။ တိုက်ရိုက်ကျနေတတ်၏။ ထောင့်နေတတ်၏။။ အထက်တွင် ဖော်ပြခဲ့ပြီးသော ကဗျာကလေးမှာ ထောင့်လည်း

mgyoe.com

mgyoe.com


မထောင့်၊ စင်းလည်း မစင်း၊ လွယ်လွယ်နှင့် ကဗျာညဏ်ပါသော လင်္ကာကလေး ဖြစ်လေသည်။

ကိုဝန်မှာ ဦးသိန်းဟန်ကဲ့သို့ပင် နှစ်ဖက်လှ ကဗျာများကို ဖွဲ့ဆိုလေ့လည်း ရှိလေသည်။ နှစ်ဖက်လှကဗျာ ဆိုရာ၌ ဦးသိန်းဟန်၏ 'ပွင့်စမာလာအား ပြန်ကြားချက်' နှင့် 'စွန်ငှက်အား ပန်ကြားချက်' ခေါ် ကဗျာကလေးများကဲ့သို့ အဓိပ္ပာယ်နှစ်ခွထွက်သော ကဗျာများကိုဆိုလိုသည်။ အမှုမဲ့ အမှတ်မဲ့ ဖတ်သွားလျှင် အဓိပ္ပာယ်တစ်မျိုးရ၍ သေသေချာချာ တွေး၍ ဖတ်လိုက်သောအခါ အဓိပ္ပာယ်တစ်မျိုးရသော ကဗျာများ ဖြစ်လေသည်။ ဤကဗျာမျိုးကို တော်စွာ လျော်စွာ ဖတ်သူတို့လည်း ကြိုက်၏။ နက်နက်တွေးပြီး ဖတ်သူတို့လည်း ကြိုက်ကြလေသည်။ ကဗျာ တစ်ပုဒ်တည်းနှင့် စာဖတ်သူ နှစ်မျိုးနှစ်စားတို့၏ အကြိုက်ကို ပေးနိုင်သော သတ္တိမှာ အတော်ပင် ထူးလေသည်။ ထို့ကြောင့် ၎င်းကဗျာမျိုးကို နှစ်ဖက်လှ ကဗျာဟု ခေါ်ဆိုရလေသည်။ 'ရွှေချိုးဖြူ' ခေါ် ကဗျာကလေးမှာ ဤသို့သော ကဗျာမျိုး ဖြစ်လေသည်။ ရိုးရိုးမျက်စိနှင့် ကြည့်လျှင် ရိုးရိုးအဓိပ္ပာယ်ရ၍ နက်နက်ကလေး တွေးကြည့်လျှင် နက်သော အဓိပ္ပာယ် ပေါ်လာလေသည်။

ကိုဝန်၏ ကဗျာများအနက် 'ရွှေချိုးဖြူ' နှင့် 'တရားဦးဟောလှည့်ပါ' တို့မှာ အကောင်းဆုံး ကဗျာများ ဖြစ်ကြလေသည်။ ၎င်းကဗျာတိုလေးများအတွင်း စိတ်ကူးစိတ်သန်း မြောက်မြားစွာတို့ကို ထည့်သွင်းထားပေသည်။ ဖတ်ရင်းဖတ်ရင်း တရေးရေး ပေါ်၍သာလာ၏။ အဓိပ္ပာယ်များကို စာသားအနည်းငယ်နှင့် ဖွဲ့ဆိုနိုင်သော ကိုဝန်အား များစွာ ချီးမွမ်းမိတော့သည်။ ဤကဗျာကလေးနှစ်ပုဒ်ကို အဓိပ္ပာယ်အတွက် ချီးမွမ်းထိုက်ရုံမျှ မကသေး။ စပ်ဆိုပုံ၊ စကားလုံးလှပုံတို့အတွက်လည်း ချီးမွမ်းရပေသေး၏။ အချုပ်ကိုဆိုရလျှင် ၎င်းကဗျာကလေးများမှာ နုလည်းနု၊ ယဉ်လည်း ယဉ်၊ ဆန်းလည်း ဆန်းပေသည်။

ကိုဝန်ရေးသော ကဗျာများမှာ အများအားဖြင့် အလွမ်း၊ အဆွေးများသာ ဖြစ်လေသည်။ ကိုဝန်၏ ကဗျာကလေးများကို ဖတ်လိုက်သောအခါ လွမ်းခန်း၊ ဆွေးခန်းများ တစ်နေရာရာတွင် ပါလေသည်။ ဤသို့ အလွမ်းကိုချည်း ဖွဲ့သောကြောင့် ကိုဝန်အား အပြစ်မဆိုသာချေ။ ဥဩသည် ဟင်္သာကဲ့သို့ မမြည်နိုင်။ ဟင်္သာသည်လည်း ဥဩကဲ့သို့ မည်နိုင်မည် မဟုတ်ပေ။ ဥဩသံကို ကြားလိုလျှင် ဥဩရှိရာသို့သာ သွားလော့။ ဟင်္သာများရှိရာသို့ မသွားလေလင့်။ ထို့အတူ အလွမ်း အဆွေး အကြောင်းများကို မကြားလို မသိလိုလျှင် ကိုဝန်၏ ကဗျာများကို မဖတ်

mgyoe.com

mgyoe.com


ပါလင့်။ အလွမ်းအဆွေး အကြောင်းများကို သိလို ကြားလိုလျှင် ကိုဝန် ဖွဲ့သော ကဗျာများကို ဖတ်ပါလေ။

ခေတ်စမ်းကွင် ကိုတိုးအောင်၏ ကဗျာ ၉ ပုဒ် ပါလေသည်။ ၎င်း ၉ ပုဒ် အနက် 'ခါဝသန်'၊ 'ခါဟေမန်'၊ 'မိုးရာသီ' တို့မှာ ရာသီဖွဲ့။ ကိုတိုးအောင် ကဗျာများကို ဖတ်ခြင်းအားဖြင့် ကိုတိုးအောင်မှာ ရှေးရိုးသမားဖြစ်ကြောင်း သိရလေသည်။ 'ခါဟေမန်' ခေါ် ကဗျာတွင်

ကွင်းတစ်လျှောက်မှာ လွင်လွင် မြက်ငိုက စိမ်း
ပါဘိသနဲ့၊ နှင်းသက်ကာရွှင်ရွှင် မြစိုဖြင့် လိမ်းရော့
သလား။

ဆိုသော အပိုဒ်

ဝနာရဂုံ အလူးမှာ နော်ဗျာ၊ ဂေါ်ရွှေသဇင်နှင့်
ဂမုံးအင် သန့်စင်ဦးတို့မှာလေ၊ နန်းခွင်ကို လှမ်းချင်
ထူးသောကြောင့်။

ဆိုသော အပိုဒ်။

ကျွန်ုပ်တို့ဌာနေတွင်၊ ရွှေအင်ကြင်းငယ်တို့၊
မြိုင်တွင်းမှာ တစ်ဂုဏ်ဆင်လို့၊ စုံတစ်ခွင်မှာလေ၊
မွှံလွင်ဖျန်းချိန်မို့။

ဆိုသော အပိုဒ်။

စိမ်းစိုစို ဝါးရုံနန်းဆီက။

ဆိုသော အပိုဒ်ကို၎င်း

'စိုးနှင့်မေ' ကဗျာတွင်

ရွှေမြင်းမိုရ်ကွဲစေတော့၊ ရှောင်လွှဲကာ သွေမဖီ
လျက်သာပ၊ နေပထဝီ စန်းအိမ်ပျက်သော်လဲ။

ဆိုသော အပိုဒ်များကို ထောက်ခြင်းအားဖြင့် ကိုတိုးအောင်မှာ ရှေးရိုးသမား ဖြစ်ကြောင်း ထင်ရှားလေသည်။ ရှေးရိုးသမားတို့၏ အလိုအားဖြင့် ဝါးရုံကို ဝါးရုံ ဟူ၍ စပ်လျှင် နေရာမကျ။ သေးနုပ်လှပေ၏။ မျက်စိနှင့် မြင်ရသော ဝါးရုံရိုးရိုးကိုပင် ဆန်းကြာလာလေအောင် တစ်နည်းနည်းဖြင့် တန်ဆာဆင်ကာ ဖွဲ့ဆိုရပေမည်။ ထို့ကြောင့် ရှေးရိုးသမား ကိုတိုးအောင်က ဝါးရုံကို ဝါးရုံနန်းဆီက ဟူ၍ တင်စားကာ သုံးစွဲလိုက်ခြင်း ဖြစ်လေသည်။ ရှေးရိုးသမားတို့ အလိုအားဖြင့် ဆောင်းအကြောင်း ကို ဖွဲ့ဆိုမည်လျှင် ဆောင်းအခါတွင် ပွင့်ကြသော ပန်းများကို ပါဝင်အောင် ထည့်

mgyoe.com

mgyoe.com


သွင်းရ၏။ အကယ်၍ ဆောင်းအဖွဲ့ကို စပ်ဆိုပါလျက် ဆောင်းတွင် ပွင့်ကြသော ပန်းများ မပါလျှင် ဆောင်းအဖွဲ့ ကဗျာကောင်း မဖြစ်နိုင်။ ထို့ကြောင့် ရှေးရိုးသမား ကိုတိုးအောင်က မိမိ၏ကဗျာထဲတွင်

ဂေါ်ရွှေသဇင်နှင့် ဂမုံးအင် သန့်စင်ဦးတို့

မှာလေ။

ဟူ၍ ဆိုထားလေသည်။ အချစ်ခိုင်မြဲကြောင်းကို ဖွဲ့လိုသောအခါတွင်လည်း မြင်းမိုရ်တောင် ကွဲအက်စေတော့၊ ကမ္ဘာကြီး ပျက်ပြုန်းစေတော့၊ အနောက်က နေထွက်၍ အရှေ့မှာ နေဝင်စေတော့၊ မြွေပုလို့ ခရုရှည်စေတော့၊ မေတ္တာက မလျော့ဘူးဟု စပ်ဆိုကြလေသည်။ ဤသို့ စပ်ဆိုကြသည်ကို တုပြီးလျှင် ကိုတိုးအောင်က

နေပထဝီ စန်းအိမ်ပျက်သော်လဲ။

ဟူ၍ ဖွဲ့ဆိုထားလေသည်။ ရှေးက စပ်ဆိုခဲ့ပုံများကို အတုယူပြီး ဖွဲ့ဆိုရာ၌ ကိုတိုးအောင်သည် ဦးဇမောင်ထက်ပင် သာပေသေးသည်။

■

mgyoe.com

mgyoe.com

## ခေတ်စမ်းကဗျာ

## (နံပါတ် ၄၁)

ဤဆောင်ပါးတွင် မခင်စောမူ၊ ကိုဘသောင်း၊ ကိုစောမောင်မောင်တို့၏ ကဗျာများအကြောင်းကို ရေးသားပါမည်။ ခေတ်စမ်းစာအုပ်တွင် မခင်စောမူ၏ကဗျာ ၆ ပုဒ်ပါလေသည်။ မခင်စောမူကား ခေတ်စမ်းဝါဒီ ဖြစ်လေသည်။ စိတ်ကူးပုံ၊ ဖွဲ့ဆိုပုံတို့မှာ ခေတ်စမ်းဝါဒအတိုင်း ဖြစ်လေသည်။ မခင်စောမူ၏ ကဗျာများအနက် 'ဓမ္မတာ'၊ 'ဖြေမပြေ'၊ လိပ်ပြာနှင့် ကြာကုမုဒ်' ဆိုသော ကဗျာလေးတို့မှာ အတော်ပင် ကောင်းလေသည်။ ၎င်းတို့အနက်လည်း လိပ်ပြာနှင့် ကြာကုမုဒ်မှာ အကောင်းဆုံး ဖြစ်လေသည်။ ခေတ်စမ်းကဗျာ တစ်အုပ်လုံးတွင် ဤကဗျာကလေးကို ကျွန်တော် အကြိုက်ဆုံး ဖြစ်လေသည်။ သူတကာ ကြိုက် မကြိုက်ကိုကား မပြောတတ်ပေ။ ဓမ္မတာဆိုသော ကဗျာကလေးတွင် လောကတွင် ဖြစ်ပျက်တတ်ပုံ အကြောင်းကလေးကို စပ်ဆိုထားသည်မှာ သရုပ်ပေါ်လှပေသည်။ ဦးဇမောင်၏ လောကဓာတ်ရုံ ဆိုသော ကဗျာ၏ သဘောသွားမျိုး ဖြစ်လေသည်။ သို့သော် ဦးဇမောင်၏ ကဗျာမှာ ရှေးရိုးဝါဒအတိုင်း ဖွဲ့ဆိုထားသော ကဗျာဖြစ်၍ မခင်စောမူ၏ ကဗျာကလေးမှာ ခေတ်စမ်းကဗျာ ဖြစ်လေသည်။ အချုပ်ကိုဆိုရလျှင် ဦးဇမောင်၏ ကဗျာမှာ အသိုင်းအဝိုင်းများစွာနှင့် ဖွဲ့ဆိုထား၍ မခင်စောမူ၏ ကဗျာမှာကား အသိုင်းအဝိုင်း မပါ။ ရိုးရိုးလွယ်လွယ်ကလေးနှင့် သဘောမိအောင် ဖွဲ့ဆိုထားသော ကဗျာ ဖြစ်လေသည်။ ၎င်းကဗျာနှစ်ပုဒ်တို့ကို နှိုင်းယှဉ်၍ ဖတ်ရာ၏။ ဖြေမပြေခေါ် ကဗျာကလေးမှာလည်း အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သော ဓမ္မတာခေါ် ကဗျာကလေးနည်းတူပင် ဖြစ်လေသည်။

လိပ်ပြာနှင့် ကြာကုမုဒ်ခေါ် ကဗျာကလေးမှာကား လိပ်ပြာနှင့် ကုမုဒ်ကြာတို့၏ ဒဏ္ဍာရီကလေးအကြောင်းကို ဖွဲ့ဆိုထားလေသည်။ ကုမုဒ်ကြာတို့မည်သည်

mgyoe.com

mgyoe.com


ညဥ့်မှပွင့်၏။ လိပ်ပြာတို့ကား နေ့မှ ထွက်လေ့ ရှိလေသည်။ ကုမုဒ်ကြာ ပွင့်သော အချိန်တွင် လိပ်ပြာက အိပ်နေလေပြီ။ လိပ်ပြာနိုးသောအခါ ကုမုဒ်ကြာက ငုံသွားလေပြီ။ ထို့ကြောင့် လိပ်ပြာနှင့် ကုမုဒ်ကြာတို့မှာ ဆုံစည်းရန် မဖြစ်နိုင်ကြောင်း။ သို့သော် ပဒုံမာကြာအကြားမှ ထွက်ပေါ်လာသော နတ်သမီး ထွက်ပေါ်လာသော အခါ လမင်းထွက်သည်ထင်၍ ကြာကုမုဒ်မှာ နေ့ခင်းတွင် ပွင့်ရှာပေသည်။ ထို နတ်သမီး၏ ကျေးဇူးကြောင့် ကုမုဒ်ကြာနှင့် လိပ်ပြာတို့ တွေ့ဆုံရကြောင်းကို ဖွဲ့ဆို ထားသော ကဗျာတိုကလေး ဖြစ်လေသည်။ အလွန်ဆန်းကြယ်သော စိတ်ကူး စိတ်သန်းအများကို ကဗျာတိုကလေး တစ်ပုဒ်တည်းတွင် ပြည့်စုံစွာ ထည့်သွင်း ထားနိုင်ခြင်းကို ချီးမွမ်းမိတော့၏။ စိတ်ကူးစိတ်သန်းများများကို စာများများနှင့် ဖွဲ့ဆိုထားလျှင် များစွာ ချီးမွမ်းဖွယ် မရှိ။ စိတ်ကူးများများကို စာသားနည်းနည်းနှင့် ဖွဲ့ဆိုနိုင်ခြင်းတို့သာလျှင် ချီးမွမ်းထိုက်ပေသည်။ ၎င်းကဗျာကလေးတွင် ...

နေဝင် မောင်ငိုက်
လမိုက် မယ်ငုံ။

ဆိုသော အပိုဒ်ကလေးကို ဖတ်ပြီးလျှင် ဆင်ခြင်တွေးတော၍ ကြည့်မည်ဆိုလျှင် မည်မျှလေးနက်သော အပိုဒ်ကလေး ဖြစ်ကြောင်းကို သိနိုင်လေသည်။ ဤစကား ရှစ်လုံးတွင် သွင်း၍ထားသော အကြောင်းအရာ စိတ်ကူးမှာ နည်းသည် မဟုတ်ပေ။ ဤအကြောင်းအရာ ဤစိတ်ကူးကို ဤထက်တိုအောင် ချုံ့၍ရတော့မည် မဟုတ်ပေ။ ဤအဓိပ္ပာယ်လည်း ပါလေအောင် ဤထက်လည်း တိုအောင် မည်သည့် နည်းနှင့်မျှ ပြုပြင်၍ ရတော့မည် မဟုတ်ပေ။ သိကြားမင်းများ ပြင်လျှင်ကား ပြင်နိုင်ပေလိမ့် မလား မပြောတတ်။ သာမန်လူတို့ကား ပြင်နိုင်မည် မထင်။ အထက်တွင် ဖော်ပြ ထားသော စကားရှစ်လုံးအနက် တစ်လုံးလုံးကို နုတ်ယူ၍လည်း မရ။ ပိုပြီး ထည့်၍လည်း မဖြစ်ပေ။ စကားတစ်လုံးကို ပြင်လိုက်သည်နှင့် တစ်ပြိုင်နက် အဓိပ္ပာယ်ပျက်၍သွားမည်ကား မုချပင် ဖြစ်တော့သည်။ ဤစကားလုံး ရှစ်လုံးတွင် ပါသော အဓိပ္ပာယ်တို့ကား မည်မျှ ကျယ်ဝန်းလှပါသနည်း။ အကယ်၍ စကားပြေ ပြင်ရေးမည်ဆိုလျှင် အတော် ရှည်ရှည်ကလေး ရေးမှသာ ပေါ်လွင်နိုင်ပေလိမ့်မည်။ ဤသို့ အဓိပ္ပာယ် အကျယ်ကို စကားလုံးနည်းနည်းနှင့် ဖွဲ့ဆိုနိုင်ခြင်းသည်လည်း ကဗျာဆရာတို့၏ သတ္တိထူးပင် ဖြစ်တော့၏။ ညဥ့်ကုမုဒ်ကြာ ပွင့်သောအခါ လိပ်ပြာက မထွက်၊ အိပ်ပျော်နေ၊ နေ့ လိပ်ပြာ ထွက်သောအခါ ကုမုဒ်ကြာက ငုံနေ ဆိုသော အဓိပ္ပာယ်ကို စကားရှစ်လုံးတည်းနှင့် ပေါ်လွင်အောင် ဖွဲ့ဆိုထားခြင်းမှာ မည်မျှ ကောင်းပါသနည်း။ ၎င်းစကားကလေးတို့မှာလည်း လွယ်လွယ် နေ့စဥ်

mgyoe.com

mgyoe.com


သုံးနေကျ စကားများသာ ဖြစ်လေသည်။ ပါဠိမဟုတ်၊ ပေါရာဏလည်း မပါ။ လွယ်လွယ်နှင့် အဓိပ္ပာယ် လေးနက်ပေ၏။ ၎င်းစကားရှစ်လုံးကို တစ်ခုစီ ခွဲထုတ်လိုက်သော် လွယ်လွယ်ကလေးများတည်း။ အသုံးများစွာ မဝင်လှပေ။ ကဗျာတွင် လက်သုံးထားလေ့ရှိသော မယ်လျှ၊ သက်ထား၊ မြသွေး စသော ခမ်းနားသည့် စကားမျိုး မဟုတ်။ ထမင်းစား ရေသောက် စကားမျိုး ဖြစ်လေသည်။ ဤစကားကလေးများကိုပင် နေရာတကျ စပ်ဆိုလိုက်သောအခါ ခမ်းနား၍ အဓိပ္ပာယ်လေးနက်သော လင်္ကာကလေးဖြစ်၍ လာလေတော့သည်။ သို့သော် ရှေးရိုးမျက်စိနှင့် ကြည့်မည်ဆိုသော် နေကိုလည်း ဖွဲ့နွဲ့တန်ဆာဆင်ခြင်း မရှိ။ နေဝင်ပုံကိုလည်း ဖွဲ့နွဲ့တန်ဆာဆင်ခြင်း မရှိ။ လ,ကိုလည်း ဖွဲ့နွဲ့တန်ဆာ ဆင်ခြင်း မရှိသောကြောင့် သေးနုပ်သောအဖွဲ့ ဖြစ်သည်ဟု ဆိုစရာအကြောင်း ရှိလေသည်။ သို့ဖြစ်သောကြောင့် ခေတ်စမ်းကဗျာကို ရှေးရိုးမျက်စိနှင့် ကြည့်၍မရ၊ ရှေးရိုးကဗျာကို ခေတ်စမ်းမျက်စိနှင့် ကြည့်၍မရ ဖြစ်လေသည်။

မောင်ဘသောင်း၏ ကဗျာ ၄ ပုဒ် ခေတ်စမ်း စာအုပ်တွင် ပါဝင်လေသည်။ ၎င်းတို့အနက် 'ဆံထုံး' ရကန်ကလေးမှာ အကောင်းဆုံး ဖြစ်လေသည်။ ယခုခေတ် ဆံထုံး ထုံးပုံ အမျိုးမျိုးကို ဖွဲ့ဆိုထားသော ကဗျာကလေး ဖြစ်လေသည်။ ရှေးရိုးစနစ်အတိုင်း ဖွဲ့ထားသော ကဗျာကလေးပေတည်း။ ကျန်ကဗျာကလေးတို့ကား လင်္ကာတို ကလေးများ ဖြစ်ကြ၏။ ရတုကလေးများဟု ဆိုလိုကလည်း ဆိုနိုင်ပေသည်။ 'လွမ်းစေတီ' ခေါ် ကဗျာကလေးတွင် 'စက်ရှင် ဘုန်းခေါင်၊ မိတည်းနောင်ဝယ်' ဟု ဂေါတမမြတ်စွာဘုရား၏ သရီရဓာတ်တော်များ ကိန်းအောင်းရာ စေတီကို ဖွဲ့ထားသည်မှာ အတော်ပင် ကဗျာဉာဏ် ဆန်းကြယ်ပေသည်။ သို့သော် ဤအပိုဒ် ကလေးမျိုးကို နတ်သျှင်နောင်၏ ကဗျာများတွင် တွေ့ဖူးသလိုလို ဖြစ်၏။ သို့သော် အသေအချာ မပြောနိုင်။

စောမောင်မောင်၏ ကဗျာလည်း ၄ ပုဒ်မျှသာ ပါလေသည်။ ၎င်းကဗျာများမှာ အားလုံး ပုဒ်စုံရတုချည်း ဖြစ်၏။ စောမောင်မောင်မှာ ရတုအဖွဲ့တွင် ကျွမ်းကျင်သူတစ်ယောက် ဖြစ်လေသည်။ ၎င်း ၄ ပုဒ်စလုံးလည်း မောင်ဖွဲ့ မယ်ဖွဲ့များ ဖြစ်ကြ၏။ ခေတ်စမ်း စာမျက်နှာ ၉၂ မောင်ဖွဲ့ ပိုဒ်စုံ ပထမ အပိုဒ်တွင် မိုးရွာသည့် အကြောင်းကို ဖွဲ့ဆိုထားသည်မှာ ရှေးဆရာကြီးများ၏ အာဘော်အတိုင်း ကျနပေသည်။ မိုးရွာသည်ဆိုသော စကားကိုပင် အကျယ်ချဲ့၍ ဖွဲ့ဆိုနိုင်ခြင်းသည်လျှင် ရှေးရိုးမျက်စိနှင့် ကြည့်ပါက ကဗျာဉာဏ်ရှိသည်ဟု ဆိုရပေမည်။ အကြောင်းအရာကလေးတစ်ခုကို အသိုင်းအဝိုင်း များစွာနှင့် အဆန်းတကြယ်

mgyoe.com

mgyoe.com


တန်ဆာဆင်ခြင်းသည်သာလျှင် ကဗျာ ဖြစ်သောကြောင့် ဤသို့ အဆန်းတကြယ် ခြယ်နိုင်ခြင်းကို ချီးမွမ်းရလေသည်။ အထက်အဆိုပါ ရတုများတွင် ကိုစော မောင်မောင်သည် အတော်ပင် လက်စွမ်းပြ၍ထား၏။ ကိုစောမောင်မောင်မှာ ပြာသာဒ် ဆရာကျော် ဖြစ်၏။ ယခုကာလ ဗိသုကာမျိုး မဟုတ်။ မိမိ၏ ကဗျာ များကို အဆန်းတကြယ် တင့်တယ်အောင် ဖန်တီး၍ ထားလေသည်။

ထို့ပြင်လည်း ကြားရသူတို့ နာပျော်ဖွယ် ဖြစ်အောင်လည်း ဖွဲ့ဆိုထားပေ သေး၏။ ခေတ်စမ်း စာမျက်နှာ ၉ မယ်ဖွဲ့ပိုဒ်စုံတွင်

ကိန်းအောင်းစုံညီ၊ ဘယ်စေတီဝယ်၊ မြှောက်ချီ လက်မုံ၊ ဘယ်စည်းခုံဝယ်၊ ယုံကြည် မြတ်နိုး၊ ဘယ် ပုထိုးဝယ်၊ ရှိခိုး ထွေထွေ၊ ဘယ်ဓာတ်မွေဝယ်၊ ရိုသေသမှု၊ ဘယ်ဆင်းတုဝယ်

စသည်ဖြင့်လည်းကောင်း၊ စာမျက်နှာ ၄၅ မောင်ဖွဲ့ပိုဒ်စုံ ဒုတိယအပိုဒ်တွင်

တတမ်း တတ၊ တရရတည့်၊ တောင့်တ ခေါ်ခေါ် တကျော်ကျော်နှင့်

စသည်ဖြင့်လည်းကောင်း

စိမ်းမြဝေဝေ၊ မြေလည်းသာငြိမ်၊ တိမ်လည်း သာမော၊ တောလည်း သာခေါင်၊ တောင်လည်း သာထွေ၊ ရေလည်း သာလွန်း၊ ပန်းလည်းသာလှိုင်၊ တကြိုင်ကြိုင် တည့်။

စသည်ဖြင့်လည်းကောင်း ဖွဲ့ဆိုထားသည်မှာ သာယာနာပျော်ဖွယ် ကောင်းလှ ပေ၏။ ကြာပြီးရင်း ကြားချင်ရင်း ဖြစ်ပေ၏။ အဆန်းတကြယ် မွမ်းမံခြယ်လှယ် ထားသော ပြာသာဒ်များနှင့် တူလှပေသည်။ ရှေးကဗျာဆရာကြီးများ၏ စနစ်ကို လိုက်ရာ၌ ထိုဆရာကြီးတို့၏ အာဘော်ကို မီအောင်လိုက်နိုင်သော စောမောင်မောင် တည်း။ အထက်တွင် ဖော်ပြခဲ့ပြီးသည့်အတိုင်း သာယာနာပျော်ဖွယ်ဖြစ်အောင် စပ်ဆိုခြင်းသည် အလင်္ကာနည်းအားဖြင့် စစ်ဆေးသည်ရှိသော် ဂုဏ်မြောက်သော စပ်ဆိုခြင်း မည်ပေသည်။ ကိုစောမောင်မောင်၏ ကဗျာများတွင် အလင်္ကာနည်း အားဖြင့် ဂုဏ်မြောက်သော အချက်ကလေးများ အတော်ပါဝင်နေလေသည်။

အချုပ်အားဖြင့် ဤခေတ်စမ်း ကဗျာစာအုပ်တွင် ခေတ်စမ်းဝါဒအတိုင်း ဖွဲ့ဆိုထားသော ကဗျာများလည်း ပါဝင်၏။ ရှေးရိုးဝါဒအတိုင်း ဖွဲ့ဆိုထားသော ကဗျာများလည်း ပါလေသည်။ ခေတ်စမ်းကဗျာဝါဒအတိုင်း ဖွဲ့ဆိုထားသော

mgyoe.com

mgyoe.com


ကဗျာများကို မြည်းကြည့်ပြီးလျှင် မကြိုက်မနှစ်သက်ပါက ၎င်းကဗျာမျိုးကို ကျော်ပြီးလျှင် ရှေးရိုးဝါဒအတိုင်း စပ်ထားသော ကဗျာတို့ကို ဖတ်ရာသည်။ ရှေးရိုးဝါဒအတိုင်း စပ်ထားသော ကဗျာတို့ကိုလည်း မြည်းကြည့်ပြီးလျှင် ကြိုက်ပါက ဆက်လက်ဖတ်သွား၍ မကြိုက်ပါလျှင် ၎င်းတို့ကို ကျော်၍ ခေတ်စမ်းကဗျာတို့ကို ဆက်လက် ဖတ်သွားရန် ဖြစ်လေသည်။ ခေတ်စမ်းသမားတို့က ရှေးရိုးကဗျာတို့ကို မြင်လျှင် ဝမ်းနည်းနေ၍လည်း မဖြစ်။ ရှေးရိုးသမားတို့ကလည်း ခေတ်စမ်းကဗျာများကို မြင်လျှင် ဒေါသ ဖြစ်နေ၍လည်း နေရာမကျ။ အကောင်းဆုံးကား မိမိတို့နှစ်သက်ရာ ကဗျာတို့ကို ရွေး၍ဖတ်ရန်သာ ဖြစ်တော့၏။ တစ်အုပ်လုံးကို သိမ်းရုံး၍ အပြစ်ဆို ချီးမွမ်း၍ မဖြစ်ပေ။ ရှေးရိုးသမားတို့အား ဦးဇမောင်၊ ဦးတိုးအောင်၊ ဦးဘသောင်း၊ ကိုစောမောင်မောင်တို့အား ညွှန်းလို၏။ ခေတ်စမ်းသမားတို့ကား ဦးသိန်းဟန်၊ ဦးညွန့်၊ ကိုဝန်၊ မခင်စောမှူတို့၏ ကဗျာများကို ဖတ်ရာသည်။

ထူးဆန်းသောအချက်မှာ တေးထပ်၊ ၁၀ ပေါ်၊ ဒွေးချိုး၊ ဘောလယ်များ မပါခြင်း ဖြစ်လေသည်။

■

[မောင်မြသွင် သိပ္ပံကျောင်းသား၊ ၂၇၊ ၆၊ ၃၅။]

mgyoe.com

mgyoe.com

## ခေတ်စမ်း ပုံပြင်များ

မြန်မာမင်းများ ထွန်းကားစဉ်က မြန်မာစာပေမှာ ကောင်းစားခဲ့၏။ မျက်နှာရှိခဲ့၏။ ခေတ်စားခဲ့၏။ မြန်မာမင်းများ အဆက်ပြတ်သွားသည့်နေ့မှ စ၍ မြန်မာစာပေမှာ တစ်စတစ်စ ဆုတ်ယုတ်၍ လာခဲ့ပေသည်။ အင်္ဂလိပ်စာပေတို့ကသာလျှင် တစ်နေ့တခြား ကြီးပွားတိုးတက်၍ လာလေတော့သည်။ မြန်မာများ အင်္ဂလိပ်စာကို လက်ဦး သင်ကြားစက အင်္ဂလိပ်စာပေကို နှစ်သက်မြတ်နိုး၍ သင်ကြားကြသည် မဟုတ်။ အလုပ်ကလေး အကိုင်ကလေးများမှ ရစေတော့ ဟူသော ရည်ရွယ်ချက်နှင့် သင်ကြားကြခြင်း ဖြစ်လေသည်။ တစ်ယောက်ကစလျှင်တစ်ရာ ဆိုသော စကားကဲ့သို့ တစ်ယောက် နှစ်ယောက် သုံးလေးယောက်မှ စ၍ သင်ကြားလိုက်ရာ အတန်ကလေးကြာလျှင် အင်္ဂလိပ်စာ သင်သူတွေမှာ တစ်နိုင်ငံလုံး အနှံ့အပြား ပေါများ၍ လာလေတော့သည်။ အင်္ဂလိပ်စာ ခေတ်စားသောအခါတွင် အင်္ဂလိပ်စာ မသင်ကြားပါက လူရာမဝင်သကဲ့သို့ ဖြစ်နေကြရပေ၏။ ယောကျ်ားကလေးများကို မဆိုထားဘိ၊ မိန်းကလေးများပင် အင်္ဂလိပ်စာကို သင်ကြားလေ့လာနေကြပြီ။

ဤသို့ အင်္ဂလိပ်စာကို လေ့လာသူ ပေါလေလေ မြန်မာစာပေမှာ ဆုတ်ယုတ်လေလေ ဖြစ်၍လာခဲ့သည်မှာ ၁၂၈၂ ခုနှစ်သို့ ရောက်ခဲ့၏။ ထိုနှစ်တွင် မြန်မာစာပေမှာ အညံ့ဆုံးဘဝသို့ ရောက်လျက် နေရှာပေတော့သည်။ ဤသို့ အညံ့ဆုံး ဘဝမှ ကယ်တင်ရန် အချက်ကြီးတစ်ချက် ပေါ်ပေါက်၍ လာလေသည်ကား အခြား မဟုတ်။ ရန်ကုန် ယူနီဗာစီတီကျောင်းကြီးကို သပိတ်မှောက်ခြင်းကိစ္စပင် ဖြစ်လေသည်။ ကောလိပ်ကျောင်းများ၊ အထက်တန်းကျောင်းများမှ ထွက်လာခဲ့ကြပြီးလျှင် အမျိုးသားကျောင်းများကို တည်ထောင်ကြကုန်၏။ အင်္ဂလိပ်စာပေကို အပြစ်ဆိုကြကုန်၏။ မြန်မာစာပေကို လေ့လာရန် အားပေးကြကုန်၏။ ဤအခါမှစ၍ မြန်မာ

mgyoe.com

mgyoe.com


ကျောင်းသားကလေးများ၏ စိတ်တွင် မြန်မာစာပေကို သင်ကြား လေ့လာလိုသော မျိုးစေ့ကလေးများကို စ၍ ပျိုးထောင်လိုက်ခြင်း ဖြစ်ပေသည်။

ဗဟန်းရပ်တွင် အမျိုးသားကောလိပ် ဟူ၍ ကောလိပ်ကျောင်း တစ်ကျောင်းကို စတင်ကာ ဖွင့်၏။ မစ္စတာမောင်မှိုင်းဘွဲ့ခံ ဆရာလွန်းနှင့် ဒီးဒုတ်ဦးဘချိုတို့အား မြန်မာဆရာများ ခန့်ထားပေသည်။ အတော်ပင် ကောလိပ်ကျောင်းသားများ မြန်မာစာပေဘက်တွင် ခေါက်မိလိုက်ကြ၏။ အမျိုးသား ကျောင်းတိုင်းတွင်လည်း အထက်တန်းကျသော မြန်မာကဗျာ မြန်မာစကားပြေများကို သင်ကြားစေ၏။ ကျောင်းသားကလေးများ၏ စိတ်တွင်လည်း များစွာ လေ့လာချင်ကြလေသည်။

အမျိုးသားကျောင်းများမှ ပြုစုပေးလိုက်သော မြန်မာစာပေ သစ်ပင်ကလေးမှာ တက္ကသိုလ်ကျောင်းသို့ ရောက်သောအခါ ဆက်လက်၍ ပြုပြင်ပေးသူ မရှိလျှင် အမှန်မုချပင် ပျက်စီးခြင်းသို့ ရောက်သွားရပေမည်။ ဤအခိုက်မှာပင် ပါမောက္ခဆရာဦးဖေမောင်တင် အင်္ဂလန်မှ ပြန်ရောက်၍လာခဲ့၏။ ပါမောက္ခ ဆရာတင်ကား မြန်မာစာပေ ကြီးပွားတိုးတက်သည်ကို မြင်လိုသောဆန္ဒ ကြီးမားသူတည်း။ တက္ကသိုလ်သို့ ရောက်လျှင် ရောက်ချင်းပင် မြန်မာစာတတ် ဆရာကြီးများကို ငှား၊ မိမိကိုယ်တိုင်ပင် မြုပ်နေသော စာကောင်းများကို ထုတ်ဖော်ပြီးလျှင် တက္ကသိုလ်ကျောင်းတိုက်တွင် သင်ကြားစေ၏။ မြန်မာစာပေ၏ အဆင့်အတန်းကိုလည်း မြှင့်၍ပေးပေ၏။

အမျိုးသားကျောင်းများမှ ချပေးလိုက်သော မျိုးစေ့ကလေးများမှာ ဦးဖေမောင်တင်၏ လက်သို့ ရောက်သောအခါ ထွားထွားကျိုင်းကျိုင်း သန်သန်မာမာ ဖြစ်၍ လာကြပေ၏။ အသီးအပွင့်တွေပင် သီးပွင့်နေကြလေပြီ။ အမျိုးသားကျောင်းများ၏ လုံ့လ၊ ဦးဖေမောင်တင်၏ လုံ့လကြောင့် ၁၄ နှစ်အတွင်း မြန်မာစာပေ အသီးအပွင့်တို့ကို ဆွတ်ယူ စားသုံးကြရပေပြီ။ သို့သော် ၎င်းအသီးအပွင့်တို့မှာ မြန်မာစာပေ အပင်ကြီးများ၏ အသီးအပွင့်များနှင့် မတူ။ အနောက်နိုင်ငံမှလာသော မြေဩဇာများဖြင့် စိုက်ပျိုးသော အပင်တို့မှ သီးပွင့်သော အသီးအပွင့်များ ဖြစ်သောကြောင့် တစ်မျိုးဖြစ်လျက် နေပေသည်။ အချို့က ကြိုက်ကြ၏။ အချို့က မကြိုက်ပေ။ အရသာ ပေါ့သည် ဟူ၍ ဆိုကြပေမည်။

အဆိုပါ မြန်မာစာပေ အသီးအပွင့်တို့ကား အခြားမဟုတ်။ မကြာမီက မြန်မာစာပေ ပြန့်ပွားရေးအသင်းမှ ထုတ်ဝေလိုက်သော ခေတ်စမ်းပုံပြင်များ ဖြစ်လေသည်။ ၎င်းစာပေပင်ကား အမျိုးသားကျောင်းများနှင့် ဦးဖေမောင်တင်၏ ကိုယ်ပိုင်

mgyoe.com

mgyoe.com


အပင်သာတည်း။ ၁၄ နှစ်အတွင်း သီးပွင့်အောင် ဆောင်ရွက်နိုင်ပေသော သပိတ်မှောက်ကိစ္စကြီးနှင့် ဆရာဇေမောင်တင်တို့အား ကျေးဇူးတင်၍ မဆုံးပြီ။

ခေတ်စမ်းတွင် ပုံပြင် ၂၈ ပုံ ပါလေသည်။ ရေးသူတို့ကား အားလုံးပင် ဝိဇ္ဇာစာမေးပွဲ အောင်သူချည်း ဖြစ်လေသည်။ ရှေးသပိတ်မှောက်ကိစ္စ မပေါ်မီက ဘီအေတစ်ယောက် မြန်မာစာအုပ် ရေးမည်ဆိုလျှင် အလွန်ထူးဆန်း၍ နေပေလိမ့်မည်။ ၁၂၈၀ ပြည့်နှစ်လောက်က ဦးဘသန်း ဘီအေသည် 'ဘီအေ မောင်ဘလွင်' ဝတ္ထုတစ်အုပ်ကို ထုတ်ဝေဖူး၏။ သို့သော် ၎င်း၏ မြန်မာစာပေ အခြေခံမှာ ကောလိပ်ကျောင်းကရသည် မဟုတ်ပေ။

ခေတ်စမ်းတွင်ပါသော ပုံပြင်များအကြောင်းကို အနည်းငယ် ရေးချင်သေး၏။ ဦးစိန်တင် ရေးသားသော ပုံပြင် ၁၁ ခုအနက် 'မောင်သံ' ဆိုသော ပုံပြင်ကို အကြိုက်ဆုံး ဖြစ်လေသည်။ ၎င်းရေးသားသော ပုံပြင်တိုင်းမှာပင် ဝန်ထောက်တစ်ယောက်၏ ကြုံတွေ့ခဲ့ရပုံများအကြောင်း ဖြစ်လေသည်။ အချို့မှာ ရယ်စရာ၊ အချို့မှာ စဉ်းစားဖွယ်ရာ၊ အချို့ကား သနားစရာတွေ ဖြစ်လေသည်။ စာရေးသူကိုယ်တိုင်ကပင် ဝန်ထောက် ဖြစ်သောကြောင့် ဆိုင်ရာဆိုင်ရာ အချက်များကို ပေါ်အောင် ရေးသားနိုင်ပေသည်။ မိမိ အဖြစ်အပျက်များကို ရေးသားဟန် တူလေသည်။ ၎င်းပုဂ္ဂိုလ်သည် ဝါကျတိုကလေးများကို သုံးလေ့ရှိ၏။ အချို့က ကြိုက်၏။ အချို့က မကြိုက်ကြပေ။ ကျွန်တော်၏ သဘောကား မောင်းသံ ကဲ့သို့သော ဆောင်းပါးမျိုး၌ ဝါကျတိုကလေးများကို သုံးသောကြောင့် ပို၍ စာဖတ်သူတို့၏ စိတ်ကို ထိခိုက်စေသော်လည်း စည်းစိမ်၊ ဗေဒါ စသော ဆောင်းပါးတို့အဖို့ကား များစွာ မသင့်လျော်ပေ။

ဦးဇမောင်၏ ပုံပြင် နှစ်ခုအနက် 'ချစ်သက်လယ်' ဆိုသော ပုံပြင်ကို သာ၍ သဘောကျ၏။ 'ကျုပ် မှားတာပေါ့' ဆိုသော ပုံပြင်တွင်ကား အဖွဲ့အနွဲ့ကို ပို၍ ဂရုထားလေသည်။ ဦးဇမောင်ကား အဖွဲ့အနွဲ့ ကောင်းသူတည်း။ ဝတ္ထုကြောင်းကား မဆန်းလှပေ။

ဦးသိန်းဟန်၏ ပုံပြင်များမှာ ဝတ္ထုကြောင်း ရိုးသော်လည်း အဓိပ္ပာယ်အလွန်နက်လေသည်။ ဦးသိန်းဟန်ကား လင်္ကာဆရာတည်း။ သို့ဖြစ်သောကြောင့် ၎င်းရေးသားသော ပုံပြင်များမှာ လင်္ကာတွေ ပါ၍ပါ၍ လာလေသည်။ ရေးသားပုံမှာလည်း ခန့်ညား၏။

မောင်ဝန်၏ ပုံပြင်ကား ၉ ခု ပါလေသည်။ ကျွန်တော် အကြိုက်ဆုံးစာမှာ 'ဘကြီးအောင် ညာတယ်' နှင့် 'လောကစံ' တို့တည်း။ 'ဥသြ' လည်း

mgyoe.com

mgyoe.com


အတော်ပင် ကောင်းသော ပုံပြင်ကလေး ဖြစ်လေသည်။ မောင်ဝန်မှာလည်း ဦးသိန်းဟန်ကဲ့သို့ လက်ာဆရာ ဖြစ်သောကြောင့် လင်္ကာသံများ ပါလေသည်။ ရေးသားပုံမှာ နုလည်း နု၊ ယဉ်လည်း ယဉ်၏။

မောင်တိုးအောင်ကား အသောသမား ဖြစ်လေသည်။ ၎င်းရေးသော ပုံပြင်လေးခုအနက် ဝဇီကိုင်မှာ အကောင်းဆုံး ဖြစ်လေသည်။ ပျင်းနေသောသူ၊ စိတ်ညစ်နေသော သူတို့အား ဝဇီကိုင်ကို အဖတ်ခိုင်းချင်၏။ ချက်ချင်း တသောသောနှင့် နေကြရပေလိမ့်မည်။

■

[မောင်လှမောင်၊ စစ်ကိုင်း]

mgyoe.com

mgyoe.com

# ခေတ်စမ်း ပုံပြင်များ *

ဝိဇ္ဇာ မဟာဝိဇ္ဇာများ ရေးသား၍ ပါမောက္ခ ဆရာဦးဖေမောင်တင် ထုတ်ဝေလိုက်သော ခေတ်စမ်းပုံပြင်စာအုပ် ထွက်ပေါ်သည်မှာ မကြာသေးပေ။ သို့ပင် မကြာသေးစေကာမူ ၎င်းစာအုပ်ကို ဝေဖန်ချက် ရေးသားရာမှ ငြင်းချက်များ ပေါ်ပေါက်၍ လာပေသည်။ အချို့က အမည်အရင်းများနှင့် ထုတ်ဝေသည်ကို မကြိုက်ဟု ရေးသားကြ၏။ အချို့က အမည်အရင်းများနှင့် ထုတ်ဝေမှသာ သင့်လျော်မည်ဟု ဆိုကြလေသည်။ အချို့က တစ်ဖန် ဝါကျတိုတိုကလေးများကို ကြိုက်သည်ဟု ဆိုကြ၏။ တချို့ကလည်း ဝါကျတိုတိုကလေးများကို ၃ ပန်း ၄ တန်းသား ကလေးများပင် ရေးသားနိုင်ကြ၏ဟု ဆိုပြန်လေသည်။

ကျွန်တော်ကား အမည်ရင်း အမည်ဝှက်တို့ဖြင့် ရေးသားခြင်းတို့၏ အကျိုးအပြစ်များကို မရေးသားလိုပါ။ ရာဂုနှင့် ထမနဲကို ငြင်းကြသည်နှင့် တူနေပေသည်။ ကျွန်တော် ရေးသားလိုခြင်းကား ဝါကျ အတိုကလေးများကို ရေးသားခြင်း၏ အကျိုးအပြစ်များ အကြောင်း ဖြစ်ပါသည်။ စင်စစ်ကား ဝါကျတိုတိုင်းလည်း မကောင်း။ ဝါကျတိုတိုင်းလည်း အပြစ်မဆိုသာ။ သူ့နေရာနှင့်သူ သုံးတတ်ခြင်းသာလျှင် ပဓာန ဖြစ်ပါသည်။

မေလ ၁၂ ရက်နေ့ထုတ် သူရိယ နေ့စဉ်သတင်းစာတွင် ပုဇွန်တောင် မောင်ထွန်းစိန် ဆိုသူက ဝါကျတိုကလေးများကို ၃ တန်း ၄ တန်းသား ကလေးများပင် ရေးသားနိုင်သောကြောင့် အသုံးမကျ။ ဝါကျတိုကလေးများကို အသုံးပြုကြလျှင် မြန်မာစာပေ ကမောက်ကမ ဖြစ်သွားမည်ဟု ရေးသားလိုက်သည်ကို ဖတ်လိုက်ရသောအခါ တော်တော်ပင် အံ့ဩမိပါသည်။ ၎င်းမောင်ထွန်းစိန်မှာ အမှုမဲ့

* ၂၆၊ ၆၊ ၃၄ နေ့စွဲ သူရိယ သတင်းစာတွင် ပါသည်။ 'မြန်မာစာ မြန်မာမှု' စာမျက်နှာ ၂၃၅ ကို ကြည့်ပါ။ ။ (စာတည်း)

mgyoe.com

mgyoe.com


အမှတ်မဲ့ ရေးသားလိုက်မိဟန် တူပေသည်။ ဝါကျတိုကလေးများလည်း သူ့နေရာနှင့်သူ နေရာအလိုက် အသုံးပြုက အကျိုးများကြောင်းကို သတိမထားမိပေ။

စာအရေးအသား အစီအကုံး ဆိုသည်မှာ နေရာဌာနအလိုက် သုံးစွဲ ရေးသားရခြင်း ဖြစ်ပေသည်။ မင်္ဂလာဆောင်တွင် ဖတ်ရမည့် ဩဘာစာကို ဝါကျတိုတိုတောင်းတောင်းကလေးများနှင့် ရေးသားမည်ဆိုလျှင် လူရယ်စရာ ဖြစ်နေပေလိမ့်မည်။ ထို့ပြင် တစ်ယောက်နှင့်တစ်ယောက် အခြင်း ဖြစ်ပွားကြသောအကြောင်း၊ မီးလောင်၍ ပြေးလွှားရသော အကြောင်းများကို ရေးသားသောအခါ မင်္ဂလာဆောင် ဩဘာစာကဲ့သို့ ရေးသားနေမည်ဆိုလျှင် လူရယ်စရာပင် ဖြစ်သွားမည်ကိုလည်း သတိထားသင့်လှပေသည်။

ဝါကျတိုတိုကလေးများကို ၃ တန်း ၄ တန်းသား ကလေးများ ရေးသားနိုင်သည်ကား မှန်လှပေ၏။ သို့ရာတွင် ထိုဝါကျတိုကလေးများကို နေရာတကျသင့်တော်အောင် သုံးသွားရန်ကား မောင်ထွန်းစိန် ထင်သလောက် လွယ်ကူမည်မဟုတ်ပေ။ မောင်ထွန်းစိန်က ဝါကျတိုကလေးများကို ရေးလျှင် မြန်မာစာပေကမောက်ကမ ဖြစ်သွားမည်ဟု ဆိုပြန်၏။ အသို့ဆိုပါသနည်း။ မှန်နန်းရာဇဝင်၊ ဦးကုလား ရာဇဝင်၊ လွှတ်တော် အမှတ်အသားများကို မဖတ်မိပါသလော။ ၎င်းရာဇဝင် အမှတ်အသားတို့တွင် နေရာအလျောက် ဝါကျတိုကလေးများကို အသုံးပြုထားသော နေရာများကို ဖတ်ရပါလိမ့်မည်။ တစ်ခါလောက် ဖတ်ကြည့်စမ်းပါဘိ။ ၎င်းရာဇဝင်ဆရာကြီးများသည် ဝါကျတိုကလေးများကို ရေးသားသောကြောင့် မြန်မာစာပေကို ကမောက်ကမဖြစ်အောင် လုပ်ကြသည် ဟူ၍ မစွပ်စွဲနိုင်ပေ။ ၎င်းဆရာကြီးများသည် ၃ တန်းသား ၄ တန်းသား ကလေးများလောက်သာ တတ်ကြသည် ဟူ၍လည်း ဆိုနိုင်မည် မဟုတ်။

ဝါကျအရှည်ကြီးများကို ရေးတိုင်းလည်း အကောင်းချည်းဟု ဆုံးဖြတ်ရန်ခဲယဉ်းလှပေသည်။ ၃ တန်း ၄ တန်းသား ကလေးများလည်း အဆုံးအစမရှိ အမိပ္ပာယ်ကင်းမဲ့သော ဝါကျအရှည်ကြီးများကို ရေးသားလေ့ ရှိလေသည်။ ၎င်းတို့အား စာကောင်းရေးသူများ ဟူ၍ ချီးမွမ်းနိုင်မည်လော။ ဝါကျအရှည်ကြီးများကို ရေးသား၍ စာမျောသွားသည်များကို မောင်ထွန်းစိန် မမြင်ဖူး မဖတ်ဖူးပါလော။ အချို့သည် စာမျက်နှာ တစ်မျက်နှာတွင် ဝါကျတစ်ဝါကျတည်းနှင့် ရေးသားထားသောကြောင့် နောက်က ဖတ်လာသော အကြောင်းအရာ အဆက်ပြတ်သွားလေ့ရှိသည်များကိုလည်း မောင်ထွန်းစိန် မကြုံဖူးသလော။

ယခုခေတ်တွင် ပညာဝန် ဦးဖိုးကျားနှင့် သိပ္ပံမောင်ဝတို့သည် ဝါကျတို

mgyoe.com

ကလေးများကို သုံးလေ့ရှိသည်ကား မှန်ပါ၏။ ထိုဝါကျကလေးများကို ရေးသား သော ဦးဖိုးကျားအား မြန်မာစာပေကို ဖျက်သူဟု ဆိုနိုင်မည်လော။ ၃ တန်း ၄ တန်းသား ကလေးများလောက်မှ ဦးဖိုးကျား စာအရေးအသား မတတ်ဟု ဆိုလိုပါသလော။ တိုးတက်ရေးမဂ္ဂဇင်း နံပါတ် ၇၊ စာမျက်နှာ ၂၆ ထိပ်နားတွင် ဤသို့ ရေးသားထား၏။ 'သဘောချင်းလည်း တူ၏။ မြန်မာစာပေကို အထူး သဖြင့် အတူတူ လိုက်စားကြ၏။ သတင်းစာဖတ် ဝါသနာရှိ၏။ မကြာမီပင် ဆောင်းပါးများ ဝင်ရေးကြ၏။ ပြင်ပပြင်လွင် အစည်းအဝေးတို့သို့ ရောက်သည်က များ၏။ တစ်ခါတစ်ခါလည်း ဝင်ရောက် စွက်ခဲ့ကြ၏။ ကျောင်းတွင် အသင်း အမျိုးမျိုး ထောင်ရာ၌ ကျွန်ုပ်တို့ လက်ချက် မကင်းချေ။'

အထက်ပါ ရေးသားချက်တွင် ဝါကျတိုကလေးများ ပြည့်လျက်နေ၏။ သို့သော် ၎င်းစာကို ကမောက်ကမစာဟု ဆိုနိုင်မည်လော။ ဆိုနိုင် မထင်။ သူ့နေရာ နှင့် သူ့နေရာ ပေါ်လွင်အောင် ရေးသားထားပေသည်။ အကယ်၍ မင်္ဂလာဆောင် ဩဘာစာကို ရေးမည်ဆိုလျှင် ဦးဘိုးကျား ဤသို့ ရေးမည် မဟုတ်။

သိပ္ပံမောင်ဝ (ဝါ) မောင်စိန်တင် ရေးသော စာများမှလည်း သာဓက ထုတ်ဆောင်ပြပါဦးမည်။ ခေတ်စမ်း စာမျက်နှာ ၅၂ 'မောင်းသံ' ဆိုသော ဆောင်းပါး တွင် ဤသို့ ရေးသားထားပေသည်။

'လက်ဦးတစ်ချက် ကြား၏။ နားစွင့်ကာ ထောင်လေသည်။ ၂ ချက် ကြား၏။ ထ၍ ထိုင်လေသည်။ ၃ ချက် ကြား၏။ ဦးဘမော်ကို ခေါ်လေသည်။ ၄ ချက် ကြား၏။ ဦးဘမော်က ထူးလေသည်။ ၅ ချက် ကြား၏။ အိပ်ရာမှ ထလေသည်။ ၆ ချက် ကြား၏။ တစ်အိမ်လုံး နိုးလေပြီ။ နောက် မောင်းအချက် ပေါင်း များစွာပင်။ အရေးမလုပ်နိုင်။ သေနတ်ထုတ်သူ ထုတ်။ ဘောင်းဘီဝတ်သူ ဝတ်။ ယမ်းတောင့် ရှာသူ ရှာ။ မီးထွန်းသူ ထွန်း။ ဖိနပ်စီးသူ စီး။ အိမ်နှင့် တိုက်မိသူ တိုက်မိ။ လက်နှိပ်ဓာတ်မီး ထုတ်သူ ထုတ်။'

ဤဖော်ပြပါ ရေးသားချက်တွင် ဝါကျတိုလေးချည်းပင်။ သို့သော် ရေးသား နေသော အကြောင်းမှာ ဓားပြတိုက်သောအခါ မောင်းထုသောကြောင့် အလုပ်ရှုပ်ပွေ နေကြပုံအကြောင်း ဖြစ်လေသည်။ ၎င်းတို့ ဖြစ်ပျက်ပုံကို မျက်စိထဲတွင် ပေါ်၍ မလာပါလော။ ဤလိုအခါမျိုးတွင် မင်္ဂလာဆောင် ဩဘာစာ ရေးသကဲ့သို့ အသိုင်း အဝိုင်း အဖွဲ့အနွဲ့တွေနှင့် ရေးမည်ဆိုက ရယ်စရာပင် ဖြစ်သွားပေလိမ့်မည်။

ပုစွန်တောင် မောင်ထွန်းစိန်သည် မဟာဝိဇ္ဇာဘွဲ့ခံ ဆရာဦးဖေဝင်း ရေးသား အပ်သော မြန်မာစာစိကုံး အခြေပြုကျမ်းကို ဖတ်ဖူးဟန် မတူပေ။ အကယ်၍

mgyoe.com

mgyoe.com


မဖတ်ဖူးပါက ၎င်းစာအုပ်ကို ဝယ်ပြီးလျှင် စာမျက်နှာ ၇၅ မှ အစပြု၍ ဖတ်ပါ။ ဤစာကို ဖတ်ပြီးလျှင် နောင် စာရေးက အနည်းငယ် သတိထား၍ ရေးပေလိမ့်မည်။

■

[မောင်မောင်၊ ဖျာပုံ]

mgyoe.com

mgyoe.com

# ကပြား စာပေ

ယခုခေတ်တွင် ပညာဝန် ဦးဖိုးကျားနှင့် သိပ္ပံမောင်ဝ အမည်ခံ ပုဂ္ဂိုလ်တို့သည် မြန်မာစာပေ ရေးသားရာ၌ ဝါကျ တိုတိုတောင်းတောင်းကလေးများကို အသုံးပြု၍ ကာ မိမိတို့ ဆိုလိုရင်းအချက်သို့ ရောက်အောင် ရေးသားနေလေ့ ရှိကြသည်ကို တွေ့မြင် ဖတ်ရှုရပေသည်။ ၎င်းတို့ ရေးသားချက်များကို ကြိုက်သူလည်းရှိ၊ မကြိုက်သူတို့လည်း အများပင် ရှိကြလေသည်။ မည်သည့်နေရာ မည်သည့် အရာမှာမဆို လူတစ်ကိုယ်လျှင် အကြိုက်တစ်မျိုးစီ ရှိသောကြောင့် ဦးဖိုးကျား၊ မောင်ဝတို့၏ စာပေ အရေးအသားနှင့် ပတ်သက်၍ အကြိုက်အမျိုးမျိုး ကွဲပြားနေသည်မှာ အံ့သြစရာ မဟုတ်ပေ။

သို့ရာတွင် ၎င်းပုဂ္ဂိုလ်များ ရေးသားသော စာတို့မှာ ကလေးကလား နိုင်သည်၊ အင်္ဂလိပ်စာပေကို နှယ်သောကြောင့် ကပြား စာပေ ဖြစ်သည်၊ ၎င်းတို့သည် မြန်မာစာပေကို ကမောက်ကမ ဖြစ်အောင် လုပ်ကြသည် ဟူ၍ စွပ်စွဲနေကြခြင်းကား အလျှဉ်း သင့်လျော်မည် မထင်။ ဤသို့ စွပ်စွဲကဲ့ရဲ့ကြသော သူတို့မှာ မြန်မာစာပေတွင် အကျွမ်းမဝင် အဝါးမဝသေးသောကြောင့် ဖြစ်ဟန်တူပေသည်။ သို့ရာတွင် မိမိတို့ အဝါးမဝသည်မှာ ရှိစေဦး။ ၎င်းတို့၏ စာများကို ဖတ်သောသူတို့ ထင်ယောင်ထင်မှား ဖြစ်သွားကြမည်ကို စိုးရိမ်ရန် အကြောင်း ဖြစ်သောကြောင့် ဤဆောင်းပါးကို ရေးသားရပေသည်။

မကြာမီက ထုတ်ဝေလိုက်သော တက္ကသိုလ်ကျောင်းတိုက် မဂ္ဂဇင်းနှင့် ၎င်းကျောင်းတိုက် သမဂ္ဂ မဂ္ဂဇင်းတို့ကို တက္ကသိုလ်ကျောင်းသား တပည့် မောင်သောင်းတင်ထံမှ ရ၍ ဖတ်လိုက်ရပေသည်။ တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်း စာတည်းက ဝါကျတိုတိုများ ရေးသားသူတို့မှာ မြန်မာစာပေကို ဖျက်သူတွေ၊ အင်္ဂလိပ် စာပေ နောက် လိုက်သူတွေ ဟူ၍ ခေါင်းကြီးပိုင်းတွင် ရေးသားထားပေ၏။ စာတည်း

mgyoe.com

mgyoe.com


လုပ်သူ ကိုယ်တိုင်က ဤသို့ ရေးသားထားသည်ကို ဖတ်လိုက်ရသောအခါ များစွာ အံ့သြ၍ သွားမိပေသည်။ ထို့နောက် သမဂ္ဂမဂ္ဂဇင်းကို ဖတ်လိုက်ပြန်သောအခါ 'ငမိ' အမည်ခံသူ စာရေးဆရာတစ်ယောက်က ဝါကျတိုတိုနှင့် ဝါကျအဆုံးတွင် '၏' ကို များများသုံးထားခြင်းသည် 'ကပြား စာပေ' အရေးအသားမျိုး ဟူ၍ ရေးသားထားသည်ကို ဖတ်လိုက်ရပြန်၏။ ၎င်းစာရေးသူမှာ စာတည်း မဟုတ်သောကြောင့် အမှားရေးမိသည်ကို ခွင့်လွှတ်ရန် သင့်ပေသေးသည်။ ထိုနောက် တစ်ဖန် မေလ ၁၂ ရက်နေ့ထုတ် သူရိယ သတင်းစာတွင် မောင်ထွန်းစိန် ဆိုသူက ဝါကျတိုတိုကလေးများကို ၃ တန်း ၄ တန်းသား ကလေးများပင် ရေးသားနိုင်သည်။ ဝါကျတိုတိုရေးကြလျှင် မြန်မာစာပေ အရေးအသားမှာ ကမောက်ကမ ဖြစ်၍ သွားမည်ဟု ရေးသားလိုက်သည်ကို တွေ့မြင်ရပြန်ပေသည်။ ဝမ်းနည်းဖွယ် ကောင်းလှ၏။

ဤဆောင်းပါးရေးသူကား သိပ္ပံမောင်ဝ၊ ဦးဖိုးကျားတို့ ရေးသားသော စာတိုင်း ကောင်းသည် ဟူ၍ မဆိုလို။ အချို့နေရာများတွင် အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေသော အခါများလည်း ရှိပေသည်။ သို့သော် ဝါကျတိုတိုများကို အရမ်းမဲ့ ပုတ်ခတ် ရေးသားခြင်းကိုကား လျစ်လျူရှု၍ မနေနိုင်တော့ပေ။ ဝါကျတိုလျှင် မကောင်း ဟူ၍လည်း စားထစ်ချ မမှတ်ထားကြပါကုန်လင့်။ ဝါကျရှည်ရှည်များဖြင့် ရေးသားထားသော စာတိုင်း အကောင်းချည်း ဖြစ်သည် ဟူ၍လည်း စားထစ်ချ မမှတ်ထားရာ။ သူ့နေရာနှင့်သူ ကောင်းသည်ချည်းပင်။

စာအရေးအသား ဆိုသည်မှာ ရေးသားသူ၏ ဆိုလိုရင်းအချက်ကို စာဖတ်သူတို့ နားလည်စေရန် ဖြစ်လေသည်။ ထို့ထက် တစ်ဆင့်တက်ကာ စာဖတ်သူတို့ ဖတ်ချင်လာအောင်၊ နားထောင်ချင်လာအောင်လည်း ရေးသားလေ့လည်း ရှိလေသည်။ ဤသို့ စာဖတ်သူများ နားလည်ရန်နှင့် စာဖတ်သူတို့ နှစ်သက်စွဲလမ်း လာရန် ရေးသားခြင်း၌ ဝါကျတိုသည်၊ ဝါကျရှည်သည်တို့မှာ အရေးကြီးသော အရာ မဟုတ်။ အချို့ စာရေးကျော်တို့သည် ဝါကျတိုတိုကလေးများဖြင့် စာဖတ်သူတို့ နားလည်လာအောင် မိမိတို့ ဆိုလိုရင်းကို ဖွင့်ဟကြလေသည်။ အချို့ကမူကား ဝါကျရှည်ကြီးများကို အသုံးပြုကြလေသည်။ အချို့ကလည်း ဝါကျရှည် ဝါကျတို များကို ရောနှော ရေးသားလေ့ ရှိကြလေသည်။ ဝါကျတိုသည်၊ ဝါကျရှည်သည်က ပဓာန မဟုတ်ပေ။ စာရေးသူ၏ စိတ်ကူးဆန်းကြယ်ခြင်း၊ စာအရေးအသား တို့၏ အစီအစဉ် ဆန်းကြယ်ခြင်းတို့ကသာလျှင် ပဓာန ဖြစ်လေသည်။

ထိုမှတစ်ပါး အကြောင်းတစ်စုံတစ်ရာကို အသိုင်းအဝိုင်းများဖြင့် စာဖတ်

mgyoe.com

mgyoe.com


သူကို့ ဖွဲ့လမ်းလောက်အောင် ရေးသားခြင်းမှာလည်း ကောင်းသော အရေးအသား မျိုး ဖြစ်ပေသည်။ ထိုသို့ အသိုင်းအဝိုင်းများဖြင့် ဖွဲ့ဆိုရန်မှာလည်း ဝါကျရှည်များဖြင့် ရေးသားမှ ဖြစ်သည်မဟုတ်။ ဝါကျတိုများဖြင့် ရေးသားလျှင်လည်း ဖြစ်နိုင်ပေသည်။ ဝေဿန္တရာ ဇာတ်တော်ကြီး၌ ဇူဇကာပုဏ္ဏားအား စေတမုဆိုး လမ်းညွှန်ခန်းတွင် ဆရာတော် ဦးဩဘာသသည်

ကျောင်းအနီး၌ အချို့သော သရက်ပင်တို့သည်
ပွင့်ကုန်၏။ အချို့ ကင်းကုန်၏။ အချို့ စိမ်းရွှမ်းကုန်၏။
အချို့ မှည့်ကုန်၏။

ဟူ၍ ဝါကျတိုကလေးများဖြင့် စပ်ဆို ရေးသားထားပေသည်။ ဝါကျတိုကလေး များဖြင့် ရေးသား ဖွဲ့ဆိုထားသောကြောင့် ဆရာတော်အား စာအရေးအသား မတတ် ဟူ၍ မဆိုသာ။ မြန်မာစာပေကို ကမောက်ကမ ဖြစ်အောင် ရေးသားသည် ဟူ၍လည်း မဆိုနိုင်။ သူ့နေရာနှင့်သူ သာယာနာပျော်ဖွယ် ရှိလှပေ၏။ အဆိုပါ ဖော်ပြထားသော အပိုဒ်ကို ဖတ်လိုက်ရသောအခါ မျက်စိထဲတွင် တောဝောင်၏ သာယာပုံ ကွက်ကွက်ကွင်းကွင်း ပေါ်၍လာ၏။ 'ပွင့်ရာမှ ကင်း၊ ကင်းရာမှ စိမ်း၊ စိမ်းရာမှာ ရွှမ်း၊ ရွှမ်းရာမှ မှည့်' သည်တိုင်အောင် တိုတိုနှင့် ခရီးရောက်အောင် ရေးသားနိုင်ခြင်းအတွက် ချီးမွမ်းထိုက်သောစာ ဟူ၍ပင် ဆိုရပေသည်။

ထိုမှတစ်ပါးလည်း စာရေးအမော် ပုဂ္ဂိုလ်ကျော်ကြီးများသည် နေရာဌာန အလိုက် ဝါကျတိုတိုများနှင့် ရေးသင့်သည့်နေရာတွင် ရေး၊ ဝါကျရှည်ရှည်များနှင့် ရေးသင့်သည့်နေရာတွင် ရေး၊ ဝါကျတို ဝါကျရှည်များကို ရောနှောကာ ရေးသည့် နေရာတွင် ရေးသားလေ့လည်း ရှိကြလေသည်။ ဝတ္ထုကြောင်း ရိုးရိုးများကို ရေးသားရာတွင် တိုတိုနှင့် ခရီးရောက်လေအောင် ဝါကျတိုများကို များစွာ အသုံး ပြုလေ့ ရှိကြလေသည်။ မေတ္တာစာ စသော အဖွဲ့များ၌ကား ဆွဲငင်ကာ ဝါကျရှည် များကို အသုံးပြုလေ့ ရှိကြ၏။ မေတ္တာစာတို့မှာ စကားပြေသက်သက် မဟုတ်။ လင်္ကာနွယ်လျက် နေသည်များကိုလည်း သိအပ်လှပေသည်။ ဩဘာစာများမှာ လည်း ဤနည်းအတိုင်းပင် ဖြစ်လေသည်။ စကားပြေသက်သက် ရေးသားကြရာ တွင် ရေးပညာရှိကြီးတို့သည် ဝါကျတိုတိုနှင့် လိုရင်းသို့ဆွဲကာ ရေးသားလေ့ရှိကြ သည့် သာဓကများကို ထုတ်ဆောင်၍ ပြရမည်ဆိုလျှင် ကုန်နိုင်ဖွယ်ရာပင် မရှိတော့ပြီ။ သို့ပါလျက် ဝါကျတိုတိုများနှင့် ရေးသားသော စာတိုင်းကို ကဲ့ရဲ့နေကြသည်မှာ အံ့ဩဖွယ် ကောင်းပေစွ။

အဆိုပါ ဝါကျတိုများကို မကြိုက်သူတို့သည် ဦးကုလား ရေးသားသော

mgyoe.com

mgyoe.com


မြန်မာရာဇဝင်၊ မဏိရတနာပုံကျမ်း၊ ငါးရာငါးဆယ် ဝတ္ထု၊ မဏိကုဏ္ဍလ ဝတ္ထု၊ မှန်နန်းရာဇဝင် အစရှိသော စာတို့ကို ဖတ်ကြပါကုန်။

ဦးကုလား ရာဇဝင်၌

ထိုအခါ ကမ္ဘာဦးသူတို့သည် ရသ ပထဝီကို စားကုန်၏။ အချို့ အဆင်းလှကုန်၏။ အချို့ အဆင်း မလှကုန်။ ထိုသူတို့တွင် အဆင်းလှသူတို့သည် အဆင်း မလှသူတို့ကို မထီမဲ့မြင် ပြုကြကုန်၏။ ထိုသို့ ပြုကုန်သည်ရှိသော် ရသပထဝီမြေ အရသာတို့သည် ကွယ်ခဲ့၏။ ထိုသို့ ကွယ်သည်ရှိသော် မြေလွှာကို စားကြကုန်၏။

အစရှိသော စာကို ဖတ်ရပေလိမ့်မည်။ ဤစာတွင် ဝါကျရှည်ကြီးများ အလျှဉ်း မပါ။ ဤသို့ ဝါကျရှည်များ မပါသောကြောင့် ဦးကုလားအား စာမတတ် ဟူ၍ မဆိုသာ။

မဏိရတနာပုံကျမ်း မင်းနှင့် ပုဏ္ဏား မိုးခါးရေသောက် ဝတ္ထုတွင်

ပြည်တစ်ပြည်တွင် မင်းနှင့် ပုဏ္ဏား အကျွမ်းဝင်ကြ၏။ အခါတစ်ပါးသော် မင်းကြီးကို ပုဏ္ဏား ဆို၏။ 'အရှင်မင်းကြီး ရှေး ၇ ရက်၌ ၇ ရက်ပတ်လုံး မိုးကြီးစွာ ရွာလတ္တံ့သတည်း။ ထိုမိုးကို ပြည်သူ ပြည်သားတို့ သောက်ကြကုန်သော် ပြည်လုံး ရူးအံ့သတည်း' ဟု ဆို၏။

ဟု ရေးသားထားပေသည်။ ဝါကျရှည်ကြီးများ မပါ၊ မဏိရတနာပုံ ဆရာအား ကပြားစာကို ရေးသော ပုဂ္ဂိုလ်ဟု ဆိုအံ့လော။

အခြားသော သာဓက ထုတ်ဆောင်ရန် ရှေးမြန်မာ စာရေးပုဂ္ဂိုလ်ကြီးတို့၏ စာအများပင် ရှိပေသေးသည်။ ဆောင်းပါးရှည်အံ့စိုး၍ မရေးသားပြီ။ ဝါကျတို မကြိုက် ဟူ၍ ရေးသားကြသော သူတို့သည် ၎င်းစာများကို မဖတ်ဖူး၍သော်လည်း ဆိုတန်ရာ၏။ သို့မဟုတ် သိပ္ပံမောင်ဝရေးသော စာများကို ကဲ့ရဲ့ ရှုတ်ချချင်သောကြောင့်လည်း ဆိုတန်ရာ၏။ သိပ္ပံမောင်ဝအား ကဲ့ရဲ့လိုသောကြောင့် ဝါကျတိုများ ရေးသားခြင်းကို သိမ်းရုံး၍ ဆိုလိုက်ခြင်းကား ရှေးပညာရှိကြီးများကို မတရား ထိခိုက်၍ သွားသည်ကို သတိထားမိကြဟန် မတူပေ။

ဤစာရေးသူမှာ ခေတ်စမ်း ပုံပြင်များကို မဖတ်ရသေး။ သို့ရာတွင် မောင်ဝ ရေးသားသော ဆောင်းပါး အချို့ကို ဂန္ထလောကနှင့် တက္ကသိုလ် မဂ္ဂဇင်းများတွင်

mgyoe.com

mgyoe.com


မကြာမကြာ ဖတ်ရလေသည်။ မောင်ဝ ရေးသော စာတိုင်း၌ ဝါကျတိုမျှားကို သုံးစွဲထားသည် ဟူ၍လည်း မဆိုသာပေ။ အချို့နေရာများ၌ ဝါကျရှည်များကိုပါ သုံးစွဲထားသည်ကိုလည်း မြင်ရပေသည်။ ဝါကျတို ရေးသားသောသူမှာ အင်္ဂလိပ်စာပေကို တုသည် ဟူ၍ ဆိုလျှင် ယခင် ဖော်ပြခဲ့ပြီးသော မြန်မာပညာရှိကြီးများအား အင်္ဂလိပ်စာကို တုသည် ဟူ၍ ဆိုနိုင်အံ့လော။

နောင်သတိထား၍ ရေးသားကြရန် မေတ္တာရပ်ခံပါသည်။

■

[ဦးကုသလ၊ စစ်ကိုင်းတောင်ရိုး။]

mgyoe.com

mgyoe.com

## ခေတ်စမ်း စာပေ

မြန်မာပြည်တွင် လူငယ်များနှင့် လူကြီးတို့သည် တစ်ဦးအပေါ်တွင် တစ်ဦး အထင်သေးနေကြသည်မှာ ဝမ်းနည်းဖွယ် ကောင်းလှပေသည်။ လူကြီးများက လူငယ်တို့အား "ဒီလူငယ်ကလေးတွေဟာ မနေ့တစ်နေ့က မွေးကြတာပဲ၊ ဘာ နားလည်ကြလို့လဲ" စသည်ဖြင့်ဆိုကာ ပုတ်ခတ်ကြကုန်၏။ လူငယ်များကလည်း လူကြီးတို့အား "ဒီလူကြီးတွေဟာ ခေတ်အကြောင်း နားမလည်ပါဘူး၊ သေခါနီးကြီးတွေပဲ" ဟု ဆိုကာ အပြစ်တင်လေ့ ရှိကြလေသည်။ ဤအယူများကား မှားသော အယူများ ဖြစ်လေသည်။ စင်စစ်အားဖြင့် လူကြီးဖြစ်စေ လူငယ်ဖြစ်စေ မှန်သည့် အကြောင်း၊ မှန်သည့်အလုပ်၊ အကျိုးရှိသည့် အကြောင်း၊ အကျိုးရှိသည့် အလုပ်တို့ကို ပြောဆို ပြုလုပ်လျှင် လိုက်နာရပေမည်။ လူကြီး လူငယ် ဟူ၍ ခွဲခြားနေရန် မလို။ လူကြီးတိုင်းလည်း ပညာမရှိ။ လူငယ်တိုင်းလည်း ပညာမမဲ့ကြောင်းကို မြဲမြဲကြီး မှတ်ထားရန် သင့်၏။ ထိုမှတစ်ပါးလည်း ရှေးအခါက ရေးသားပြုလုပ်သမျှတို့မှာ အကောင်းချည်း ဖြစ်သည်။ ယခု ရေးသားပြုလုပ်သမျှသည် အဆိုးချည်း ဖြစ်သည် ဟူ၍လည်း ထင်မှတ်ပြောဆို ရေးသားကြသေး၏။ ဤသည်လည်း မဟာအမှားကြီးတစ်ရပ် ဖြစ်လေသည်။ မည်သည့်အရာကိုမဆို မည်သူ့ကိုမဆို အဟုတ် အမှန်အတိုင်း ဝေဖန်ပိုင်းခြား ဆုံးဖြတ်ရန် အချိန်တန်ပြီ။

၁၉၃၇ ခု ဝါခေါင်လဆုတ် ၁၁ ရက်နေ့က မြန်မာနေ့စဉ်* တွင် မောင်ဏကြီး ဆိုသူက ခေတ်စမ်း စာပေအကြောင်းနှင့် ပတ်သက်၍ ဆွေးပေးလိုက်လေသည်။ နောက်တစ်နေ့တွင် ရသေ့ ဦးစိန္တာ ဆိုသူက မိမိ ထင်မြင်ချက်များကို လျှောက်၍ ရေး၏။ ခေတ်စမ်းစာပေ၊ ခေတ်စမ်းကဗျာတို့ကို ပုတ်ခတ်လေတော့သတည်း။ ခေတ်စမ်း စာပေ၊ ခေတ်စမ်း ကဗျာ၊ ခေတ်စမ်းဆရာတို့ကို ပုတ်ခတ်လိုက ပုတ်ခတ်

* ဦးထွန်းဖေ ထုတ်ဝေသော သတင်းစာ။ (စာတည်း)

mgyoe.com

mgyoe.com


နိုင်ပါ၏။ သို့သော် အကြောင်းပြ၍ ပုတ်ခတ်သင့်ပေသည်။ ဤသို့ကား မဟုတ်ပေ။ ခေတ်စမ်း စာပေ၊ ခေတ်စမ်း ကဗျာများကို ရေးသားသူတို့အား "အလကား လူတွေပဲ" ဟု အသားလွတ် ကြဲလိုက်သည်ကို မြင်ရသောအခါ ရသေ့ ဦးစိန္တာအား များစွာ သနားမိတော့၏။ အကြောင်းကား သူတကာကို ပုတ်ခတ်နေသော်လည်း မိမိကိုယ်မိမိ ပုတ်ခတ်နေသည်နှင့် တူသောကြောင့်တည်း။

ခေတ်စမ်းပုံပြင်၊ ခေတ်စမ်းကဗျာ ဟူသော အမည်အားဖြင့် စာအုပ်နှစ်အုပ် ပေါ်လာသည်မှာ မကြာသေးပေ။ ၎င်းခေတ်စမ်း စာအုပ်များတွင် မည်သည့် ကဗျာ၊ မည်သည့် ပုံပြင်သည် မည်သည့်အတွက် မကောင်းကြောင်း၊ မည်သို့ ရေးသား ဖွဲ့ဆိုမှ စာကောင်း ဖြစ်နိုင်ကြောင်းကို စသည်ဖြင့် အကျိုးအကြောင်းပြ၍ ရေးသား သင့်ပါလျက် ဤသို့ မရေးပါဘဲ "ငါ ထမင်းအရင်စားတယ်၊ ငါပြောသမျှ စကားကို ယုံကြရမယ်" ဆိုသော သူကဲ့သို့ ထင်မိထင်ရာလျှောက်၍ ရေးသားသည်မှာ အလွန် မှားသော ရေးသားချက် ဖြစ်လေသည်။ ယခုခေတ်သည် တွေးတော မြော်မြင် တတ်သောခေတ် ဖြစ်ကြောင်း၊ အရမ်းကာရော "ငါပြောတာကို ယုံရမယ်" ဟု ဆို၍ရသောခေတ် မဟုတ်ကြောင်း၊ "ငါ ထမင်းအရင်စားတယ်၊ ငါပြောတာ မှန်ရမယ်" ဟု ပြော၍ရသော ခေတ်လည်း မဟုတ်ကြောင်းကို ရသေ့ဦးစိန္တာ သတိ ချပ်စေလိုသည်။

ခေတ်စမ်းစာအုပ်များအတွင်းမှာပင် ဝါဒနှစ်မျိုး ရှိကြောင်းကို ဦးစိန္တာ သိဟန်မတူ။ ဝါဒတစ်ခုမှာ ဆိုလိုရင်း အကြောင်းကို တိုက်ရိုက်မဆိုလိုက်ဘဲ အသိုင်းအဝိုင်းများစွာနှင့် ဖွဲ့နွဲ့ကာ ဆိုသောဝါဒ ဖြစ်၍ အခြားတစ်ခုကား ဆိုလိုရင်း အကြောင်းကို တိုက်ရိုက်ဆိုသော ဝါဒ ဖြစ်လေသည်။ ဤသို့ ဝါဒနှစ်မျိုး ပေါ်သည်မှာ ယခုသာမဟုတ်။ ရှေး အထက်ထက်ကလည်း ပေါ်ခဲ့သည်ပင် ဖြစ်၏။ 'ရွှေလမှာ ယုန်ဝပ်လို့' အစချီသော ကဗျာ၊ 'သူတည်းတစ်ယောက် ကောင်းဖို့ရောက်မူ' အစချီ သော ကဗျာ၊ 'စိန်ခြူးကြာညောင်' အစချီသော ဘောလယ်တို့မှာ တန်ဆာဆင်ခြင်း မရှိ၊ ရိုးရိုးကလေးနှင့် ဆိုလိုရင်းကို ဖော်ပြသွားကြပေသည်။ ကိုးခန်းပျို့၊ ပါရမီခန်း ပျို့၊ ရတနာနဒီမော်ကွန်း၊ ရာမရကန်၊ ရှင်ဥတ္တမကျော် တောလားတို့တွင်ကား ဆိုလိုရင်း အကြောင်းအရာတို့ကို များစွာ တန်ဆာဆင်ထားသည်ကို တွေ့မြင်ရလေ သည်။

ဤကဲ့သို့ ရှေး အထက်ထက်ကပင် ဝါဒ နှစ်မျိုးနှစ်စား ကွဲပြား၍ လာကြ လေသည်။ သို့သော် မည်သည့် ဝါဒအတိုင်းပင် ရေးစပ် ဖွဲ့ဆိုထားစေကာမူ၊ မည်သို့ ပင် ရေးသားစပ်ဆိုစေကာမူ၊ မည်သည့်အကြောင်းကိုပင် ရေးသား ဖွဲ့ဆိုစေကာမူ

mgyoe.com